




www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ဂငယ်ကွေ့/ဝိဇ္ဇာ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၈၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"သွားတော့. . မြစမ်းကြည်ရေ သွားတော့. . သွားတော့၊ ငါပြုသမျှ ကုသိုလ်တွေကို သာဓုခေါ်ပြီး ဘဝသစ်ကို ပျော်ပျော်ရွှင်ရွှင် သွားပါတော့၊ အဲ. . မင်းက စကားမပြောတတ်တော့ သာဓုမခေါ်နိုင်ရင်လည်း စိတ်ထဲကနေပဲ သာဓုခေါ်လိုက်ပေါ့ကွာ"

မျက်ရည်မပါသော ငိုသံနှော အသံကြီးဖြင့် ဘုန်းကြီးတွေရှေ့ ရေစက်ချ အလှူအတန်းပြုနေသော အဖေ့ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်လံထူမှာ ဆက်ပြီးပဲ ငိုရတော့မလို အဖေ ဘာတွေပြောနေတာလဲဟုပဲ လှမ်းဟန့်ရတော့မလိုနှင့် ဆရာတော်တွေနှင့် တရားနာနည်းပရိသတ်တွေကြားမှာ ဇဝေဇဝါ အားတုံ့အားနာ ဖြစ်နေရသည်။

"ငါတို့ အိမ်ထောင်တစ်သက်မှာ မင်းဟာ ငါ့ကို စကားတစ်ခွန်းမှ ပြောမသွားပေမယ့် မင်းရင်ထဲမှာ ငါ့ကို ပြောစရာစကားတွေ အများကြီး ရှိသွားမယ်ဆိုတာလည်း ငါသိပါတယ် မြစမ်းကြည်"

အယ်. . ကြည့်. . အဖေ့စကားကြောက ရှည်ရှည်ရန်ကော ဘုန်းကြီးတွေကို အားနာစရာ၊ သွားလေသူအတွက် ရည်စူးတရားလေးဟောဖို့ ချောင်းတဟန့်ဟန့်နှင့် လည်ချောင်းရှင်းနေသော ဆရာတော်ဦးကောဝိဒမှာ တရားဟောဖို့လုပ်တိုင်း ရှေ့တည့်တည့်မှာထိုင်ပြီး ငိုချင်းချနေသော အဖေ့ကို ကြည့်ကြည့်ပြီး ဇက်စောင်းစောင်းသွားတာလည်း အောင်လံထူအတွေ့. . .။

"မြစမ်းကြည်ရယ်၊ မင်းဟာ ငါ့ဘဝအတွက်တော့ ဇနီးကောင်းတစ်ယောက်အဖြစ် မှတ်တမ်းတင်ထားပါတယ်၊ မင်းရဲ့သားကိုလည်း ငါဆက်ပြီး စောင့်ရှောက်သွားမှာပါကွာ"

"ဟာ. . အဖေ၊ ကျွန်တော်က အမေ့ရဲ့သားဆိုတော့ အဖေနဲ့ရထားတာ မဟုတ်ဘူးလား၊ အဖေ့သား မဟုတ်ဘူးလား"

မထူးတော့ပြီမို့ လူအများရှေ့မှာ အဖေ့စကားကို ဒဲ့ပြန်ချေ့လိုက်တော့သည်။

ဦးအောင်စစ်သည် ပခုံးပေါ်မှ သဘက်ဖြင့် မထွက်သေးသောမျက်ရည်စတို့ကို ဆွဲသိမ်းပြီး ဟန်ပါပါဖြင့် တစ်ချက်ရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ပြီးမှ ညှော်ပရိသတ်တွေဘက် ငဲ့ကြည့်ရင်း အောင်လံထူကို တစ်တောင်ဖြင့် လှမ်းတွက်ကာ. . .

"ဟကောင်ရ၊ မင်းက ငါ့သားမဟုတ်လို့ ဘယ်သူ့သားဖြစ်ရမှာတုန်း၊ အမေမဲ့သွားတဲ့မင်းကို ငါက အဖေ့မေတ္တာရောအမေ့မေတ္တာပါပေးပြီး စောင့်ရှောက်ပေးပါမယ်လို့ ပြောတာကွ"

သားအဖနှစ်ယောက်၏ အခြေအတင် စကားတွေအကြား တရားပေးမည့် ဦးကောဝိဒ စိတ်မသက်မသာဖြင့် အီလည်လည်ပြုံးပြီး ချောင်းတစ်ချက် ဟန့်လိုက်ပြန်သည်။

ဒါလည်း ဦးအောင်စစ်သည် မရပ်သေး. . .။

"အရှင်ဘုရား တပည့်တော်ရဲ့ဇနီး မြစမ်းကြည်ဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး ဘာသာတရားကိုင်းရှိုင်းတဲ့ အမျိုးကောင်းသမီးကြီးပါ။ ခုတော့. . ရှုတ်ထွေးပွေလီလှတဲ့ လူ့ဘောင်လောကထဲက စောစောစီးစီး ထွက်သွားရှာပြီ၊ တပည့်တော်မှာလေ၊ သူ့အသံလေးကိုတောင် မကြားဖူးလိုက်ပါဘူး ဘုရား"

"ဘယ်ကြားမလဲ. . အဖေပဲပြောခဲ့တာလေ၊ အဖေ့ငယ်ရည်းစားကို လှမ်းချင်တိုင်း လှမ်းလို့ရအောင် စကားနာ ပြန်မထိုးနိုင်တဲ့ မင်းအမေလို စကားမပြောတတ်တဲ့ မိန်းမကိုမှ ရှာယူထားတာပါလို့ အဖေကိုယ်တိုင် ပြောခဲ့တာပဲ မဟုတ်ဘူးလား"

နှုတ်က ပြောချင်ပေမယ့် ဒီလိုစကားမျိုးကို စိတ်ထဲကပဲပြောဖြစ်ခဲ့သည်။

ဒီတစ်ခါတော့ ဘုန်းကြီး ဆက်မစောင့်နိုင်တော့၊ စကားကို. . အဲ. . တရားကို လုပေးမှ ဖြစ်တော့မည်မို့. . .

"ဒါပေါ့ ဒကာကြီးရယ်၊ ကွေးသောလက် မဆန့်မီ ဆန့်



www.burmeseclassic.com

www.burmeseclassic.com



သောလက် မကွေးမီ လူ့ဘဝဆိုတာ သစ်ရွက်တစ်ရွက် သစ်သီး တစ်လုံးလို ကြွေလွယ် ဝေ့လွယ်ပါပကော၊ လူသားတွေက မနက်ဖြန်တိုင်းအတွက် မျှော်လင့်ချက်တွေနဲ့ အသက်ရှင်နေကြသလောက် တကယ်တမ်း လူသားတွေအတွက် မနက်ဖြန်ဆိုတာ မရေရာတဲ့ မျှော်လင့်ချက်တွေ ပါပဲ"

"ဒါပေါ့၊ အဲ. . တင်ပါ့ဘုရား၊ ခုတော့ မြစမ်းကြည်ဟာ မနက်ဖြန် သူ့မွေးနေ့မှာ ယောက်ျားဖြစ်တဲ့သူပေးမယ့် မွေးနေ့လက်ဆောင်လေးကိုတောင် ယူမသွားရရှာဘူး၊ ဟူး. . ဟူး. . အီး. . ဟီး. . ဟီး"

ဘုန်းကြီးတရားကို ကြားဖြတ်ပြီး ငိုချင်းချပြန်သည်။ ဆရာတော်၏ တရားမှာ ဆန့်တင့်ငံ့ ကြားထဲမှ အဖေ၏ ယဉ်ကျေးမှုမရှိသော အပြောအဆို၊ ဘာသာတရားကို ရိုသေကိုင်းရှိုင်းရမှန်း မသိသော အမူအကျင့်တွေကြောင့် အားနာရသူက အောင်လံထူပင်ဖြစ်သည်။

ထို့ကြောင့် မနေသာတော့၍. . .

"ကဲ. . အဖေရယ်၊ အမေ့အကြောင်း ပြောပြီး ငိုချင်ရင် အဖေတစ်ယောက်ထဲ နောက်မှ လွတ်လွတ်လပ်လပ် ဝါးလုံးကွဲအောင်ငို ဟုတ်ပြီလား၊ ခုတော့ တရားကို လက်စသတ်ပြီးတာနဲ့ ဆရာတော်တွေ ဆွမ်းဘုန်းပေးရဦးမယ် မဟုတ်လား၊ တမလွန်က အမေ့ခမျာမှာလည်း သာဓုလေးတစ်ခါခေါ်ဖို့ အဖေတိုင်ပတ်နေတာနဲ့ ဒုက္ခလှလှတွေ့တော့မယ်"

သားဖြစ်သူထံမှ ခပ်ဆတ်ဆတ် သတိပေးစကား ကြားတော့မှ အဖေတိတ်သွားမလား မှတ်သည်။ မတိတ်ပဲနှင့်. . . ။



www.burmeseclassic.com

www.burmeseclassic.com



“ဟကောင်. . မင်းက မုဆိုးဖိုမှ မဖြစ်သေးတာ၊ ငါ့ခံစားချက် ဘယ်စာနာနားလည်ပေးနိုင်မလဲ”

အဖေ့ခံစားချက် နားလည်ပေးနိုင်အောင် မိန်းမမြန်မြန်ယူပြီး အဲဒီမိန်းမကို မြန်မြန်သေခိုင်းရမည့်ပုံပင်. . .

အဖေတို့က လုပ်လိုက်မှဖြင့် အမြဲတမ်း ဘေးပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်၊ အောင်လံထူအဖို့တော့ အမေ လောကကြီးထဲက စောစောထွက်သွားတာဟာ အဖေ့ဝဋ်ကြွေးတွေကြေအောင်ဆပ်ပြီးသွား၍ အဖေ့ဇနီးအဖြစ်မှ အမေလွတ်မြောက်သွားသည်ဟုပဲ ဖြေသိမ့်လိုက်ပါသည်။

“ကဲ. . ဟုတ်ပါပြီ၊ ကျွန်တော် မုဆိုးဖိုဖြစ်တဲ့အခါကျရင် အခု အဖေခံစားနေရတာတွေကို ကိုယ်ချင်းစာပေးမယ် ဟုတ်ပြီလား”

ဒီတော့မှ အဖေ့ထံမှ မကျေမနပ်ဖြင့် ဘုကြည့်ကြည့်ခြင်းကိုခံရပြီး ဘာမှမပြောတော့ပဲ ငြိမ်နေလိုက်တော့သည်။

ဦးအောင်စစ်သည်ဆိုသည့် အဖေသည် သူ့စိတ်ထဲရှိသည့်အတိုင်း နေထိုင်ပြုမူသဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ခဲ့သည်ဆိုသည်မှာ ဒါတင်မကသေး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"အောင်" လံထူ ဟော့ကောင် ခုထိ ဘာမှမချက်ရသေးဘူးလားကွ"

အမေချက်ကျွေးတာကို အဆင်သင့်လေး စားလာသမျှယခု အိမ်မှာ ထမင်းဟင်းချက်ဖို့ တာဝန်ပေးခြင်း ခံရလေတော့မီးဖိုခန်းထဲမှာ ယောင်ချာချာဖြစ်နေသည်။

"ဘယ်ကစချက်ရမှာလဲ အဖေ"

အူကြောင်ကြောင်အမေးကြောင့် အဖေ မျက်မှောင်ကြီးကျုံ့ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . အရင်ဆုံး ပေါင်းအိုးထဲ ဆန်ထည့် ရေနှစ်ခါဆေးပြီးမှ ရေချိန်ထည့်ပြီး တင်ထားလိုက်ပေါ့"

"အဲ. . အဲဒါပြီးရင် ဟင်းကရော ဘာချက်ရမှာလဲ၊ ရေခဲသေတ္တာထဲမှာ ဘာမှလဲမရှိဘူး"

"ဟိုမှာကြည့်"

အဖေညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ ကြောင်အိမ်ပေါ်တွင် အစီအရီတင်ထားသော မြေပဲကြော်ပုလင်း၊ ဆီတို့ဟူးပုလင်းနှင့် ငပိကြော် သရက်သီးသနပ်ပုလင်းတွေ ဖြစ်သည်။

"အဲ. . အဲဒါ အမေရှိတုန်းက စီစဉ်ပေး. . အဲ. . အမေရှိတုန်းက ချက်ပြီးထည့်ထားတဲ့ အရံဟင်းလေးတွေလေ"

"အေးလေ. . အဲဒါနဲ့ စားမှာပေါ့၊ မင်းက ဘာများ ထွေထွေထူးထူး ချက်ချင်သေးလို့လဲ၊ ဒီအကြော်အလှော်တွေကို နောက်ထပ် ဆယ်ရက်လောက် ကုန်အောင်စားရဦးမှာ၊ မင်းအမေ ငါ့မိန်းမက သူသေမယ်ဆိုတာ ကြိုများသိနေလို့ ခုလိုကြိုပြီး စီစဉ်ပေးထားတာများလား မသိပါဘူးကွာ"

ပြောရင်း အဖေ့အသံ ငိုသံနှော့လာပြန်သည်။

အောင်လံထူ မသိမသာ မဲ့လိုက်သည်။ အမေရှိစဉ်တုန်းကတော့ အမေ့ကို ကျွန်တစ်ယောက်လို ဆက်ဆံပြီး တခြားမိန်းမကို အလွမ်းအဆွေးခန်း ဖွင့်နေတာကို မသိတာမှတ်လို့။

ခုမှ ငါ့မိန်းမကြီးဆိုတော့ ကလိထိုးပြီးတောင် ရယ်လိုက်ချင်သေး။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အဲဒါတွေနဲ့ပဲ မစားနိုင်ဘူးအဖေရာ"



www.burmeseclassic.com

www.burmeseclassic.com



အသားငါးပါမှ စားတတ်သောအကျင့် အမေ မရှိတော့မှ အမေ့ဂုဏ်ကျေးဇူး ပို၍သိလာသည်။

"ဟော့ကောင် မင်းက ဘယ်နှစ်ပြား ရှာနိုင်လို့လဲ၊ မိသားစုဝင် သုံးဦးထဲမှာ တစ်ဦးလျော့သွားပြီ၊ ဒီတော့ အရင်ကထက်ခွေ့တာရမယ်"

"ဟာ. . လူက တိုးလာတာမှ မဟုတ်တာ၊ လျော့သွားတာလေ၊ အဖေ့ဟာက ပြောင်းပြန်ပဲ"

"ဟုတ်တယ် ငါ အခုဘဝကို ဂငယ်ကွေ့ ပြန်ကွေ့ရတော့မှာမို့ ငွေကို ထင်သလိုသုံးလို့ မဖြစ်တော့ဘူး"

ရုပ်တည်ကြီးဖြင့် ပြောနေသော ဂငယ်ကွေ့ဆိုတာ ဘာကိုပြောတာလဲ။

အသက်ပဲ ငါးဆယ်ကျော်ခြောက်ဆယ်ရှိနေပြီ၊ ဂငယ်ကွေ့ ပြန်ကွေ့မည်ဆိုတော့ ဘာကိုပြောချင်နေသလဲဆိုတာ စဉ်းစားစရာပင်။

"ဘာပြုတ်ကျကျန်ခဲ့လို့ ဂငယ်ကွေ့ ပြန်ကွေ့ရမှာလဲအဖေ"

"ငါ့ရဲ့ နှလုံးသားလေး ပြုတ်ကျကျန်ခဲ့လို့ ပြန်ကွေ့ပြီး ရှာရမှာလေ"

အဖေ့စကားကြောင့် အောင်လံထူ တံတွေးသီးမတတ် ခွက်ထိုးခွက်လန် ရယ်လိုက်သည်။

"ဟော့ကောင် ဘာရယ်တာလဲ"

အဖေ့အမေးကို ရယ်သံနှောသောအသံဖြင့်. . .

"တရားရိပ်သာသွားဖို့ အကြောင်းမပြောပဲ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



စကား ပြောနေလို့ ရယ်ချင်တာပေါ့ အဖေရဲ့ အမေလည်း အဲဒီ ကိစ္စကို သိပုံပဲ၊ ဒီကိစ္စကြောင့်များ ဦးနှောက်သွေးကြောပြတ်သွား ရတာလား"

ညားကတည်းက ငါ အားလုံးပြောပြထားတာပဲ၊ ငါ့မှာ သိပ်ချစ်တဲ့ အချစ်ဦး ရှိခဲ့တယ်၊ အဲဒီအချစ်ဦးကို ငါ တစ်နေ့မှ မေ့မရသေးတာ မင်းအမေသိတယ်၊ သူ ဘာမှမပြောပါဘူး"

"ဟာ အမေက စကားမှမပြောတတ်တာ၊ အဖေ့ကို ဘာ ပြောမှာလဲ"

"အေးလေ ငါကလဲ အဲဒီလို ဘာမှပြန်မပြောနိုင်အောင် မင်းအမေလို မိန်းမမျိုးကိုပဲ ရွေးပြီးလက်ထပ်ခဲ့တာပေါ့"

အမေ့ရဲ့ သားတစ်ယောက်အနေနဲ့ အဖေ့အပေါ် မကျေ နပ်စိတ် ဝင်မိပေမယ့် ဖခင်တစ်ယောက်နှင့်ပြိုင်ပြီး စကားရည် မလုချင်တော့၊ အမေကလည်း အသက်ပြန်ရှင်လာမှာမှ မဟုတ် တာ။

ဒီတော့ နီးရာဓါး ကြောက်ရဆိုသလို အဖေနှင့် အတိုက် အခံ မဖြစ်ချင်တော့။

"ငါဟာ မင်းအမေနဲ့ ပေါင်းသင်းချိန် တစ်လျှောက်လုံး ငါ့ငယ်ကျွမ်းဆွေကို လွမ်းဆွေးတမ်းတရုံလေးပဲ၊ အပြစ်ကျူးလွန်ခဲ့ တာ၊ ကာယကံမြောက် မဖောက်ပြန်ခဲ့ဘူး၊ ရှာဖို့လည်း စိတ်မကူး ခဲ့ဖူး၊ ခု မင်းအမေ မရှိတော့ဘူးဆိုတော့ ငါဟာ လွတ်လပ်တဲ့ မုဆိုးဖိုလက်သစ် ဖြစ်သွားပြီ၊ ဒါကြောင့် ငါ့ရဲ့ ပျောက်ဆုံးနေတဲ့ အချစ်ရှာပုံတော် ဖွင့်ရမယ်"

"အဖေ့သဘောပေါ့၊ အဖေရှာကျွေးနိုင်ရင် ဘယ်နှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ ထပ်ယူထပ်ယူ ကျွန်တော် ဘာမှမပြောဘူး"

"အေး ဒါကြောင့် ခုကစပြီး ချွေတာရေးစံနစ် ကျင့်သုံးတော့မယ်လို့ ပြောတာပေါ့"

"ဟာဗျာ၊ ဒါတော့ အဖေ တစ်ကိုယ်ကောင်း ဆန်သွားပြီ၊ အဖေ့ရည်းစားကို ပြန်ရှာပြီး လက်ထပ်ဖို့အတွက် ကျွန်တော်ကပါ အစားအသောက် လိုက်ခြိုးခြံရမယ် ဆိုတာကတော့ အထာမကျပါဘူးဗျာ၊ မိထွေးအိမ်ပေါ်မရောက်ခင်ကတည်းက ကြိုပြီးပညာအပြခံနေရတာတော့ မမိုက်ဘူး"

ဒါကိုတော့ နည်းနည်းလေးမှ သည်းမခံနိုင်။

"ဟကောင် လိုရာဆွဲမတွေးနဲ့ ခုချိန်မှာ ငါတို့ရဲ့ စီးပွားရေးက ဟန်ပဲရှိတော့တာကွ၊ ဒါကြောင့် ချွေတာခိုင်းနေတာ"

"တော်ပြီဗျာ၊ ကျွန်တော်လည်း အလုပ်တစ်နေရာ ရှာလုပ်တော့မယ်၊ ဒီအတိုင်း ဟိုသင်တန်းတက် ဒီသင်တန်းတက်နဲ့ အချိန်တွေ လျှောက်မဖြုန်းတော့ဘူး"

ဘွဲ့ရပြီးကတည်းက လုပ်ငန်းခွင် မဝင်သေးပဲနှင့် သင်တန်းပေါင်းစုံ လျှောက်တက်နေရသော အောင်လံထူမှာ ဖခင်၏ ကြိုးဆွဲရာကို မကချင်ကချင်နှင့် ကနေရတုန်း. .

ကပ်စေးနဲ ဖခင်ကြီးထံမှာ လက်ဝါးဖြန့် မုန့်ဖိုးတောင်းရသောအလုပ်သည် အောင်လံထူ ဘဝမှာ အခက်ခဲဆုံး အလုပ်တစ်ခုဟု သတ်မှတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဟာ. . တစ်ထောင်ထဲလား၊ အဖေရာ"

တစ်ထောင်တန် ခပ်နွမ်းနွမ်းတစ်ရွက်ကို လှမ်းပေးနေသော အဖေ့မျက်နှာကိုကြည့်ပြီး အောင်လံထူ စိတ်ပျက်စွာ ညည်းတွားလိုက်သည်။ ကော်ဖီတစ်ခွက် တစ်ထောင့်ငါးရာ ရှိနေတဲ့ ယနေ့ခေတ်ကြီးမှာ မူလတန်းကျောင်းသားကို မုန့်ဖိုးပေးသလို ပေးနေသော အဖေ့စံနစ်ကြီးက မပြောင်းလဲသေး။

"ဟာ. . မင်းက ကိုယ့်ကားနဲ့ကိုယ် သွားမှာလေ၊ လမ်းစရိတ်လည်း ဘာကုန်စရာရှိလည်း ဖအေလုပ်တဲ့သူက အိမ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲကို အပြည့်အသိပ် ထည့်ပေးလိုက်လို့ မုန့်ဝယ်စားစရာလည်း အကြောင်းမရှိဘူး၊ သင်တန်းကြေးလည်း ပေးစရာ မလိုဘူး၊ လက်ကုန်ကတည်းက သွင်းပေးပြီးသား"

"တော်. . တော်ပါတော့ အဖေရာ၊ ဒီဓါတ်ပြားဟောင်းကြီးကိုပဲ နေ့တိုင်းနားထောင်နေရလို့ နောက်နေ့ကျရင် အဖေမရွှတ်ခင် ရွှတ်ပြမယ်နော်"

အဖေ စိတ်မပြောင်းခင် လှမ်းပေးနေသော တစ်ထောင်တန်ကို ဆတ်ခနဲ ယူခဲ့ပြီး ကားဂိုဒေါင်ထဲတွင် ကြိုတင်ကြံစည်ပြီး စုဆောင်းထားသော အသုံးမလိုတော့သည့် ဒန်အိုးဒန်ခွက် ဘီယာပုလင်းခွံတွေ ထည့်ထားသော ငွေခွံအိတ်ကိုယူပြီး ကားပေါ်တင်ရန် ထွက်လာခဲ့လိုက်သည်။

ဒီအလုပ်ကို အောင်လံထူ မကြာခဏ လုပ်နေရ၍ ဒန်အိုးဒန်ခွက် အစုတ်ပလုတ်ဝယ်သည့် ကုလားတွေနှင့်ပင် ရင်းနှီးနေပြီ၊ ကိုယ်ပိုင်ကားစီးပြီး ဒီလိုနေရာမျိုးမှာ အသုံးစားရိတ် အပိုဝင်ငွေရှာနေရတဲ့ ကိုယ့်အဖြစ် ဘယ်လောက်သနားစရာ ကောင်းလိုက်ပါသလဲ။

ရှိစေတော့ ဒါဟာလည်း ကိုယ့်ကုသိုလ်ကံပဲ မဟုတ်လား၊ ဒီတော့ အထုပ်ကားပေါ်တင်ကာ အဖေမမြင်ခင် ကားကို မြန်မြန်မောင်းထွက်ခဲ့လိုက်သည်။ လွတ်တဲ့ငါး. ကြီးတတ်သော ကိုယ့်အဖေ၏ အကျင့်ကို ကိုယ်သာအသိဆုံး၊ ဒီအထုပ်ကိုသာ မြင်သွားလျှင် ပေးရောင်းမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ကုလားဆိုင်ရှေ့မှာ ကားရပ်ကာ အထုပ်ကို လမ်းပေါ် အရင်ချလိုက်သည်။

ကားတံခါးပိတ်နေခိုက် အနားမှ ကောင်လေးနှစ်ယောက် ဖြတ်ပြေးသွား၍ အောင်လံထူကို တိုက်မိမလို ဖြစ်သွားသဖြင့် လက်ထဲမှ ကားသော့ပင် ပြုတ်ကျသွားသည်။

"ဟာ ဒီကောင်တွေ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျသွားသော ကားသော့ကို ကပျာကယာကောက်ပြီး ချထားသောအထုပ်ကို ဆွဲပြီး ကုလားဆိုင်ထဲ ဝင်လာခဲ့လိုက်သည်။

"ဟာ အစ်ကိုလေး ဒီတစ်ခါအထုပ်က ပိုကြီးပါလား၊ ဘာတွေလဲ"

"မလိုတော့တဲ့ မီးဖိုးချောင် အသုံးအဆောင်တွေပေါ့ကွာ၊ ကဲ. . မြန်မြန်ချိန် ငါ အချိန်မရဘူးကွ"

ကုလားလေးတစ်ယောက်က ငွေခွံအိတ်ကို လှမ်းဆွဲလိုက်ပြီး ကတ္တားပေါ် တင်ရန်လုပ်သည်။

"ဟေ့ မတင်နဲ့ဦးလေကွ၊ အထဲကပစ္စည်းတွေထုတ်ပြီး ခွဲရဦးမယ်လေ၊ ကော်ပစ္စည်းသပ်သပ် ဒန်အိုးဒန်ခွက်က သပ်သပ် ပုလင်းခွံကသပ်သပ် ဒီလောက်လုပ်စားနေတာ ကြာပြီ ဒါတောင် ပြောနေရတုံး"

ဆိုင်ရှင် ကုလားလေးက အကူကုလားလေးကို ဟောက်လိုက်သည်။

"ဟေ့လူ ရှင်နဲ့ ဟိုကောင်တွေက တစ်ဖွဲ့ထဲ မဟုတ်လား"

"ဟင် ဘယ်သူ့ကို ပြောတာလဲ"

အောင်လံထူ ဘေးဘီကို ဝေ့ကြည့်ပြီး ကောင်မလေးကို သေချာစေရန် .ပြန်မေးလိုက်သည်။

"ရှင့်ကိုပြောတာ"

"ဟမ် ကျွန်တော့်ကိုပြောတာ ဟုတ်လား"

"ဟုတ်တယ် ဟိုကွမ်းယာဆိုင်က လူတွေပြောတော့ ခါးပိုက်နှိုက်ကလေးတွေ ကျွန်မပိုက်ဆံအိတ်ကို ရှင့်အထုပ်ထဲ ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားတာတဲ့"

ကိုယ် နားမလည်သော ဘာသာစကားကို လာရွတ်ပြနေသကဲ့သို့ ထိုမိန်းကလေး ဘာတွေလာပြောနေသည်ဆိုတာကို နားမလည်နိုင်ပါ။

"ဒီမှာ ခင်ဗျားလေး ဘာတွေလာပြောနေတာလဲ၊ ကျုပ်က ဘယ်အဖွဲ့နဲ့ပူးပေါင်းပြီး ဘယ်ကောင်က ခင်ဗျားပိုက်ဆံအိတ်ကျုပ်အထုပ်ထဲ လာထည့်ရမှာလဲ၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာ ဘယ်သူ့အကြောင်းမှ စိတ်မဝင်စားဘူး"

ကိုယ့်ထမင်းကိုယ်စား ကိုယ့်အထုပ် ကိုယ်ရောင်းဖို့ လုပ်နေတာမို့ မတရား လာစွပ်စွဲနေ၍ ခပ်မာမာပင် ပြန်၍ ဘုတောခစ်လိုက်သည်။

"အတည်ပေါက်နဲ့ လာပြန်ဟောက်မနေနဲ့၊ ရှင် ရိုးသားတယ်ဆို ရှင့်အထုပ်ပြလေ၊ ကျွန်မကြည့်မယ်"

"ဟမ်. . အထုပ် ဘာအထုပ်ကို ကြည့်မှာလဲ"

"ရှင့်အရှေ့က အထုပ်ကိုပြောတာ"

အောင်လံထူ တစ်ကိုယ်လုံးကို ဆတ်ခနဲ ကျုံ့ပစ်လိုက်ပြီ။

"ဟော့. . ဒါ မင်းပြောရမယ့် စကားလား၊ မိန်းကလေးဖြစ်ပြီး အရှက်မရှိ ယောကျ်ားတစ်ယောက်ရဲ့ အရှေ့ကအထုပ်ပြခိုင်းနေတယ်"

အထအနကောက် လွဲသွားသဖြင့် ကောင်မလေး ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်သွားကာ. . .

"ရှင်နော် ပါးစပ်အရသာ ခံမနေနဲ့၊ ကျွန်မပြောတဲ့အထုပ်က ဟောဒီ ငွေခွံအိတ်အထုပ်ကို ပြောတာ"

www.burmeseclassic.com



ငွေခွံအိတ်အထုပ်ရှေ့တွင် ရပ်နေသော ကုလားနှစ်ယောက်ပါ ကောင်မလေး ညွှန်ပြရာ ငွေခွံအိတ်ဆီသို့ အကြည့်ရောက်သွားပြီး အထုပ်ကို ကြည့်လိုက်သည်။

"ဟာ ဒီမှာ ပိုက်ဆံအိတ် တစ်အိတ်ပဲ"

"ဟမ် ပိုက်ဆံအိတ် ဟုတ်လား"

အောင်လံထူ အထုပ်ကို ကပျာကယာ ကြည့်လိုက်သည်။ မိန်းမကိုင် လယ်သာခေါက်အိတ်ကလေးတစ်လုံး. . .

ကောင်မလေးက အထက်စီးနင်းဆန်သော အကြည့်ဖြင့်ကြည့်ကာ. . ၊ ကဲ. . ဘာပြောင်းချင်သေးလဲဆိုသည့် အသံတိတ်အမူအရာဖြင့် မေးငေါ့ပြသည်။

အောင်လံထူ ခေါင်းတွေ ထူပူသွားသည်။ ရှက်လည်းရှက်သွားသည်။

"ဒါ. . ဒါ ငါမသိဘူး၊ ငါ့အိတ်ထဲ ဘယ်လိုရောက်နေတာလဲ"

"အဲဒါကြောင့် ရှင်တို့ တစ်ဖွဲ့ထဲလို့ ပြောတာပေါ့"

"ဟာ ဘာတစ်ဖွဲ့ထဲလဲ၊ ဟေ့ကောင်တွေ မင်းတို့ကပါဘာရပ်ကြည့်နေတာလဲ၊ ဝင်ရှင်းပြဦးလေ၊ ငါက သူထင်သလိုလူစားမျိုးလားလို့"

ကုလားလေးနှစ်ယောက် မျက်လုံး ပေကလပ် ပေကလပ်ဖြင့် ရပ်ကြည့်နေရာမှ စစ်ကူတောင်းလာသော အောင်လံထူဘက်က မားမားကြီးရပ်ဖို့ ကုလားတစ်ယောက် ရှေ့ထွက်လာပြီး. . .

"ဟုတ်တယ် အစ်မလေး၊ ဒီအစ်ကိုနဲ့ ကျွန်တော်တို့ အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းအဝယ်လုပ်လာတာ ကြာပြီ၊ ဒီအစ်ကိုကလေ သူ့မှာ ဘိုင်ပြတ်ရင် ဟောဒီက ခွက်စုတ်ပလုန်းစုတ်တွေကို အိမ်ကသယ်လာပြီး လာရောင်းချင်ရောင်းမယ်၊ သူများပစ္စည်းကိုတော့ အဲလို အလစ်မသုတ်ဘူး"

ကုလားလေးက သေသေချာချာ ဖြေရှင်းပေးရှာပါသည်။ သို့သော် အောင်လံထူ ခွက်စုတ်ပလုန်းစုတ် ရောင်းစားတာကို ကြော်ငြာနေရာရောက်သည်မို့ ကောင်မလေးရှေ့မှာ မျက်နှာတော့ပူမိပါသည်။ ဒီတော့ အထင်သေးမခံနိုင်၊ ကိုယ်ရှိတာလေးတော့ ထုတ်ကြွားရမှာပင်။

"ဟော့. . ဒီမှာကြည့်. . ဒါဘာလဲ"

ခါးကြားမှ ထိုးထားသော ကားသော့ကို ဖျတ်ခနဲ ဆွဲထုတ်ပြလိုက်သည်။

"ဘာလဲ ရှင့်မှာ ဝက်ရူးပြန်ရောဂါရှိတယ်ဆိုတာကို ပြတာလား"

"ဟာ. . ငါက ဘာလို့ဝက်ရူးပြန်ရောဂါ ရှိရမှာလဲ၊ ကားသော့. . ကားသော့၊ ဟောဟို ဆိုင်အပြင်မှာ ရပ်ထားတဲ့ကားက ငါ့ရဲ့ကား၊ ဒီတော့ မင်းရဲ့ ပြားချပ်ချပ် ပိုက်ဆံအိတ်ကလေးကို အလစ်သုတ်သမားတွေနဲ့ပေါင်းပြီး နှိုက်စရာလား၊ ဟော့ဒီခေါင်းက ဉာဏ်ကိုလွှာသုံး"

ကောင်မလေး၏ နားထင်ကို လက်ညှိုးနှင့် မထိတထိ ထောက်လိုက်ပြီး ခပ်မာမာပြောလိုက်သည်။

"ရှင် လက်မပါနဲ့နော် ကျွန်မလက်ဝါးကလည်း အသံ ည်အောင် ရိုက်တတ်တယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



ပွဲက ပို၍ဆူတော့မည့်အရေး မြင်သဖြင့် ကုလားလေး သူ့ဆိုင်မှာ ရှုတ်ရှုတ်သဲသဲ မဖြစ်စေလိုဟန်ဖြင့်. . .

"ဟာ. . နေ. . နေကြပါဦး၊ အစ်ကိုလေး မိန်းမတစ်ယောက်နဲ့ ယှဉ်မဖြစ်စမ်းပါနဲ့ဗျာ၊ ကဲ. . အစ်မလေး ဒါအစ်မလေး ပိုက်ဆံအိတ်ဆိုရင်. . ရော့. . ရော့. . ယူသွားပါဗျာ၊ အလစ်သုတ်သမားတွေ ဒီက အစ်ကိုလေး အိတ်ကြီးထဲ ထည့်သွားတာ အစ်ကိုလေးတောင် မသိပါဘူး"

ကုလားလေး ခပ်မြန်မြန် ဝင်၍ဖြေရှင်းပေးကာ ကောင်မလေးကို ပိုက်ဆံအိတ် လှမ်းပေးသည်။ ကောင်မလေး လှမ်းယူမည်အလုပ်။

"ဟေ့. . နေဦး မပေးနဲ့ဦး၊ ဒီပိုက်ဆံအိတ်ဟာ မင်းပိုက်ဆံအိတ်ဖြစ်ကြောင်း မင်း ဘယ်လို သက်သေပြမလဲ၊ ငါ့ကို ခါးပိုက်နှိုက်တွေနဲ့ တစ်ဖွဲ့ထဲလို့ စွပ်စွဲသလို မင်းလည်း ခါးပိုက်နှိုက်တွေနဲ့ တစ်ဖွဲ့ထဲမို့ တစ်ဖက်လှည့်နဲ့ ပြန်ယူတာ မဟုတ်လားဟင်"

"ဘာရှင့်"

"ဘာမရှင့်နဲ့၊ ပေး. . ငါ့ကို အဲဒီအိတ် သူ့အဖွဲ့က ဒီအိတ်ထဲထည့်သွားလို့ တစ်ဖက်လှည့်နဲ့ လာယူတာလဲ ဖြစ်နိုင်တာပဲလေ၊ ကဲ. . ပြော၊ ဒီအိတ်ထဲမှာ မင်း ငွေဘယ်လောက် ထည့်ထားလဲ"

ကောင်မလေး လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အောင်လံထူကို စားတော့ဝါးတော့မတတ် ပြူးကြည့်ကာ. . .

"ရှင်. . ရှင် လူပါးဝလှချည်လား၊ သူခိုးက လူပြန်ဟစ်တယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဖြေပါ၊ မင်းအိတ်အမှန်ဆိုရင် ဒီထဲမှာ ငွေဘယ်လောက်ပါတယ်၊ ဘာတွေထည့်ထားသလဲ ဆိုတာကို မင်းပြောနိုင်ရမယ်"

"တောက်. ."

"ကဲပါ အစ်မလေးရယ်၊ ကိုယ့်ပိုက်ဆံအိပ်ပဲ ပြောလိုက်ပါ၊ ပြဿနာက မပြီးနိုင်ဘူး"

ကုလားလေး စိတ်မရှည်စွာဖြင့် ဝင်ထိန်းသည်။

"တစ်ထောင်တန်နှစ်ရွက် ငါးရာတန် တစ်ရွက်နဲ့ အကြွေတွေပါတယ်၊ နောက်ပြီး ပန်းဝတ်မှုန် သွေးသန့်ဆေးတစ်ထုပ်၊ အပေါင်လက်မှတ်တစ်ခုပါတယ်၊ ပြီးတော့ ကျောင်းသားကဒ်နဲ့ စာကြည့်တိုက် အသင်းဝင်ကဒ်လည်း ပါတယ်"

"ဟုတ်ပြီ နာမည်က"

"နာမည်ပြောစရာလား၊ ကျွန်မရှတ်ပြတာ ဟုတ်မဟုတ် အိတ်ထဲဖွင့်ကြည့်လိုက်"

သူ့ကို ရစ်နေသလို သူကလည်း ပြန်ရစ်လိုက်ရ၍ အောင်လံထူ သဘောတွေကြိတ်ပြီး ကျနေသည်။ ကောင်မလေး ရှက်နေပုံရသည်။

"ဘာလို့ အဲလောက်ပိုက်ဆံ မဖြစ်စလောက်လေးနဲ့ အမောခံပြီး လိုက်နေရတာလဲ"

ပိုက်ဆံအိတ် ဇစ်ဖွင့်ကြည့်ပြီး ကောင်မလေးပြောသည့် ငွေအရေအတွက် မှန်မမှန် စစ်ကြည့်ပြီး ကျောင်းသားကဒ်ကို ယူကြည့်လိုက်သည်။

မြပုဏ္ဏမာ ဆိုပါလား ပညာအရည်အချင်းက ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်၊ မဆိုးပါဘူးဟု စိတ်ထဲက ပြုံးစိစိတွေးရင်း ပိုက်ဆံအိတ်ကို ဇစ်ပြန်ပိတ်၍ ပေးလိုက်ပြီး. . .

"ရော့ နောက်တစ်ခါ လူတစ်ယောက်ကို စွပ်စွဲချင်ရင် နဖူးရည် ဒူးရည်ကို ကြည့်ပြီးမှ စွပ်စွဲ"

"ဟွန်း ကိုယ်ပိုင်ကားစီးပြီး ခွက်စုတ်ရောင်းစားနေတဲ့ ခွက်စောင်းခုတ်ကများ"

ပိုက်ဆံအိတ်ကို ဆတ်ခနဲဆွဲယူကာ ပြောပြေးပြေးသွားသော ကောင်မလေး စကားကြောင့် အောင်လံထူ အသာလွတ်ကြီး ခံစားလိုက်ရသည်။

"တောက် ပြေးဆော်လိုက်ရလို့ မကောင်းရှိရော့မယ်"

အရှက်ပြေပြောလိုက်သော စကားကြောင့် ကုလားလေးနှစ်ယောက်ထံမှ ခွီခနဲရယ်သံ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ဟဲ့..ဒါက ဘယ်လိုဖြစ်တာလဲဟယ်၊ တက်လာလိုက်တဲ့ခြေသံက လှေကားထစ်တွေ ကျိုးကျမလား မှတ်တယ်"

စာသင်ခန်းထဲ ဝင်လာသော ပုဂ္ဂိုလ်မာ၏ ဒေါသခြေလှမ်းနှင့် စူပုတ်နေသော မျက်နှာကြောင့် နိုနို ခပ်ရွဲ့ရွဲ့ မေးလိုက်သည်။

"စက်ဘီးခြင်းထဲ ထည့်ထားတဲ့ ငါ့ပိုက်ဆံအိတ်ကို အလစ်သုတ်နှစ်ကောင် နှိုက်ပြေးသွားလို့ လိုက်ရင်းနဲ့ ဖွေးတစ်ကောင်ကြောင့် ငါ အရှက်ကွဲလာတယ်၊ ဒါကြောင့် ကြိတ်မနိုင် ခဲမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ"

"ဟယ်တော် နင်က ဒီ အလစ်သုတ်သမားတွေနောက်ကို လိုက်တယ်၊ အမလေး အာဂသတ္တိပဲဟယ်၊ ငါဆို မလိုက်ရဲပါဘူး"

"မလိုက်လို့ ရမလားဟ၊ အဲဒီအိတ်ထဲမှာ ငါ့ကျောင်းသားကဒ်ရှိတယ်လေ၊ နောက်ပြီး အလစ်နှိုက်သွားတဲ့ သူခိုးတွေက ကလေးတွေဆိုတော့ ငါလည်း စက်ဘီးနဲ့ လိုက်တာပေါ့၊ အဲဒါ ကွမ်းယာဆိုင်ကလူက ပလုံရောင်းတဲ့ဆိုင်ထဲ ဝင်သွားတဲ့ လူရဲ့ အထုပ်ထဲမှာဆိုလို့ ငါလည်း ဝင်ပြီးတောင်းတာပေါ့"

"ဟယ်. ."

နိုနို ရင်ဘတ်ကိုဖိပြီး ပုဏ္ဏမာကို တအံ့တဩကြည့်သည်။ ပုဏ္ဏမာ မျက်နှာပေါ်မှာ ဒေါသရိပ် မပြေသေး၊ ဒေါသမျက်နှာနှင့် အဖြစ်အပျက်တွေကို ခရေစေ့တွင်းကျ ရှင်းပြနေသော ပုဏ္ဏမာ စကားအဆုံး နိုနို တခစ်ခစ် ရယ်တော့သည်။

"ဟယ်. . ဘာရယ်တာလဲ"

"နင် အရှက်ကွဲသွားတာက ရယ်စရာ ကောင်းလို့လေ၊ ဒါနဲ့ အပေါင်လက်မှတ်က ဘယ်ကပါလာတာလဲ၊ နင်. . အဲ လောက်မွဲသွားပြီလား"

"ငါ့အဒေါ်တစ်ယောက် ငွေလိုတယ်ဆိုလို့ ငါ့လက်စွပ်ကို ပေါင်ပြီး သွားပေးတာလေ၊ အပေါင်လက်မှတ်ကတော့ ပျောက် မှာစိုးလို့ ငါပဲသိမ်းထားမယ်ဆိုပြီး ပြန်ယူလာတာ၊ ခုတော့ အရှက်ကို ဖြန်းဖြန်းကွဲတော့တာပဲ၊ ကျွတ်စင်ပဲဟာ"

စိတ်ပျက်လက်ပျက် ညည်းတွားနေခိုက် အခန်းထဲသို့ တခြားကျောင်းသားတွေ ဝင်လာ၍ မြပုဏ္ဏမာ ဆက်မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့၊

နိုနို သိရုံတင်မဟုတ် တခြားကျောင်းသားတွေပါ သိကုန်လျှင်၊ တစ်လျောက်လုံး အနောက်ခံရမှာ သေချာသည်။

အဲဒီလူကြွေးမျက်နှာကို ပုဏ္ဏမှာ မျက်စိထဲက လုံးဝ မထွက် သဘောကျလွန်း၍တော့မဟုတ်၊ စိတ်တိုလွန်း၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

လူခေါ် ဘဲလ်သံကြောင့် ဦးအောင်စစ်သည် ကြက်ဥကြော်နေရင်းတန်းလန်း ဂက်စ်အိုးကို ကပျာကယာ ပိတ်ခဲ့ပြီး အိမ်ရှေ့တံခါးကို ပြေးဖွင့်လိုက်သည်။

"မင်း ဘယ်သဝေထိုးနေလို့ ခုမှပြန်"

အောင်လံထူထင်ပြီး တံခါးလည်းဖွင့် အပြစ်လည်းတင်ရင်း စကားသံပင် မဆုံးလိုက် လမ်းတစ်ဝက်မှာတင် တန့်သွားသည်။ အခန်းရှေ့တွင် ရပ်နေသူက အောင်လံထူမဟုတ်၊ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ရည်မြေပြမ်ပြီး ကြည့်ကောင်းအောင် ပြင်ဆင်ထားသော အသက် လေးဆယ့်ငါး ငါးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက်. . .

"ဒံပေါက်လာပေးတာပါရှင်"

"ဗျာ. . အဲ. . ဟုတ်. . ဟုတ်ကဲ့ ကျေးဇူးပါ။ ဒါနဲ့ ဘယ် ကပါလဲ"

"အပေါ်ထပ် တိုက်ကပါ"

"အရင်က မတွေ့ဖူးဘူးနော်၊ ခုမှ ပြောင်းလာတာလား"

အိမ်နီးချင်းမို့ စကားစ ရှာကြံပြောလိုက်သည်။

"ပြောင်းလာတာတော့ ကြာပါပြီရှင်၊ မော်လမြိုင်မှာ သွားပြန်နေနေလို့ ခုမှပဲ ကိုယ့်အိမ်ကိုယ် ပြန်လာနေဖြစ်တော့ တာလေ၊ ဒီနေ့ ခင်မွန့်မွေးနေ့မို့ အိမ်နီးနားချင်းတွေကို ဒါနလိုက် ပြုတာပါ"

"ဩော် ခင်ပွန်းမွေးနေ့မှာ နှစ်တစ်ရာ တိုင်ပါစေဗျာ"

"ရှင်. ."

ဒံပေါက်ဘူးလှမ်းယူရင်း ပြောလိုက်သော မွေးနေ့ဆု တောင်း စကားကြောင့် အမျိုးသမီး မျက်လုံးအစုံ ပြူးသွားသည်။

"ဩော်. . ခင်ပွန်းမွေးနေ့မှာ မိသားစုနှင့်အတူ နှစ်တစ် ရာတိုင်တိုင် ပျော်ရွှင်ကြပါစေလို့ ဆုပေးတာလေ"

အမျိုးသမီးကြီး မျက်နှာရှုံ့မဲ့၍သွားပြီး. . .

"မဟုတ်တာရှင်၊ ခင်မွန်က အပျိုကြီးရှင့်"

"ဗျာ. . ဩော်. ဟော်၊ ဒါဆိုရင် ကျုပ် နားကြားလွဲသွား တာ ထင်တယ်ဗျ၊ ခင်မွန်နဲ့ ခင်ပွန်းကိုလေ၊ ကဲ ဟုတ်ပါပြီဗျာ၊ မခင်မွန် နှစ်တစ်ရာတိုင်တိုင် ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ပဲ ကြွေ.



www.burmeseclassic.com

www.burmeseclassic.com



ရပါစေလို့”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်”

ဒေါ်ခင်မွန် ထွက်သွားသည်နှင့် ဒံပေါက်ဘူးကို ငုံ့ကြည့်ပြီး ဆာနေသောဗိုက်ကို ခပ်သာသာ ပွတ်လိုက်သည်။

“ဒီမနက်တော့ ကြက်ဥကြော်နဲ့ လွဲရပြီပေါ့”

တံခါးကို ခပ်မြန်မြန်ပိတ်ပြီး ထမင်းစားခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

အမျိုးသမီးက အပျိုကြီး ဆိုပေမယ့် ဖော်ရွေပုံပဲ၊ မျက်နှာကလည်း ပြုံးလို့၊ ငါ့ထက်တော့ ငယ်မယ့်ပုံမို့ ဘယ်လိုခေါ်ရင်ကောင်းမလဲ။

ခင်မွန်လို့ခေါ်ရင်ကောင်းမလား၊ ညီမလို့ခေါ်ရင်ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"ဟာ အဖေတို့က မမိုက်ပါဘူး၊ ရှိတာမှ ဒီအိမ်မှာ သားအဖလေး နှစ်ယောက်ပဲ ကျန်တော့တဲ့ဟာ ဒံပေါက်လေး ဘာလေး ဝယ်စားတာများ ကိုယ့်သားအတွက် ပိုဝယ်ပေးထား တော့ အဖေပိသသွားမှာ စိုးလို့လား"

အပြစ်တင်နေသော အသံကြောင့် ဒံပေါက်စားပြီး သွေး နည်းနည်းတက်ချင်နေသော ဦးအောင်စစ်သည် သတင်းစာ ဖတ် နေရင်းမှ ဇက်ပုသွားသည်။ ဒီကောင် မျက်စိက လျင်သလား မမေးနဲ့၊ ခြေစလက်စ ဖျောက်ထားတာတောင် အမှိုက်ပုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြစ်အောင် တွေ့သေးသည်။

"ဟော့ကောင် ငါ ဝယ်စားတာ မဟုတ်ဘူးကွ"

"ဒါဆို ဒံပေါက်တွေက ဆိုင်ကနေ သူ့အလိုလို ခြေပေါက်ပြီး ပြေးလာတာလား"

"အေး. . အဲလိုမဟုတ်ဘူး၊ မင်းမိထွေးက သူ့မွေးနေ့မို့ လာပို့သွားတာ"

"ဟမ်. . မိ. . မိထွေးဟုတ်လား၊ မြန်လှချည်လား အဖေရဲ့၊ ဂငယ်ကွေ့က အမေ့ရက်လည် တစ်ပတ်တောင် မပြည့်ချင်သေးဘူး"

ရွဲ့ပြောလို့ ပြောမှန်းမသိသော သားဖြစ်သူကို အသံတိတ်ဆဲလိုက်ပြီး

"ရွဲ့ပြောနေတာ ငတုံးရ"

"ရွဲ့မပြောနဲ့ တကယ်ရွဲ့သွားရင် သားလည်းမပြုစုနိုင်ဘူး"

"အောင်မာ မွေးရတာ ဝမ်းရေဆတ်တဲ့ကောင်"

"ကဲပါ ဒီဒံပေါက်စားတာ ဘာလို့ သားအတွက် မချန်ရတာလဲ၊သား ဒံပေါက်ကြိုက်တာ သိသားနဲ့၊ ခုတော့ အဖေကျတော့ ဒံပေါက် စားတယ်၊ သားကိုတော့ ကြက်ဥကြော်နဲ့စားတဲ့၊ ဟွန်း အမေသာဆို အဲလို ဘယ်တော့မှမလုပ်ဘူး၊ သူ့သား အကုန်ကျွေးတာ"

"ဟကောင် စမန်ခုတ်လို့ မပြီးသေးဘူးလား၊ ဒံပေါက်က မနက်ကလာပို့တာ၊ ခင်းက ညနေမှ ပြန်လာမှာလေ၊ ဘယ်လို လုပ် ကောင်းနိုင်မှာလဲ၊ ဒါကြောင့် ငါ မနက်ကတည်းက စားပစ်လိုက်တာပေါ့ကွ၊ မကျေနပ်ရင်လည်း အမှိုက်ပုံးထဲက အကျန်



www.burmeseclassic.com

www.burmeseclassic.com



တွေ ကောက်စားလိုက်"

ရွဲ့ပြောနေသော အဖေ့ကို ထပ်ပြီး အတိုက်အခံ မပြောနေတော့၊ ဒံပေါက်ကို စားချင်လွန်း၍ ရန်ထောင်နေတာ မဟုတ်၊ အဖေ့ကို တမင် ကလိနေခြင်း ဖြစ်သည်။

အဖေဆိုတဲ့ ကိုယ့်အဖေက သူများအပြစ်ကိုသာ မြင်တတ်သူ၊ သူ့အပြစ်ကို ဘယ်တုန်းကမှ မြင်တတ်သူမဟုတ်သဖြင့် လမ်းကြုံတုန်း တွယ်လိုက်ခြင်းပါ။ အကယ်၍ သူရှိနေစဉ် လာပို့လျှင်တောင် အဖေ့ကို ဦးစားပေးကျွေးရမှာက သားသမီးဖြစ်သည့် ကိုယ့်တာဝန်ဟု အနစ်နာခံစိတ် ကြိုမွေးထားပြီးသားပါ။

"အဖေ ဆေးရော ကြိုသောက်ထားရဲ့လား"

သွေးတိုးရှိသောကြောင့် စိတ်ပူပြီး သတိပေးရပြန်သည်။

"သောက်ထားတယ်"

"ကြည့်လုပ်နော် ဒံပေါက်စားပြီး သွေးတက်သွားတယ်ဆိုလူကြားမကောင်းဖြစ်တော့မယ်"

ထမင်းပန်းကန်ထဲ ကြက်ဥကြော်ထည့်ကာ အဖေ့နားထမင်းလာထိုင်စားလိုက်သည် ဆိုလျှင်ပဲ. . .

"ဟာ. . ဟော့ကောင် ကြက်ဥက နှစ်လုံးတောင် ကြော်စားရလားကွ"

ပါးစပ်ထဲ ရောက်လုလု ထမင်းလုပ်သည် အဖေ့ကြောင့် လမ်းခုလပ်တွင် ရပ်သွားရ၏။

အဖေကပ်စေးနှဲပုံက အူခြောက်ပြီး သေနိုင်လောက်၏။

www.burmeseclassic.com





# အခန်း(၈)

"မြပုဏ္ဏမာ"

"ရှင်.."

"လာစမ်း..လာစမ်း"

ဒီအသံ ဒီဟန်ဖြင့် ခေါ်ပြီဆိုကတည်းက အပြစ်တစ်ခုလုပ်ထား၍ ဆူတော့မည်ဆိုတာ သိသည်။ ထို့ကြောင့် လက်ထဲမှ ဘောပင်ကို ထောက်ခနဲချကာ စာကြည့်စားပွဲ ထလာလိုက်သည်။

"ဘာလဲမေမေ၊ မြကလေး စာကျက်နေတယ်"

"စာကျက်တာ နောက်ထား၊ အခု ညည်းပိုက်ဆံအိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒါအဘောက်ချာက ဘာသဘောလဲ၊ လက်စွပ်ကိုပေါင်ပြီး အဲဒီ
တ်ဆံကို ဘာလုပ်လိုက်ပြန်ပြီလဲ"

နားထင်ကို လက်ညှိုးနှင့် အခိပ္ပါယ်မဲ့ ကုတ်ခြစ်လိုက်ပြီး
င်ခြေပေးရန် စကားလုံး အကြောင်းအရာကို အပြေးအလွှား
ဉ်းစားလိုက်သည်။

"ဟို . . ဟိုလေ မေမေ"

"ဘာဟိုလေလဲ၊ စကားကို ထိထိရောက်ရောက်ပြော စေ့
နေနဲ့"

"မေမေ မမက အဲလက်စွပ်ကို ကြီးကြီးအတွက် ပေါင်
ိုက်တာတဲ့"

ကြားဝင်ပြောတော့ သားစနေစကားကြောင့် ဒေါ်မြသီ
ာ ဒေါသထွက်သွားရသည်။

ကြီးကြီးဆိုတာ ဒေါ်မြသီတာနှင့် ဘယ်လိုမှ မတည့်
သော ယောက်မဖြစ်သည်။

"ဘာ သူ့အတွက်ကြောင့် လက်စွပ်ကိုပေါင်ပြီး ပေးရ
အောင် သူတို့က မွဲနေပြီလားဟင်"

"ဩော် မေမေရယ်၊ မွဲတော့ မမွဲဘူးပေါ့၊ ဒါပေမယ့် မြ
လေးက တူမလေ၊ ကိုယ့်အဒေါ် အိပ်ယာထဲ ဘုန်းဘုန်းလဲနေ
တာကို ဘာထောက်ပံ့မှုမှ မပေးလို့ ဖြစ်မလား၊ ဖေဖေ့သမီး မပီ
ရော ကျမှာပေါ့"

"အမလေး ပရဟိတရှင်ကြီးရယ်၊ နင့်အဖေ ပရဟိတ
မားကြီးကတော့ ပရဟိတ အလုပ်တွေလုပ်ရင်း နတ်ပြည်တက်
သွားပြီ၊ ညည်းလည်း နတ်ပြည်တက်မှာမို့ ငါ့ကို အကုသိုလ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေပါလား၊ ငါကတော့ ငရဲသွားရမယ်ပေါ့လေ"

"မေမေ့ကို မြကလေးက ငရဲသွားခိုင်းနေလို့လား၊ ခုဟာ
က ကြီးကြီးအတွက် ဆေးကုစားရိတ်တွေ ကုန်လှပြီလို့ တီတီ
ညည်းတွားနေတော့ အမျိုးအရင်း ခေါက်ခေါက်ဖြစ်တဲ့ မြ
လေးက ဆေးဖိုးမထောက်လို့ ဖြစ်တော့မလား၊ ကဲပါ မေမေရ
မြကလေး မုန့်ဖိုးစုပြီး ရွေးလိုက်မှာပါ"

"အဲဒီမုန့်ဖိုးကရော ဘယ်သူက ပေးနေရလို့လဲ၊ ဟော
မုဆိုးမ လက်ဟောင်းကြီးက သားနဲ့သမီး ဝမ်းဝ ခါးလှဖို့အတွ
လူတန်းစေ့ နေနိုင်ဖို့အတွက် ရှာဖွေရုန်းကန်နေရတာလေ"

ကုန်ခြောက်ဆိုင်နှင့် ဖိနပ်ဆိုင်ဖွင့်ထားသော ဒေါ်မြ
တာမှာ လုပ်ငန်းနှစ်ခုနှင့် ဒေါင်ချာဆိုင်းနေတာ အားလုံးအမြ
ပင်ဖြစ်သည်။ ဒါတောင် လူ့ငှားတွေကို ခေါ်ထားသေးတာ. . .

အရွယ်ကောင်းနေဆဲ ဖြစ်နေတာတောင် နောက်အိ
ထောင်ပြုဖို့ဆိုတာ လုံးဝကို မစဉ်းစားခဲ့။

ဒီသမီး ဒီသားအတွက် လောဘဇော ကပ်နေရသည
ထိုသို့ရုန်းကန်နေရ၍ ဒါနမရှိဘူးလားဆိုတော့ မဟုတ်၊ လှူသ
တာ လှူပါသည်။

ခုဟာက ဒီယောက်မနှစ်ယောက်နှင့် ဟိုးအရင်ကတည
က ကမ္ဘာ့ရန်မို့ ငြူစူနေရခြင်း ဖြစ်သည်။

"မေမေရုန်းကန်ရှာဖွေနေရတာ မြကလေး သိပါတ
မေမေရာ၊ မေမေ့ကို မသနားလို့ ဒီလိုလုပ်နေတာ မဟုတ်ပါဘူ

မျက်နှာချိုသွေးကာ လေပြည်လေးဖြင့် ဆိုလာတော
ဒေါ်မြသီတာ သမီးဖြစ်သူကို ထပ်ပြီးမငြူစူရက်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအဖေမျိုးကို ညည်းချစ်တာ မေမေအပြစ်မပြော
ိုပါဘူး၊ ဒါပေမယ့် မေမေ့မှာ မိန်းမသားတန်မဲ့နဲ့ ရှာဖွေရှုန်း
ာန်နေရတာ ညည်းအသိပါ၊ သူတို့က အဖိုးကြီးတွေပီပီ သူတို့
ာတွေထားခဲ့တဲ့ စည်းစိမ်တွေ ရှိပါသေးတယ်၊ မေမေ့မှာ ညည်း
အဖေက ဘာမျှထားသွားလို့လဲ၊ ကိုယ့်သမီးနဲ့ ကိုယ့်သားလေး
ူတန်းစေ့ နေရဖို့အတွက်ပဲ အမေ့ခေါင်းထဲမှာ ထည့်ပြီး ရှေ့ရေး
အတွက် ရှာဖွေနေရတာပါအေ"

"အဲဒါကို မြကလေး မသိပဲနေမလား မေမေရယ်၊ ကဲပါ
နှစ် ကျောင်းပိတ်ရင်လေ မြလေးက ဖိနပ်ဆိုင် ကူထိုင်ပေးမယ်၊
မေက ဈေးထဲက ကုန်ခြောက်ဆိုင်ပဲ ထိုင်လိုက်"

မိခင်ဖြစ်သူကို ဒီနည်းဖြင့် ချော့ရသည်။

"မလိုပါဘူး၊ ညည်း ပညာရေးပဲ ကြိုးစားစမ်းပါ၊ ငါက
ည်းကို တရားသူကြီး ဖြစ်စေချင်တာ"

"စိတ်ချ တစ်ချိန်ကျရင်လေ၊ လွှတ်တော်တရားသူကြီး
ဒေါ်မြပုဏ္ဏမာဆိုပြီး အိမ်ရှေ့မှာ ဆိုင်းဘုတ်အကြီးကြီး တပ်ရ
အောင် မြကလေး ကြိုးစားမှာပါ"

ထိုစကားကြောင့် မေမေ့မျက်နှာ ပြန်၍ ပြုံးယောင်သမ်း
ားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ည ကောင်းကင်မှာ ထိန်ထိန်သာနေသော လမင်းကြီး
ကိုကြည့်ပြီး ဦးအောင်စစ်သည် ဘယ်သူ့လွမ်း၍ လွမ်းရမှန်းမသိ
သူများတွေက လွမ်းစရာ တစ်ခုထဲမို့ လရောင်အောက်
မှာ အလွမ်းတေးဆိုကြသည်။ ဦးအောင်စစ်သည်မှာတော့ လွမ်း
စရာက နှစ်ယောက်ရှိသည်။
လွန်ခဲ့သော နှစ်အစိတ်ခန့်က ချစ်သူဟောင်းနှင့် လွန်
သောရက်ကမှ ကွယ်လွန်သွားသော ဇနီးတို့ဖြစ်သည်။
"ငါ ဘယ်သူ့ကို အရင်လွမ်းရပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



လမင်းကို မော့ကြည့်ရင်း တစ်ယောက်တည်း ခပ်တိုးတိုး ညည်းလိုက်သည်။

"အရင်ဆုံး မြစမ်းကြည်ကို လွမ်းလိုက်ပါမယ်လေ၊ မြစမ်းကြည်က ငါနဲ့ နှစ်တွေအကြာကြီး ပေါင်းသင်းခဲ့တဲ့ ဇနီးဆိုတော့ သူ့ကို အရင်လွမ်းပေးမှ ငါက တရားမျှတတဲ့သူ ဖြစ်တော့မပေါ့"

သက်ပြင်းကို ခပ်လေးလေးချပြီး ဘယ်ကစပြီး လွမ်းရပါ့မလဲပေါ့၊ ထိုသို့ခံစားမှုတွေ ဝါဒီများနေတုန်း ဇက်ကြောတွေ လေးလံလာသည်။

"အား. . ကျွတ်ကျွတ်. . ကျွတ်၊ ဇက်ကြောတွေ တက်လိုက်တာကွာ၊ မြစမ်းကြည်ရေ ငါ ခုတော့ ဇက်ကြောတွေအရမ်း တက်နေပြီကွ၊ ငါ ဇက်ကြောတက်လို့ ညည်းတွားတိုင်း လုပ်လက်စ အလုပ်တွေကိုရပ်ပြီး ငါ့ပုခုံးတွေကို လက်ချောင်းလေးတွေနဲ့ နှိပ်နယ်ပေးတဲ့မင်းကို ငါ သတိရတယ်ကွာ၊ ညတစ်ရေးနိုးတိုင်း ဆာတတ်တဲ့ငါ့ကို မင်းကလည်း မညည်းမညူနဲ့ ထထကျွေးတာ ငါ အမှတ်မရပဲ နေမလားကွာ၊ ခုညဆိုရင် တရေးနိုးလို့ ဗိုက်ဆာတိုင်း စိတ်ရှည်လက်ရှည် ကော်ဖီဖျော်တိုက် မုန့်ပုံးလေးယူပြီး မုန့်တွေကျွေးတတ်တဲ့ မင်းက ငါ့နားမှာ မရှိတော့ ငါလေ ဆာလည်း အငတ်ခံပြီး မိုးလင်းချိန်ကို စောင့်ရတယ်ကွာ"

အခန်းပြတင်းပေါက်တွင် တစ်ယောက်တည်း လွမ်းတေးညည်းနေသော အဖွေအသံက အောင်လံထူအတွက် ဘယ်လိုမှ အိပ်၍မရ။ နာရီကြည့်လိုက်တော့ ည တစ်နာရီပင် ထိုးနေပြီ။

"ဒါကြောင့် ငါလေ ငါဆာတိုင်း တရေးနိုး ထကျွေးနိုင်မယ့် နောက်ထပ်အဖော်တစ်ယောက်လောက်ရှာဖို့ မင်း ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



မလား မြစမ်းကြည်၊ ငါ့အသက်အရွယ်ဆိုတာ ဆေးပေးမီးယူလိုတယ်မဟုတ်လား၊ အဲဒီစကားကို မင်းလက်ခံမယ်ဆိုရင် ငါ့ရင်ထဲမှာ သိမ်းထားတာ ကြာပြီဖြစ်တဲ့ ငါ့ရဲ့ ချစ်သက်လယ်လေးကို ပြန်လည်တမ်းတခွင့်ပြုလိုက်ပါကွာ၊ ငါ့ချစ်သက်လယ်လေးကို ရှာပြီး ငါ့နှလုံးသားမှာ လစ်ဟာနေတဲ့ ကွက်လပ်မှာ ဖြည့်လိုက်ပါရစေ၊ မင်း ခွင့်ပြုမယ် မဟုတ်လား မြစမ်းကြည်"

အောင်လံထူ အဖေပြောသမျှ ငြိမ်နားထောင်ရင်း မှဲ့လိုက်သည်။

"သူ နောက်တစ်ယောက်နဲ့ ကဲချင်းတိုင်း တမလွန်က အမေ့ကို နားပူနာဆာလုပ်နေတယ်၊ အမေရေ လုံးဝ ခွင့်မပြုလိုက်နဲ့၊ အမေ့သား ဒုက္ခလှလှကြီး တွေ့မယ့်ကိန်းဗျ"

အောင်လံထူကလည်း တစ်ဖက်ခန်းမှ အမေ့ကိုတပြီး စကားတွေပြောသည်။

"စိတ်ချပါ မြစမ်းကြည် မင်းသားကို ငါ သေချာဂရုစိုက်မှာပါ။ ချစ်သက်လယ်လေးကလည်း မင်းသားကို ချစ်မှာပါကွာ၊ ငါ အာမခံပါတယ်"

"ဟွန်း ခုတောင် သားကို မသထာနေတာ၊ သူ့ရည်းစားဟောင်းကြီးကရော အပျိုအတိုင်း ရှိဦးမှ၊ ခုလောက်ဆို ကလေးတစ်ဒါဇင် လောက်မွေးပြီး ဗိုက်ပူဖင်ရှူး ဖြစ်နေလောက်ပြီ"

ဖအေလုပ်သူက လွမ်းခန်းဖွင့် သားလုပ်သူက ဝေဖန်ခန်းဖွင့်ကာ ဒီတစ်ည မိုးလင်းမည် ထင်ပါ၏။

www.burmeseclassic.com





# အခန်း(၁၀)

“ဒီမှာကြည့်စမ်း သား”

Black & white ဓါတ်ပုံလေး ထုတ်ပြသဖြင့် အောင်လံထူ အသာငဲ့ကြည့်လိုက်သည်။ ခင်သန်းနုလိုလို ဘာလိုလို ဂိုက်ပေးကြမ်းကြမ်းဖြင့် ရိုက်ထားသော အမျိုးသမီးငယ်တစ်ယောက်။

“ဟိုးတုန်းကပုံပဲ”

“အဲဒါ ဘယ်သူလို့ ထင်လဲ”

ဘယ်သူဘယ်ဝါဆိုတာ ရိပ်မိပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမှာလဲ အဖေရဲ့ သားက ကိုယ့်အမေလောက်ပဲ သိတာ"

"အဲဒါ အဖေ့ရဲ့ ချစ်သက်လယ်လေးလေ"

"ဟွန်း. ."

"ဘာဟွန်းလဲ. ."

မျက်လုံးပြူးကြီးဖြင့် မေးလိုက်သဖြင့်. . .

"ကားဟွန်းပျက်နေတယ်လို့ ပြောမလို့"

ချော်လဲရောထိုင်လိုက်သည်။

"ကားဟွန်းက ဘယ်နေရာမှာ တီးရလို့ ပျက်ရမှာလဲ"

"ဟုတ်ပါပြီ ထားလိုက်ပါတော့၊ ခု အဖေ့ရဲ့ ချစ်သက်လယ်လေးကရော တွေ့ပြီလား"

မျက်လုံးပြူးပြီး ရန်ထောင်ဖို့ တာဆူနေသော အဖေ့မှာ သူ့ အကြိုက်ကို မေးလိုက်သဖြင့် မျက်နှာအရိပ်အကဲပြောင်းကာ ပြုံးမြမြဖြင့် ခေါင်ပုံကိုကြည့်ပြီး. . .

"သူ ဘယ်မှာနေလဲ အဖေလည်းမသိဘူး၊ လွန်ခဲ့တဲ့ အနှစ်အစိတ်က ချစ်သူဆိုတော့ နေရာဟောင်းမှာလည်း မရှိလောက်တော့ဘူး"

"သေချာအောင် သွားကြည့်ပေါ့ အဖေရဲ့ တွေ့တော့လည်း ငါ အားသွားပြီဆိုပြီး ပြန်ချိတ်လိုက်ပေါ့၊ ဒါမှ ညသန်းခေါင် အဖေဆာရင် သူကကျွေးမှာ"

ဟိုနေ့ညက ပြောတာကို ကြားပြီးသားမို့ တမင်ပင် ရွဲ့ ပြောလိုက်သည်။

"ဟကောင် ဘာဆာတာကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေပဲ သန်းခေါင်ကျော်ဆိုရင် ကော်ဖီတို့မုန့်တို့ ထထ ပြီးစားတာလေ၊ ဒါကိုပြောတာ"

"ဟွန်း အဲလိုရှင်းအောင်ပြော"

ဒါတောင် မလျှော့သေး စကားထပ်ဆက်၏။

"ငါ့မိတ်ဆွေတစ်ယောက်နဲ့တော့ တွေ့တယ်"

"အဖေ့မိတ်ဆွေတွေ နေ့တိုင်းတွေ့နေတာ တစ်ယောက် ကမလား အဖေရဲ့"

"အဲဒီ မိတ်ဆွေတွေကို ပြောတာမဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်အစိတ်က ချစ်သက်လယ်နဲ့ငါ့ကို အောင်သွယ်ပေးခဲ့တဲ့ မိတ် ဆွေကိုပြောတာ၊ သူတို့တွေလည်း ရန်ကုန်မှာ ရှိတယ်တဲ့၊ ဘယ် မှာနေလည်း ဆိုတာတော့ သူလည်း မပြောနိုင်ဘူး ဖြစ်နေတယ်"

"ဒါများ ရှင်းရှင်းလေး၊ ရန်ကုန်မြို့က ကျဉ်းကျဉ်းလေးပဲ၊ တစ်နေ့ကို တစ်ရပ်ကွက် လိုက်ရှာပေါ့၊ အချိန်တန်ရင် တွေ့မှာ ပဲလေ"

"အေး ငါ့မိတ်ဆွေတွေရဲ့ သားသမီးတွေရော ငါ့မိတ်ဆွေ တွေကိုပါ ကွန်ရက်တစ်ခုလို ဖြန့်ပြီး ရှာမယ်ဆိုရင်တော့ နီးစပ်နိုင် တယ်"

အကြံကြီးနေသော ဦးအောင်စစ်သည်စကားကြောင့် အောင်လံထူ ခေါင်းကို တဗျင်းဗျင်းကုတ်ကာ. . .

"ဟာ. . အဖေ ကိုယ့်အံထုပ်ကို ပြန်ဖြည်မလို့လားဗျာ၊ မိန်းမဆုံးတာ တစ်လမပြည့်သေးပဲနဲ့ နောက်ယူမယ့်မိန်းမကို ကွန်ယက်ဖြန့်ပြီး ရှာတဲ့လူ ကမ္ဘာပေါ်မှာ မရှိသေးဘူး၊ လူကြား လို့မှမကောင်း"



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့ပြောလို့ ပြောမှန်းမသိသော အဖေ့ကိုကြည့်ပြီး အောင်လံထူ တော်တော်လေး စိတ်လေသွားသည်။ အသက်ကြီးမှ အချစ်ဟောင်းကို ရှာဖွေနေရတယ်လို့။။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"ဟင် . . ဟိုမှာ . . ဟိုမှာ ဖြတ်သွားတဲ့ အမျိုးသမီးက 'ချစ်သက်လယ်'များလား မသိဘူး"

ဝရန်တာတွင်ထိုင်ပြီး FM နားထောင်နေသော အဖေသည် ဒရင်းဘက်ပေါ် မှ ငေါက်ခနဲထကာ ပလုံးပထွေး လှမ်းပြောသည်။

ကွန်ပျူတာရှေ့တွင် အလုပ်ရှုပ်နေသော အောင်လံထူ အဖေ လက်ညှိုးထိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ပြီးနောက် ခွီးခနဲ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘာရယ်တာလဲကွ၊ ဟော ဟိုမှာ စက်ချုပ်ဆိုင်ထဲ ဝင်သွားပြီ"

သားဖြစ်သူကိုလည်း ရန်ထောင်ချင်၊ ထိုအမျိုးသမီး လွတ်သွားမှာကိုလည်း စိုးသဖြင့် ရှေ့ကို ပြူးပြဲပြီး ကြည့်နေပုံက ဝရန်တာ လက်ရန်းကိုကျော်ပြီး ခေါင်းငိုက်စိုက် ပြုတ်ကျမလားပင်။

"အဖေ အဖေ့ချစ်သက်လယ်ကြီးက အဲလို ငယ်ငယ်ရွယ်ရွယ် ကိုယ်လုံးတောင့်တောင့် ရှိပါတော့မလား၊ ခုလောက်ဆို အသက်ကြီးကြီး မိန်းမကြီးအရွယ် ရောက်နေလောက်ပြီပေါ့"

"ဟော့ကောင် မင်းပါးစပ်ပိတ်စမ်း၊ ငါ့မျက်စိထဲမှာတော့ ချစ်သက်လယ်က အမြဲတမ်း နတ်သမီးလေးလို လှနေဆဲပဲ"

"သွားပြီ ငါ့အဖေတော့ ဆိုက်ကိုဝင်သွားပြီ"

ထိုဝေဖန်စကားကို ပေါ်တင်မပြောရဲ စိတ်ထဲကပဲ ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါဆိုရင် သွားကြည့်လေ အဖေရဲ့ အိမ်ပေါ်ကနေ ဆွေ့ဆွေ့ ခုန်မနေနဲ့"

အသက်ကြီးမှ အချစ်ကြောင့် ဂဏှာမငြိမ်ဖြစ်နေသော အဖေ့ကို မြှောက်ပေးလိုက်မိပြန်သည်။ အဖေ အဟုတ်ကြီးထင်တာ. . .

"အေး. . ဟုတ်တယ်၊ သွားကြည့်လိုက်မယ်ကွာ၊ ရင်ထဲ ပေါ့သွားအောင်လို့"

အိမ်ထဲကို သုတ်ခနဲ ဝင်သွားပြီး အမေ့မှန်တင်ခုံရှေ့မှာ ပွယောင်းယောင်းဖြစ်နေသော ဆံပင်မဖြူမည်းတွေကို ဘီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သပ်လိုက်ပြီး အိမ်အပြင်ထွက်သွားသည်။

အိမ်ရှေ့ဝရန်တာတွင် ရပ်ငေးရင်း ကျန်ခဲ့သူ အောင်လံထူမှာတော့ ရယ်မောရမလား၊ ရင်မောရမလား၊ ခွဲပင်မခွဲခြားတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"သက်.. သက်လယ်"

စက်ချုပ်ဆိုင်ထဲမှ ထီးအပြာရောင်လေးဆောင်းကာ

ကန့်ကလယ လျှောက်သွားသော မိန်းမလှ၏ နောက်ကျောပြင်ကို

အငမ်းမရကြည့်ရင်း ငယ်ချစ်ဦး၏ နာမည်ကို မဝံ့မရဲ ခေါ်ကြည့်

လိုက်သည်။

ဒီအရပ်အမောင်း ဒီကိုယ်လုံးကိုယ်ထည်နှင့် လမ်း

လျှောက်ဟန်ကအစ သက်လယ်နှင့် ချွတ်စွပ်။

"ရှင်.."

အပြာရောင်ထီးလေး ဘေးဘက်ကိုစောင်းကာ မိတ်က

www.burmeseclassic.com

www.burmeseclassic.com



သား တင်ထားသော မျက်နှာလေးပေါ် လာသည်။

"အဲ . . ဆော . . ဆောရီးနော်၊ သက်လယ်မှားလားလို့"

အဝေးကကြည့်လျှင် သက်လယ်နှင့် မျက်နှာပေါက်က အစ တူသည်ဟု ထင်ရသော်လည်း ခုလို အနီးကပ် မြင်တွေ့လိုက် သောအခါ ဦးအောင်စစ်သည် အားတုံ့အားနာ ဖြစ်သွားသည်။

"အို . . ဘယ်က လူမှားရမှာလဲ၊ သက်နာမည်က သက် ယယ်လေ၊ ပြော . . ဘာကိစ္စတုန်း"

ပါးပေါ်မှ ကျောက်ပေါက်မာအချိုင့်တွေကို မိတ်ကပ် အွ မတရားဖို့ထားသော ဩရှရှ အသံပိုင်ရှင်သည် မိန်းကလေး တစ်ယောက်မှ ဟုတ်ပါလေစ။

သေချာကြည့်လေ၊ အခြောက်ကြီးမှန်း သိလာလေမို့ ဦး အောင်စစ်သည်မှာ ကိုယ် နမော်နမဲ့ နိုင်သမျှကို ကိုယ်ကိုယ်တိုင် အပြစ်ပြန်တင်လိုက်သည်။

ကိုယ် အမြတ်တနိုး ချစ်ခဲ့ရသည့် ချစ်သူကိုများ ဒီအ ခြောက်မနဲ့မှ မှားရတယ်လို့

"ပြော . . ပြောလေ ဘာပြောမှာလဲလို့"

"ဘာ . . ဘာမှမပြောပါဘူး၊ ကျုပ် . . ကျုပ်ညီမများလား လို့ လူမှားပြီးခေါ်ကြည့်တာ"

"အစ်ကိုကြီးညီမက ဘယ်သွားလို့ သက်လယ်နဲ့ မှားရ တာလဲ"

"သေ . . သေသွားပြီလေ"

"ဟယ် . . ဟုတ်လား ဘာရောဂါနဲ့လဲ"

"သားအိမ်ကင်ဆာနဲ့"

www.burmeseclassic.com



ပါးစပ်ထဲ တွေ့ကရာတွေ လျှောက်ပြောပြစ်လိုက်ခြင်းဖြစ်သည်။

"အို သနားစရာကွယ်"

"သွား. . သွားတော့မယ်နော်"

ဦးအောင်စစ်သည် ခပ်မြန်မြန် လှည့်ထွက်သည်။

"နေပါဦး. . အစ်ကိုကြီးရဲ့"

"ဗျာ. ."

လက်မောင်းကို လှမ်းဆွဲထားပြီး စကားထပ်ဆက်ချင်နေသော အခြောက်မကို ရှုံ့မဲမဲသော အကြည့်ဖြင့် လှည့်ကြည့်ပြီး. .

"ဘာလဲ ဘာပြောစရာ ရှိလို့လဲ"

"သက်မှာက သားအိမ်မရှိဘူးလို့၊ ဒါပေမယ့် ကျန်တာအားလုံးရှိတယ်၊ အဟာစ်. . ဟာစ်. . ဟာစ်၊ ဒါနဲ့ ဘယ်မှာနေတာလဲ"

အစဆွဲထုတ်မိလိုက်၍ ဇာတ်လမ်းက မပြီးတော့. .

"ရေဝေးမှာလေ"

"ဟမ် မဦးမချွတ်၊ ဒီလောက် အလတ်ကြီး ရှိသေးတာကိုပြောပါ မိတ်ဖြစ်ဆွေဖြစ် အိမ်လိုက်လည်မလို့"

ခပ်ညှုညှုပြောနေသော အခြောက်မကို ခွာထုတ်၍ မ. . သဖြင့် သားဖြစ်သူကို စစ်ကူတောင်းသည့်အကြည့်ဖြင့် လှမ်းမျှော်ကြည့်လိုက်သည်။

အောင်လံထူ ခပ်မိန်မိန်ကြီး လက်ပိုက်ရပ်ကြည့်နေသည်။ သူ့စိတ်ထဲမှာတော့ အဖေ့ရဲ့ ချစ်သက်လယ်လေးနဲ့ အိုးကာမှာ စိုပြေနေသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ဘယ်မှာနေတာလဲလို့"

"ရေဝေးမှာလို့"

ရွှဲ့ပြောလည်း ယုံပုံမရသော အခြောက်မ ဇွတ်အတင်း အိမ်လိုက်မေးနေသည်။

"မယုံဘူး တမင်နောက်နေတာ သိတယ်၊ ရှင်ကြီးနော် လူကိုပုံမှားရိုက်ပြီးတော့မှ ဟက်ကော့ကြီး မထားခဲ့နဲ့၊ ဒီက အထီးကျန်နေတာ၊ ဒါကြောင့် အလွှတ်မပေးချင်ဘူး ရှင့်အိမ်လိုက်မလည်ရရင် သက်ရဲ့အိမ်ကို လိုက်ခဲ့၊ အိမ်မှာ ဘယ်သူမှမရှိဘူး လွတ်လွတ်လပ်လပ်ပဲ"

ချောင်ပိတ်မိနေသော နွားတစ်ကောင်နှယ် လမ်းပေါ်မှာ ဆွဲလားရမ်းလား လုပ်နေသော အခြောက်မနှင့်သူ့ကို ပတ်ဝန်းကျင်က တစ်မျိုး မြင်တော့မည်။

"ကျုပ်က ကျန်းမာရေး မကောင်းဘူး"

"မပူနဲ့ ဆေးကောင်းဝါးကောင်းရှိတယ်၊ ပြန်ထောင်လာစေရမယ်"

"ကျုပ် ဘယ်တော့မှ ပြန်ကောင်းမှာ မဟုတ်ဘူး"

"ဟင်. . ဒါဆို ဘာရောဂါလဲ"

ခွာမရအောင် ကပ်နေသော အခြောက်မကို ပါးစပ်ထဲတွေ့ကရာ ဆင်ခြေတွေ ပေးနေသည့်တိုင် အဆုံးထိ တွယ်ကပ်နေဦးမည်မို့. . .

"AIDS"

ကဲ. . . ဒါမှ တွယ်ကပ်နေဦးမည်ဆိုလျှင် လက်သီးစာကျွေးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . ဒါ. . ဒါတော့ ဆေးမရှိဘူး၊ အမလေး သွား. . သွားတော့မယ်နော်၊ နောက်လမ်းတွေ့ရင်လည်း မမြင်ချင်ဟန် ဆောင်နေပါ၊ ယောင်လို့တောင် မခေါ်လိုက်နဲ့"

အခြောက်မ ခါခါ,ခါခါနှင့် ဦးအောင်စစ်သည်အနားမှ ထွက်သွားတော့သည်။

အခြောက်မ ထွက်သွားတော့မှ ဦးအောင်စစ်သည် အသက်ကို ပုံမှန်ပြန်ရှူနိုင်တော့သည်။

မည်းမည်းမြင်ရာ ငါ့ဥစ္စာဟု ထင်နေမှတော့ ခံရပြီပေါ့။

အဝေးက လှမ်းကြည့်လျှင် ဒီအခြောက်မ မိန်းကလေးနှင့် တော်တော်တူရုံတင်မဟုတ် ချစ်သက်လယ်နှင့်ပါ တူနေသယောင်မို့ ဦးအောင်စစ်သည်အဖို့ မှားတဲ့အခါလည်း မှားပေမပေါ့ဟု. . ကိုယ့်ကိုယ့်ကိုယ်ပဲ ပြန်၍နှစ်သိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"မောင် ရေ. . ."

လွန်ခဲ့သော အနှစ်အစိတ်ခန့်ကတည်းက ရင်ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းခဲ့မိသော ချိုကြည်ကြည် အသံလေးမို့ အသံလာရာဆီသို့ ဝမ်းသာအားရ ငဲ့ကြည့်လိုက်သည်။

"ချစ်သက်လယ်"

"မောင် သက်ကိုရှာနေတာ သက်သိတယ်"

"ဟာကွာ ဝမ်းသာလိုက်တာ၊ မောင်တို့ စိတ်ချင်းဆက်နေတာ အံ့ဩစရာ ကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင်အတိုင်း လှပဆဲ နုနယ်မြဲဖြစ်သော ချစ်သက်လယ်၏ ကိုယ်လေးကို အငမ်းမရ ပွေ့ဖက် နမ်းရှိုက်လိုက်သည်။ ချစ်သူရဲ့ ပါးပြင်ပေါ် အနမ်းခြွေချခွင့် မရတော့တာဟာ နှစ်ပေါင်း အစိတ် ရှိနေပြီပဲ။

"မောင်တို့ အချစ်တွေနဲ့ ပြန်လည်ဆုံဆည်းရတော့မယ်၊ သက်ရယ်၊ ဒါကြောင့် သက်နဲ့ အဝေးကြီးရောက်သွားတဲ့ မောင့်နှလုံးသားတွေကို မြစ်မ်းကြည် မရှိတော့တဲ့နောက်ပိုင်း ဂငယ်ကွေ့ ပြန်ကွေ့ရတော့မယ် သက်ရယ်"

"သက်ကလည်း မောင့်နှလုံးသားလေး ဂငယ်ကွေ့ ပြန်ကွေ့မယ့်အချိန်ကို ခုထိ အပျိုစင်ဘဝနဲ့ စောင့်နေတာပါ မောင်ရယ်"

ရင်ခွင်ထဲ ဖွတ်တိုးဝင် မျက်နှာအပ်ကာ ဘယ်တော့မှ မဝေးကွာတော့မည့် စကားတွေ ပြိုင်တူခြွေကြရင်း နှလုံးသားတွေသည် ဟိုးတုန်းကလို ပြန်လည်နုဖျိုလတ်ဆတ်၍ လာပြန်ပါပြီ။

"မောင့်ကို ခုလို စောင့်ပေးတဲ့အတွက် သက်ကိုလေ မောင်က ဟိုးတုန်းကထက် အဆပေါင်းများစွာ အတိုးချပြီး ပိုချစ်မယ်ကွာ၊ သက်ရယ် နော်"

"မောင်က အသက်ကြီးပြီလေ၊ ဟိုးတုန်းက ငယ်ငယ်ရွယ်ရွယ် အချိန်တုန်းကလို သက်ကို စိတ်ရှိတိုင်း ချစ်နိုင်ပါဦးမလား၊ သက်ကတော့ မောင့်ရဲ့အချစ်တွေ ပြန်လာနိုး၊ ပြန်လာနိုးနဲ့ စောင့်ရင်းက အချစ်ကြောင့် အိုမင်းရင့်ရော်ခြင်း မရှိသေးဘူးမောင်၊ ရေခဲရိုက်ထားတဲ့ ရွှေငါးလေး တစ်ကောင်လိုပေါ့ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ရွှေငါးလေးနှင့် နှိုင်းနေသော ချစ်သက်ဘယ်နှင့်သူ နှိုင်းယှဉ်လျှင် အဘိုးနှင့်မြေးဟုပင် ထင်လောက်သည်မို့ စိတ်ထဲမှာ သက်ကိုအားနာမိတာတော့ အမှန်ပင်။

"လူက အိုနေပေမယ့် ရင်ထဲက အချစ်တွေကတော့ နုပျိုနေပါသေးတယ် သက်ရယ်၊ မယုံရင် စောင့်ကြည့်၊ မောင့်အချစ်တွေဟာ ဘယ်လောက်နုပျိုလတ်ဆတ်သလဲလို့ ကိုယ်မွေးထားတဲ့ ကိုယ့်သားတောင် ခုချိန်ထိ ကိုယ့်လောက် မချစ်တတ်သေးဘူး"

"ဟော့ဒီကမ္ဘာပေါ်မှာ အောင်စစ်သည်ဟာ အချစ်တတ်ဆုံးယောက်ျားပါ သက်ရယ်"

"ဒီကလည်း အချစ်ငတ်နေတာ နှစ်ပေါင်းမနည်းတော့တဲ့ အချစ်ငတ်မိန်းမတစ်ယောက်ပါ မောင်ရယ်"

တစ်ယောက်ကိုတစ်ယောက် ဘယ်၍ဘယ်မျှထိ ချစ်တတ်ကြကြောင်း အပြန်အလှန် ချစ်တေးတွေခြွေရင်း လွတ်ထွက်တတ်ကို ဖက်ထားလိုက်မိသည်။

မဖက်ရတာ ကြာ၍လားမသိ၊ သက်၏ အသားစိုင်လေးတွေသည် ဂွမ်းဆိုင်လေးတွေလို နုဖတ်အိညက်နေသည်။

အချစ်တွေကို စိတ်ကြိုက်သာ ချစ်ခွင့်ရခဲ့လျှင် ဦးအောင်စစ်သည် နောင်အနှစ်သုံးဆယ်ကျော်မှ သေမယ်ဆိုလျှင်တောင် သေပျော်ပါပြီ။

ချစ်နေရလျှင် ထမင်းမစားပဲနဲ့လည်း နေ့ရက်တွေကို အချစ်နှင့်အတူ ကျော်ဖြတ်နိုင်ပါသည်။ လောဘကြီးလွန်းရာ ကျနေမလားတော့ မသိ။

"သက်ကို ဖက်ထားပါမောင်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဖက်ထားမယ်၊ မလွှတ်တမ်း အသက်ရှူကျပ်
တတ်ကို ဖက်ထားမယ်"

ခန္ဓာကိုယ် တစ်ခုလုံးမှာရှိသည့် အကြောပေါင်းမြောက်
များစွာမှ အင်အားတွေကို စုစည်းပြီး ချစ်သက်လယ်လေးကို
တအားဖက်ကာ အာဘွား မွှမွှ ပေးလိုက်သည်။

လောကကြီး သာယာလှပေစွ. . .

"အု. . အူ. . အု. . ခွီး"

"ဟာ. . အ. . အဖေ. . လွှတ်. . လွှတ်၊ ဂျက်ကီတော့
သေတော့မှာပဲ အဖေရာ၊ အိပ်နေရင်း ဘာဖြစ်ရပြန်ပြီလဲ ဒုက္ခပ
ပဲ"

ချစ်သက်လယ်ကို ဖွတ်အတင်းဖက်ထားသော လက်
တွေကို ဝရုန်းသုန်းကား ဆွဲဖယ်နေသော အောင်လံထူကို အလိုက်
မသိသော သားဆိုးအဖြစ်သတ်မှတ်ပြီး မျက်လုံးတွေကို ဖွင့်ကြည့်
လိုက်သည်ဆိုလျှင်ပဲ ကိုယ်ဖက်ထားသော အရာမှာ. . .

"ဟာ. . ဟမ်. . ဒါ. . ဒါ. . ဘာကြီးလဲ၊ အဲ. . ဂျက်ကီ"

"အဖေရာ အိပ်နေရင်း ဘယ့်နှယ်ကြောင့် ဂျက်ကီ့ကို
အသေညှစ်သတ်နေရတာလဲဗျာ၊ ဒီမှာ ခွေးက ချေးတွေသေးတွေ
ထွက်မတတ်ပဲ"

ဖက်ထားရာမှ ဆတ်ခနဲ လွှတ်လိုက်သည်နှင့် ဂျက်ကီမှာ
ကုတင်ထက်မှ ပြေးဆင်းပြီး အခန်းထောင့်တွင် ထိုင်ကာ ဖွာလ
ကျဲသွားသော သူ့ကိုယ်မွေးတွေကို လျှာဖြင့်ရက်ရင်း တအောင့်
အင်းဖြင့် ညည်းတွားနေ၏။

ဦးအောင်စစ်သည် ဂျက်ကီကိုကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ငါ့အိပ်ယာပေါ် ဘာကိစ္စကြောင့် တက်အိပ်ရတာတုန်း၊ ဟာကွာ သေတော့မှာပဲ၊ ခွေးက ခွေးနေရာနေမှပေါ့"

ရှက်ဒေါသတွေက ဂျက်ကီအပေါ် အပြစ်ပုံချ၍သွားသည်။

"အဖေကလည်း အဖေ့ခွေးက တခါတလေ အဖေနဲ့လာအိပ်နေကျပဲကို"

"ဟာ . . ခုဟာက ငါက အိပ်မက်မက်နေတာကွ၊ အိပ်မက်ထဲမှာ ငါနဲ့ သက်လယ်လေးနဲ့ ပြန်တွေ့ပြီး အလွမ်းသယ်နေတာ မင်းသိလား၊ တောက် . . ခွေးစုတ် ခွေးနာ ခွေးပဲ့၊ ဒင်းကြောင့် ငါ့အိပ်မက်လေး ပျက်စီးသွားပြီ"

အရွယ်နှင့်မလိုက်သော ကိုယ့်လောဘတဏှာစိတ်ကို ကိုယ် အပြစ်မတင်ပဲ ခွေးကို အပြစ်တင်ဒေါသဖြစ်နေသော အဖေ့ပုံစံမှာ အချစ်ကြောင့် သူငယ်ပြန်စပြုနေသော အဘိုးအိုနှယ် ရယ်စရာပင် ကောင်းသေးတော့၏။

"တောက် သက်လယ် ဘယ်မှာနေသလဲ ဆိုတာတောင် သဲလွန်စ မရတော့ဘူးကွာ၊ ဟွန်း . . ဟွန်း . . တွေ့မယ်၊ ခွေးစုတ် မင်းကို မနက်ဖြန်တစ်ရက် ထမင်းအငတ်ထားမယ်"

ဒေါသတွေ ပြုတစ်ပြုတစ်ဖြစ်နေသော အဖေ့ကိုကြည့်ပြီး အောင်လံထူ ရယ်ချင်နေသည်။ သို့သော် မရယ်ရဲ၊ ကိုယ့်ဘက်ကို လှည့်မည်းလာနိုင်ဖွယ်ရာ ရှိသည်မို့ ရေဘူးထဲမှရေကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး အဖေ့ကို ပေးလိုက်သည်။

"ရော့ . . အဖေ ရေလေးသောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ငါက ဘာလို့ ရေသောက်ရမှာလဲ၊ အိပ်မက်ဆိုးမက်တာ မဟုတ်ဘူးကွ၊ ငါ့ဘဝရဲ့ နိမိတ်ပုံ အိပ်မက်မက်တာ၊ မသောက်ဘူး ခုချက်ချင်း ပြန်အိပ်မယ်၊ ဒါမှ စောစောက အိပ်မက် ပြန်မက်မှာ၊ ဒီတစ်ခါ သက်လယ်လေး ဘယ်မှာနေလဲ ဆိုတာ မေးထားမှဖြစ်မှာ"

အချစ်အတွက်နှင့် တစ်ကိုယ်တော် ဧစမန်ထနေသော ဦးအောင်စစ်သည်မှာ အိပ်ယာထက်သို့ ဘုန်းခနဲ ပြန်လှဲအိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

အိပ်မက်ထဲတွင် သက်လယ်နှင့် ပြန်ဆုံဖို့ ချက်ချင်း ပြန်အိပ်လိုက်သော ဦးအောင်စစ်သည်မှာ မနက်ဆယ်နာရီထိုးသည့်တိုင် မနိုးသေး။

အောင်လံထူ ဖခင်အိပ်ရာမှအနိုးကို ထိုင်စောင့်နေ၍ မဖြစ်သဖြင့် မနက်အစောကြီး သင်တန်းကို ထလာလိုက်သည်။

လမ်းတစ်ဝက်မှာတင် ကားခါတ်ဆီပြတ်သောဒုက္ခနှင့် ကြုံရပြန်သည်။

"ဟာ. . ဒုက္ခပါပဲကွာ၊ ဓါတ်ဆီက ပြတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆီက မုန့်ဖိုးတောင်းမလာမိ၍ ဆီဝယ်ထည့်ဖို့ပင် အိပ်ကပ်ထဲမှာ တစ်ထောင်ပြည့်အောင်မရှိ လက်မှနာရီကို ကြည့်မိတော့ သင်တန်းချိန်ရောက်ဖို့ ဆယ်မိနစ်ခန့်တော့ လိုသေးသည်။

ကားထားပြီး လမ်းလျှောက်သွားလျှင် ရနိုင်ပေမယ့် ကားမရပ်ရသောနေရာမှာ လာရပ်မိလျက်သား အခြေအနေမို့ ကရိန်းနှင့်မသွားလျှင် အဖေနှင့် ကွိုင်အကြီးကြီးတက်မှာ သေချာသည်။

ထို့ကြောင့် ကရိန်းစာ မမိစေရန် ကားကို ဒီအတိုင်း ရပ်ထားခဲ့၍မရ အဖေ့ကို ဖုန်းဆက်ပြီး ဆီဖိုးလာပေးဖို့ ဖုန်းဆက်ရန် အကြံရသွားသည်မို့ ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော ဖုန်းကို လှမ်းယူလိုက်သည်။

"ဟာကွာ . . သောက်ရေးထဲ ငဘောက ကုန်ပြန်ပြီ"

ကိုယ်ပိုင်ကားစီးပြီး ဖုန်းဘေလ်တောင် အလျှင်မီအောင် မထည့်ဖြစ်သည့် ကိုယ့်ရဲ့ မွဲချက်က လူသိလျှင်တောင် ယုံနိုင်ပါ့မလား။

"ဒီ . . ဒီမှာ အစ်ကို"

"ဟေ . ."

"ကျွန်တော့်ကို ဖုန်းတစ်ကောလောက် ပေးဆက်ပါလား ဗျာ၊ ကျွန်တော်အရေးကြီးလို့ပါ"

ခါးကြားမှာဖုန်းချိတ်ပြီး ဟန်ပါပါလမ်းလျှောက်နေသော လူတစ်ယောက်ထံ ရှေ့မျက်နှာနောက်ထားပြီး အကူအညီတောင်းရသည်။ တော်တော်လေး ရှက်ဖို့တော့ ကောင်းပါသည်။

ထိုလူမှာ ဖင်ကုတ်ခေါင်းကုတ်ဖြင့် ခပ်ဖြဲဖြဲမျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အရှက်ပြေရယ်ပြကာ. . .

"ဟို. . ဟိုလေ ညီရယ်၊ ဘယ်လိုပြောရမလဲ၊ အစ်ကို့ဖုန်း ဘေလ်မထည့်နိုင်တာ၊ တစ်လလောက်တောင် ရှိပြီကွ၊ ဟဲ. . ဟဲ အစ်ကိုက အလုပ်လည်းပါးတော့ အဝင်ဖုန်းလောက်ပဲ ပြောဖြစ်တယ်လေ"

"ဪ. . ဟုတ်. . ဟုတ်ကဲ့. . ခုလို ရှည်ရှည်ဝေးဝေး ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

မချိသွားဖြဲဖြင့် ကျေးဇူးတင်စကားဆိုကာ ကားဆီသို့ ရှက်ရှက်ဖြင့် ပြန်လျှောက်လာလိုက်သည်။

ဟွန်း ငါ့ထက်တောင် မွဲနေသေးတယ်၊ ကံဆိုးထီးသွားရာ မိုးလိုက်လို့ရွာဆိုသလို ဖြစ်နေပါပြီ။

"အဖေပေးထားတဲ့နာမည်က အောင်လံထူ၊ ဘဝက အူလန်ထောင် ဖြစ်နေပြီ"

ကိုယ့်ဘဝ ကိုယ့်အခြေအနေကို မကျေမနပ် ညည်းတွားရင်း လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

"သွားပါပြီ သင်တန်းတော့ မမှီတော့ပါဘူး"

"ဒီမှာ. ."

"ဗျာ. ."

"အမလေး ခုမှ လာရိုသေပြမနေနဲ့"

"ဗျာ. . ဪ. . မြ. . မြပုဏ္ဏမာ၊ ဘာ. . ဘာကိစ္စရှိလို့ လဲ"

တစ်ခါမြင်ဖူးရုံနှင့် မှတ်မိသည့် ရုပ်ရည်မျိုးမို့ တရင်းတနှီး နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အကူအညီ ပေးမလို့"

"ဘာ. . ဘာအကူအညီလဲ၊ ကျွန်တော် ဘာအကူအညီမှ တောင်းမထားပါဘူး"

"ဒါပေမယ့် ကားတစ်စီးနဲ့ ရှင့်ဘဝက ကူကယ်ရာမဲ့နေတယ် မဟုတ်လား"

"အမ်. . အဲ. . ဒါ. . ဒါကတော့ ဖြစ်တတ်တဲ့ သဘောလေးတွေပါပဲ"

"သိတယ်၊ ဒါကြောင့် ရှင့်ကို ဟောဟို မိတ္တူဆိုင်ထဲကနေကြည့်နေတာ၊ ကားထိုးရပ်ပြီး တစ်ယောက်ယောက် ဆီက အကူအညီ လိုနေပုံရလို့ ကျွန်မ ဘာကူညီရမလဲ၊ ရှင် ဘာဖြစ်နေလို့လဲ၊ စိတ်လျှော့ချင်နေတာလား၊ ဒါဆိုရင် မိတ္တူဆိုင်က ကျွန်မ သူငယ်ချင်းဆိုင် ပွင့်ပွင့်လင်းလင်း ဖွင့်ထုတ်လို့ရတယ်"

အထင်နှင့်အမြင် လွဲနေပုံက ရှာရှာပေါက်ပေါက်၊ တွေးလည်း တွေးတတ်သည့် မိန်းကလေး။

"ဟာ. . ဘယ်ကလာ၊ စိတ်လျှော့ချင်ရမှာလဲဗျာ၊ ကားခါတ်ဆီ ပြတ်သွားလို့ဗျ"

"ဒါများ ဝယ်ထည့်ပေါ့"

"ငွေမပါဘူး"

ဒီတစ်ခါ အရှက်ကွဲရမှာ ကိုယ့်အလှည့် သူ့တုန်းက ပိုက်ဆံအိတ်ထဲ ငွေနှစ်ထောင့်ငါးရာထဲပါလို့ လှောင်ခဲ့ဖူးသည်။ ဝင်ဆိုတာ ဒီဘဝတင် လတ်လတ်ဆတ်ဆတ်လည်တာ ကိုယ့်လက်တွေ့၊ ခုတော့ ကိုယ့်မှာ တစ်ထောင်ပင် ပြည့်အောင်မရှိ၊ အရှက်တော့ ပြန်းပြန်းကွဲရပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့တဖန် ပွင့်လင်းလွန်းသော ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်မိသည်။ မသကာဆို ဖုန်းလေး တစ်ချောလောက်ပဲ တောင်းဆက်လိုက်ပါတော့လား၊ ခုတော့ အရှုံးကြွဲပြီ။

ပြုံးနေပုံကိုက ကြည့်ပါလား၊ လျှောင်ပြုံး. . .

"ကျွန်မမှာ ငွေတွေ အပြည့်ပါတယ်၊ ဟောဒီမှာကြည့်"

မြပုဏ္ဏမာ၊ ပိုက်ဆံအိတ်ကို ဇစ် ဗြိခနဲ ဖွင့်ပြသည်။ တစ်သောင်းတန်တွေ ငါးထောင်တန်တွေ အထပ်လိုက်။ အားတော့ ကျမိပါရဲ့။

"ရော့. . ဒါလောက်ဆို ရှင် ဆီဝယ်ဖို့ လုံလောက်တယ် မဟုတ်လား"

တစ်သောင်းတန်တစ်ရွက် ငါးထောင်တန်တစ်ရွက် လှမ်းပေးနေသဖြင့် ငြင်းလည်းမငြင်းရက်။

"ကျေးဇူးတင်တယ်ဗျာ၊ မြပုဏ္ဏမာရဲ့ လိပ်စာနဲ့ ဖုံးနံပါတ်လေး တဆိတ်လောက်၊ ကျွန်တော် လာပြန်ဆပ်ပါ့မယ်"

"မလိုပါဘူး၊ ဒီနေ့ ဗေဒင်ဆရာက ယတြာချေခိုင်းထားလို့ ယတြာချေတယ်လို့ပဲ စိတ်မှာမှတ်လိုက်ပါ့မယ်"

"ဗျာ. . ယတြာချေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒီနေ့ ကျွန်မရဲ့ ဂြိုဟ်စီးနဝင်းစီးက စနေဂြိုဟ်ထဲ စရောက်တဲ့နေ့မို့ လမ်းမှာတွေ့တဲ့ သူတောင်းစား ဒုက္ခသည်တွေကို ကူညီပေးရမယ်တဲ့လေ၊ အဟင်း. . ရှင့်မလဲ ခါတ်ဆီဆိုင်ရှေ့မှာမှ ခါတ်ဆီပြတ်ရတယ်လို့၊ ဖြစ်ချင်တော့ ခါတ်ဆီဖိုးကမပါ။ ဒါပဲနော် သွားပြီ ဘိုင့်ဘိုင်"

ပထမ စတွေ့တုန်းကလို ပြောပြေးလေးပြောပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော မြပုဏ္ဏမာကို ဒီတစ်ခေါက်လဲ အောင်လံထူအဖို့ ပြန်လည်ချေပစရာစကားလုံး ရှာမရတော့။

"ကျွတ် ဆိုးလိုက်တဲ့ ငါ့ကံကြမ္မာ"

ခေါင်းမှဆံပင်တွေကို တဗျင်းဗျင်းကုတ်ပြီး ကိုယ့်ကြမ္မာကိုယ်ပြန်ပြီး အပြစ်တင်လိုက်သည်။

ဒီကပ်စေးနဲ့အဖေရဲ့ လက်ဝေခံဘဝကနေ ရုန်းထွက်ပြီး ကိုယ့်ကိုယ်ကိုယ်တိုင် ငွေမရှာနိုင်သ၍တော့ ဒီလိုအခက်အခဲ၊ ဒီလိုဒုက္ခတွေ ကြုံနေရဦးမှာပါ။

မဖြစ်ဘူး အောင်လံထူ အောင်လံမလဲအောင် ကိုယ်ပိုင်ငွေသုံးနိုင်ဖို့ အလုပ်ရှာမှ ဖြစ်တော့မည်။

ဒီတော့ ဘာအလုပ် ရှာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"ဟဲ့..မိတ္တူကူးတာလဲ ကြာလိုက်တာဟာ"

"ဒုက္ခသည်တစ်ယောက်ကို အကူအညီ ပေးနေရလို့ဟ"

မိတ္တူဆွဲလာသည့် စာရွက်တွေကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်တင်ပြီး နိုနိုဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဟဲ့ ရေဘေးဒုက္ခသည်တွေကို အကူအညီ ပေးနေရလို့လား"

"ခုဟာက ရေဘေးဒုက္ခသည်ထက် ဆိုးတဲ့လူဟ၊ မြို့လည်ခေါင်မှာ ကိုယ်ပိုင်ကားစီးပြီး ဓါတ်ဆီဝယ်ဖြည့်စရာ ငွေမရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ"

"ဟော့တော် ဘယ်သူပါလိမ့်"

စိတ်ဝင်တစား အဖြေရှာနေသော နိုနိုကို ပြောပြချင်တာမှ အူကိုယားနေသည်မို့

"ငါ့ကို ဟိုတလောက ဖဲ့လိုက်တဲ့ ကိုယ်ပိုင်ကားစီးပြီး ပလုံရောင်းစားတဲ့လူလေ"

"ဩော်. . အေး. . ဟုတ်လား၊ ခု တွေ့ပြန်ပြီပေါ့"

"အေးလေ ငါ့ပိုက်ဆံအိတ်ထဲမှာ လက်စွပ်ရွေးဖို့ဆိုပြီး အမေပေးထားတဲ့ ပိုက်ဆံတွေ ရှိတယ်လေဟာ၊ ဟဲ. . ဟဲ. . ဂွင်ကြုံတုန်း ငါကလည်း ပြန်ဖဲ့တဲ့အနေနဲ့ သူ့ကို ဆီဖိုးတစ်သောင်းခွဲကို အထက်စီးနင်းပြောပြီး ကူညီခဲ့လိုက်တယ်"

"ဟော့တော် နင်ကတော့ ရက်ရက်ရောရော ဒါနပြုခဲ့ပြီပေါ့"

"အင်းလေ ခု ငါနိုင်သွားပြီ"

"တစ်သောင်းခွဲတောင် နှမြောစရာဟာယ်၊ သူ ပြန်မပေးရင် ဘယ်လိုလုပ်မလဲ၊ အဲဒါကိုများ နိုင်တယ်လုပ်နေသေးတယ်"

"တစ်သက်လုံး ငါက သူ့ရဲ့ကျေးဇူးရှင် ဖြစ်နေရတော့မှာပေါ့၊ ခုတော့ နင်က ငါ့ကို တစ်သောင်းခွဲချေးဦး မနက်ဖြန် ငါပြန်ပေးမယ်"

"ဩော်. . အေး. . ကောင်းတယ်၊ ငါက ဘောစိလေ ဟီး. . ဟီး"

နိုနို သူ့ကျောပိုးအိတ်ထဲမှ တစ်သောင်းခွဲ ထုတ်ပေးသည်။

www.burmeseclassic.com



"ကျေးဇူးပဲ"

"ကျေးဇူးတင်ရင် ငါ့ကို အဲ့လူနဲ့တွေ့ရင် မိတ်ဆက်ပေး"

"ဟယ် မိန်းမနောက်ပိုး လုပ်မလို့လား၊ သူက ငမွဲနော်ချပ်ပဲရှိတာ၊ ကျန်တာ အခွံကြီး ထင်တယ်ဟာ"

မဲ့ကာရွဲ့ကာ ရှုတ်ချလိုက်သော မြပုလ္လဲမှာ စကားကြောင့်နိုနို တခစ်ခစ်ဖြင့်ရယ်ကာ. . .

"ငါက ရုပ်ပဲကြိုက်ချင်တာ အထုပ်မပါလဲရတယ်"

"ဟယ် မိန်းမဈေးကျလိုက်တာဟာ"

"ဟဲ့. . ဘာတွေ ဈေးကျနေတာလဲ၊ အချိုအချောင်ရရင်သည်း ငါ့ကိုလည်း ပြောဦးလေဟာ၊ နင်တို့ပဲ ကြိတ်ပြီး သွားမဝယ်ကြနဲ့"

ဘူမသိ ကိုးမသိ ဝင်ပြောကာ နိုနိုဘေးမှာ ဝင်ထိုင်လိုက်သော သီရိကိုတော့ ထိုကိစ္စ မပြောပြချင်ပါ။ သီရိက သင်တန်းမှာအင်ဖော်မာဖြစ်သည်မို့ နှုတ်လုံမှာမဟုတ်။

"မနေ့က ဖက်ရှင်ဆိုင်တစ်ခုမှာ အကောင်းစား Brand တွေကို Discount ချလို့ ဈေးကျတုန်း သွားဝယ်လို့ ပြောတာ"

"ဩော်. . ဟုတ်လား"

ငွေကို ခြိုးခြံသုံးရသော သီရိ နောက်ထပ် စကားမဟာတော့။

"ဩော်. . ဒါနဲ့ သီရိ၊ နင့်ကို ဟိုတစ်လောက ပြောထားတဲ့ကိစ္စ စုံစမ်းပြီးပြီလား"

"ဂိုက်ဌားဖို့ ကိစ္စလား"

"အေး. . ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အစ်ကိုကိုတော့ မေးထားတယ်၊ ငါ့အစ်ကိုက သူ့သူ ငယ်ချင်း ဘွဲ့ရတစ်ယောက်တော့ ရှိတယ်တဲ့၊ စာလည်းတော်ပြ အသင်အပြကောင်းတဲ့အတွက် သူ သင်နိုင်မလားလို့ မေးပေ မယ်လို့တော့ ပြောတယ်၊ ခုထိတော့ အကြောင်းမပြန်သေးဘူး ဟ"

"မြန်မြန်လေး မေးခိုင်းစမ်းပါ နိုနိုရယ်၊ အဲဒီဂိုက် မရမချင် ငါ့မောင် စနေကို စာပြတဲ့ဝင့်ဒုက္ခက ကျွတ်မှာ မဟုတ်ဘူးဟာ"

"ဟင် နင်က ဆယ်တန်းစာတွေကို မသင်နိုင်လို့လား သုံးလုံးတောင် ထွက်ထားပြီးတော့"

"မသင်နိုင်လို့ မဟုတ်ဘူးဟ၊ ငါ့မောင်စနေက ငါ့ကို လုံး မကြောက်တော့ စာသင်ရတာ ဒေါသထွက်ဖို့ ကောင်းတယ်ဟာ နောက်ပြီး ငါ့မှာလည်း ကိုယ့်ကျောင်းစာနဲ့ကိုယ် ဘယ်လိုအချိန် ပေးနိုင်မလဲ၊ ဒါကြောင့် ငါ့အမေက ငါ့ကို ဂိုက်ရှာခိုင်းတာဟ"

"အေးပါ ဂိုက်ချောချောလေး ရှာပေးပါ့မယ်၊ ဒါမှ ငါ့သူ ငယ်ချင်း ရည်းစားမြန်မြန်ရမှာ"

"ဒါဆိုရင် ငါ မြင်မြင်ချင်း အသည်းနှလုံးတွေ ဖလန်း လန်းထတဲ့ ယောကျာ်းမျိုးကို ရှာလာနော်၊ ငါက ဇီဇာကြော တယ်၊ တော်ရုံယောကျာ်းမျိုးဆိုရင်တော့ ဆောရီးပဲလို့"

မြပုဏ္ဏမာသည် ထိုသို့လည်း ဘလွတ်ရွတ်တ ပြောတတ် ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ကျွန်တော်. . ရှက်တယ် အဖေရာ"

"ဟော့ကောင် ငါ့အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ကျွန်တော်ရှက်တယ်ချည်းပဲ ပြောနေပါလား၊ မင်းကို ဘယ်သူက အရှက်တကွဲ အကျိုးနည်း လုပ်လိုက်လဲ ငါ့ကိုပြောစမ်း"

ဂနာမငြိမ် ဖြစ်နေသော သားဖြစ်သူကိုကြည့်ပြီး ဂျာနယ်ဖတ်နေသော ဦးအောင်စစ်သည် မျက်စိနောက်လာသည်။

"ကျွန်တော့်ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်တာ အဖေလေ"

www.burmeseclassic.com



"ဘာကွ. ."

"ဟုတ်တယ် အဖေ့အာရုံထဲမှာ အမေဆုံးပြီးကတည်းက အဖေ့ငယ်ရည်းစားကြီးကို ရှာနေတာကလွဲပြီး သားတစ်ယောက်အပေါ်မှာ အဖေဘာများ တာဝန်ကျေလို့လဲ"

"ဘာကွ. ."

ဘလိုင်းကြီး ရန်ရှာနေသော အောင်လံထူကိုကြည့်ပြီး

"အောင်မာ. . အောင်မာ၊ ထထိုးလိုက်ရလို့ သွားချေးယိုဒယား ကသွားမယ်၊ ဖအေကို အဲလိုပြန်ကိုက်ရလား၊ ငါက မင်းပေါ် ဘာများတာဝန်မကျေနေလို့လဲ. . ဟမ်"

"ကျွန်တော်အခု ကောင်မလေးတစ်ယောက်ရှေ့မှာ အရှက်ကွဲခဲ့ ရပြီလေ"

"မင်း ပုဆိုးကျွတ်ကျလာလို့လား"

"အဲ့ ပုဆိုးကျွတ်ကျတာကမှ ခံသာသေးတယ် ခုဟာက"

အောင်လံထူ မြပုဏ္ဏမာရှေ့မှာ ငမွဲတစ်ယောက်အဖြစ် အောက်ကျို့ခံခဲ့ရကြောင်းကို မျက်ရည်ထွက်မတတ် ရှင်းပြလိုက်သည်။

ဦးအောင်စစ်သည် တခွီးခွီးဖြင့် ရယ်တော့သည်။

"အဖေ ဘာရယ်တာလဲဗျာ၊ အဖေ မုန့်ဖိုးလုံလုံလောက်လောက်မပေးလို့ ခုလို လူပုံအလယ်မှာ အရှက်ကွဲရတာလေ ကောင်းသလားလို့"

"အဲဒါ မင်းအပိုင်းလေ၊ အပြင်မထွက်ခင်ကတည်းက ဆီတိုင်ကီထဲမှာ ဆီအပြည့်ရှိမရှိ စစ်ဆေးပြီး ထွက်ရမှာ မင်းတာဝန်မဟုတ်ဘူးလား၊ ဒါကိုများ ငါ့ပေါ် အပြစ်လာပုံချနေသေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ဘာကောင်မှန်း မသိဘူး”

ကိုယ်ကပဲ အပြစ်ပြန်ဖြစ်ရသေး။

“အဖေသာ ကျွန်တော့်ကို အသုံးစားရိတ် လုံလုံလောက်လောက်ပေးထားရင် ဒီလို အရှက်ကွဲစရာ အကြောင်းမရှိဘူးလေ”

အနိုင်မခံ အရှုံးမပေး အဖေ့ကို စကားနိုင် ပြန်လုသည်။ မြပုဏ္ဏမာရှေ့မှာ အရှက်ကွဲခဲ့ရပြီးပြီမို့ သူ ရှုံးခဲ့ရပြီ။

“မင်းရဲ့ တစ်လဝင်ငွေ ဘယ်လောက်ရှိလဲ”

“အမ် . .”

အဖေ့အမေးကိုဖြေဖို့ လည်ချောင်းဝထဲမှာ စကားလုံးအဆင်သင့်မရှိ၊ ဘွဲ့ရပြီး ကတည်းက တက်လိုက်ရတဲ့ သင်တန်းတွေ တစ်လတစ်လ သင်တန်းကြေးက တစ်သိန်းအထက်မှာရှိနေတာတော့ သူလည်းအသိပါ၊ အင်တာနက် အသုံးပြုခက တစ်လတစ်လ ငါးသောင်းနီးပါး ရှိသည်။ ဒါတောင် ဖုန်းဘေလ်ဖြည့်ခမပါသေး၊ ဒီ့အပြင် ဘော်ဒါတွေနှင့် ပရဟိတ လုပ်ငန်းလေးတွေမှာ လစဉ်ကြေးထည့်ရတာက တစ်လသုံးသောင်းခန့်ရှိသည်။

“ဟကောင် . . ပြောလေ၊ မင်းက တစ်လ ဘယ်လောက်ရှာနေလို့ တစ်လကို ဖျမ်းမျှငွေ ဘယ်လောက်ရာခိုင်နှုန်း သုံးမှာလဲ ငါ့မှာ မင်းအတွက် ကုန်ဖို့ငွေကို စုနေရတာလေ၊ ဂျပန်မှာကျောင်းသွားတက်ရင် ဘယ်လောက်ကုန်မယ်ထင်နေလို့လဲ ခု ငါ အဲဒီအိမ်စွ လုံးပန်းနေရတာ မင်းသိလား”

“သိ . . သိတော့ သိတာပေါ့၊ အဟဲ . . ဒါ . . ဒါပေမယ့် ခု ကျွန်တော် အရှက်ကွဲလာတာလေးတော့ မျှဝေခံစားပေးသင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် အဖေရာ၊ အဖေ့ရဲ့ အချစ်တုံးကြီး အကြောင်းပြောရင် တောင် ကျွန်တော့်မှာ မျှဝေခံစားပေးရသေးတာပဲ"

"အေး. . ခံစားပေးမှာပါ။ ဒါကြောင့် ငါကလည်း မင်းကို အသုံးစားရိတ် တစ်နေ့ငါးရာ ထပ်တိုးပေးမယ်"

တစ်နေ့ ထောင့်ငါးရာ ဖြစ်သွားပြီမို့ ဒီထက်ပိုပြီး စောဒက မတက်ချင်တော့။

"ဟော့ကောင် မင်းမျက်နှာက မအီမသာကြီးနဲ့ မကျေ နပ်နိုင်သေးဘူးလား"

"ကျေနပ်ပါတယ် အဖေရာ၊ ကျွန်တော့်ကြောင့် အဖေ လစဉ် ကုန်ကျနေရတဲ့ စရိတ်တွေကို ဂျပန်မှာ ကျောင်းသွားတက် ရင်း အလုပ်တစ်ဖက်လုပ်ပြီး ဆပ်မယ် စိတ်ကူးတာပါ။ ဒါပေမယ့် ကျွန်တော် အလုပ်လုပ်တော့မယ် အဖေ"

အောင်လံထူ့စကားကြောင့် ဦးအောင်စစ်သည် မျက်မှန် အောက်မှ မျက်လုံးနှစ်လုံး ပြူးထွက်သွားသည်။

"ဟမ်. . မင်းက အလုပ်လုပ်တော့မယ် ဟုတ်လား"

"ဟုတ်တယ်အဖေ အချိန်ပိုင်း အလုပ်လေးပါ"

"ဘာအလုပ်တုန်း"

"ဆယ်တန်းကျောင်းသားလေးတွေကို ဂိုက်လုပ်ပေးဖို့ပါ"

"ဩော် အေးအေး မင်းလုပ်ကြည့်ဖို့အတွက် ငါ မကန့် ကွက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"မင်း တကယ်လုပ်မှာနော် အောင်လံ၊ ငါ တစ်ဖက်ကို အကြောင်းပြန်လိုက်တော့မယ်"

"အေးပါ ဆယ်တန်းကလေးတွေကို စာသင်တာ ငါ့အတွက် ဘာများအပန်းကြီးတာ မှတ်လို့ကွာ၊ ဘယ်နှစ်ယောက်ဖြစ်ဖြစ် ငါသင်နိုင်ပါတယ်"

"အေးပါ မင်းသင်နိုင်တယ်ဆိုရင် တစ်လက်စတည်း ငါ့ဦးလေးရဲ့ ကိုယ်ပိုင်ကျူရှင်ကျောင်းမှာ အချိန်ပိုင်း ဝင်သင်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လ နှစ်သိန်းလောက်ကတော့ အသာလေးပဲ"

"ရရင် လုပ်မယ်ကွာ"

"မင်း ဂျပန်မှာ ကျောင်းသွားတက်ဖို့ စီစဉ်ပေးတာက ရော"

"အဲဒါကကြာဦးမှာ၊ ဒီနှစ်ကုန်ပိုင်းလောက်မှ ဖြစ်မှာလေ"

"အေးပေါ့ ဒါဆိုရင်တော့ မင်းအတွက် အဆင်ပြေတာပေါ့ကွာ၊ အဟဲ. . ကိုယ်ပိုင်ကားစီးပြီး မိန်းကလေးတစ်ယောက်ဆီက ငွေချေးပြီး ဆီဝယ်ထည့်ရတဲ့ဘဝက လွတ်သွားတာပေါ့ကွာ"

ဒဏ်ရာဟောင်းကို ဆွနေသလိုမျိုး ခန့်ဇော်၏ စကားကြောင့် ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

အဲဒါဘဝပဲလေ၊ သူ့အလိုလို ဖြစ်သွားတာ၊ အောင်လံထူက ဘာတတ်နိုင်မှာတဲ့လဲ. . .။

"ငါ သူ့ကို အဲဒီပိုက်ဆံ ပြန်ပေးချင်တယ်ကွာ၊ ဘယ်မှာပေးရမှန်း မသိဘူး၊ သူ ဘယ်မှာနေမှန်းလည်း ငါမသိဘူး"

"မင်းတို့ နှစ်ကြိမ် ဆုံပြီးပြီဆိုတော့ ဒါဟာ မင်းရဲ့ ဖူးစာရှင် ဖြစ်နိုင်တယ်၊ ဒီတော့ မင်းနဲ့သူ တကယ့်ဖူးစာရှင် အစစ်တွေဆိုရင် နောက်ထပ် ပြန်ဆုံကြဦးမှာပါကွာ၊ တကူးတက လိုက်ရှာမနေပါနဲ့တော့"

"ဒီကောင်မလေးနဲ့တော့ ဖူးစာရှင် မဖြစ်ပါရစေနဲ့ကွာ၊ အကြောတင်းလေးကွ၊ ငါ့ကို ပြောသွားတဲ့ စကားတွေက နား ထဲကမထွက်ဘူး"

ခုချိန်ထိ အသံစာစာလေးနှင့် ဖွဲ့သွားသော စကားသံ



www.burmeseclassic.com

www.burmeseclassic.com



အချို့က နားထဲမှာ တဝဲလည်လည်။

ကျေးဇူးတင်ရအခက် စိတ်ဆိုးရအခက်မို့ ဖူးစာရှင် ဘယ်လိုဖြစ်နိုင်မှာတဲ့လဲ။

ခုချိန်မှာ ဘယ်လိုမှ မခံစားရသော်လည်း ထိုကောင်မလေးနှင့် နောက်တစ်ကြိမ် ထပ်ဆုံချင်ပါသေးသည်။

အကြွေးဆပ်ဖို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဘယ် သွားမလို့လဲ ကိုအောင်စစ်သည်"

အခန်းတံခါးသော့ပိတ်နေတုန်း အပေါ်ထပ်မှ မခင်မွန် လက်ထဲမှ စတီးလ်ချိုင့်ကိုင်ပြီး ဆင်းလာကာ လှမ်းမေးသည်။

"ဪ. . ဒီနေ့ ကုမ္ပဏီအစည်းအဝေး ရှိတယ်လေ၊ မခင်မွန်ရော ဘယ်လဲ"

"ကိုအောင်စစ်သည်တို့အိမ်ကို ငါးသလောက်ပေါင်းလေး လာပို့တာလေ၊ ယောကျ်ားသားတွေချည်းပဲ နေကြတာဆိုတော့ တွေလီကာလီ ဘယ်လုပ်စားဖြစ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငါးသလောက်ပေါင်းဆို၍ ဦးအောင်စစ်သည် သဘောတွေ ကျသွားသည်။ မြစမ်းကြည် ရှိစဉ်တုန်းကတော့ ငါးသလောက်ပေါင်း မကြာခဏ ပေါင်းစားဖြစ်သည်။

မြစမ်းကြည် မရှိတော့သည့်နောက်ပိုင်း ထမင်းဟင်းကို ဖြစ်သလို ကြုံသလို စားနေရတာ ကြာပါပကော။

"ကျွန်တော်က ငါးသလောက်ပေါင်း သိပ်ကြိုက်တာ၊ မခင်မွန်ရဲ့ ကျေးဇူးတင်တယ်ဗျာ၊ ဒီနေ့တော့ ထမင်းစားလို့ တကယ်ကောင်း တော့မှာပဲ"

ကမ်းပေးလာသော ငါးသလောက်ပေါင်းချိုင့်ကို အားတုံ့အားနာ လှမ်းယူရင်း ပါးစပ်ကလည်း စေတနာရှင် ကျေနပ်စေသောစကားမျိုး ရွေးပြောရသေးသည်။

"ချိုင့်ကတော့ နောက်မှပဲ ယူတော့မယ်ရှင် အပေါ်မှာ လူမမာကို တစ်ယောက်ထဲ ထားခဲ့ရလို့ပါ"

"ဪ . . ဟုတ်လား၊ ဒါဆို ကျွန်တော် ညနေကျမှပဲ လာပို့တော့မယ်ဗျာ၊ ကျေးဇူးစပါယ်ရှယ် တင်ပါတယ်"

ကျေးဇူးတင်စကားကို ထပ်လောင်းပြောဆိုပြီး ပိတ်နေဆဲသော့တန်းလန်းကို ပြန်ဖွင့်ကာ ဟင်းချိုင့်ကို အိမ်ထဲ ဝင်ထားလိုက်သည်။

မခင်မွန်တို့ လာပို့တာ နှစ်ခါရှိပြီ၊ ဒီတစ်ခါတော့ ကိုယ့်ဘက်က တစ်ခုခုတော့ တုန့်ပြန်မှ ဖြစ်တော့မည်။

ဘာပြန်ပေးလျှင် ကောင်းမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"သား စာသင်ရမယ့်ကလေးက သူပါပဲကွယ်၊ နာမည်က စနေကျော်တဲ့၊ ဉာဏ်ကောင်းပြီး စာကျက် အင်မတန် ပျင်းတဲ့ကလေးပေါ့"

ကိုယ့်သားကို စာသင်ပေးမည့် လူကလေးက ခန့်ညား မွန်ရည်ပြီး ကိုယ်ပိုင်ကားလေးနှင့် စာလာသင်သည်ဆိုတော့ အဆင့်အတန်း ခပ်နိမ့်နိမ့်ထံကတော့ မဟုတ်မှန်း ဒေါ်မြသီတာ အကဲခတ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့တွေ့ရင် သူ စာကျက်ပျင်းမှာ မဟုတ်တော့ပါဘူး အန်တီ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း ငယ်ငယ်က စနေကျော်လိုပဲ စာကျက်ပျင်းခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အဖေကြောင့် စာကျက်မပျင်းတော့ပါဘူး"

"အမလေး ကျေးဇူးတင်လိုက်တာ သားရယ်၊ သားနဲ့ မချိတ်မိခင်ကဆိုရင် သူကအစ်မက စာပြပေးတာလေ၊ သူတို့ မောင်နှမ စာသင်ချိန်ရောက်ပြီဆိုရင် တစ်အိမ်လုံးကို ဆူညံနေတော့တာပဲကွယ်"

စနေကျော် ဆိုးကွက်ကလေးတွေကို ပြောပြပေးနေသော ဒေါ်မြသီတာမျက်နှာကို အောင်လံထူ မြင်ဖူးသလို ရှိနေသည်ဟု စိတ်ထဲမှ တွေးမိလိုက်သည်။

"ကဲ သားစနေ ဆရာ့စကားကို နားထောင်ရမယ်နော်၊ ကြားလား"

"ဟုတ်ကဲ့ပါ မေမေရ"

"စနေကျော် ကျောင်းမှာ chapter ဘယ်လောက်ထိပြီးပြီလဲ"

"4 ပါဆရာ"

"အိုခေ ကိုယ်တို့ chapter 4 ကနေ စကြရအောင် ရှေ့က 1 to 3 ကိုတော့ စနေတနင်္ဂနွေမှာ အစားထိုးပြီး Revision ပြန်ပေးမယ်"

"ဟုတ်. . ဆရာ"

စနေကျော်ထံမှ ဆရာဟူသော အခေါ်အဝေါ်ကြောင့် အောင်လံထူ ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ကလေးလို နေလာခဲ့ခြင်းမို့ ဆရာဟု အခေါ်ခံလိုက်ရမှ ရင့်ကျက်သင့်တဲ့ အရွယ်ရောက်နေပြီဆိုတာ သတိထားမိသွားသည်။

"ကဲ ဒါဆို စပြီး lesson တွေ လုပ်ကြရအောင်"

ဒေါ်မြသီတာ အလိုက်သိစွာ ထိုင်ရာမှ ထလိုက်ပြီး. . .

"ကဲ သားရေ အန်တီ စနေကျော့်ကို သားလက်ထဲ အပ်ပြီနော်၊ ဆရာ့ကို စိတ်အနှောက်အယှက် မပေးရဘူးနော်"

"ဟုတ်ကဲ့ စိတ်ချပါ အန်တီ"

"ဟုတ်ကဲ့ပါ မေမေရာ"

ဒေါ်မြသီတာ စာကြည့်ခန်းထဲမှ ထွက်သွား၏။

စနေကျော် တစ်စခန်းထ၏။

"ဆရာ. ."

"ဟင်. ."

"ဆရာ့အသက် ဘယ်နှစ်နှစ်လဲ"

"ဘာဖြစ်လို့ မေးတာလဲ စနေကျော်"

ဆရာဖြစ်နေပြီမို့ တပည့်လက်သစ်ကလေးကို သိပ်အရောဝင်၍ မဖြစ်။

"ဆရာ လူပျိုလား လူအိုလားဆိုတာ မှန်းကြည့်ချင်လို့"

"ဟင်. . အဲဒါ စနေကျော် အတွက် အရေးတကြီး သိဖို့ လိုလို့လား"

"Yes လိုတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ သိပ်လှတဲ့ အစ်မတစ်ယောက် ရှိလို့ပေါ့"

"ဟာ ဒီချာတိတ် ဘာတွေလျှောက်ပြောနေတာလဲကွာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . စာသင်မယ်၊ တခြားဘာမှ ထပ်မပြောနဲ့တော့ ဟုတ်ပြီလား"

စနေကျော် စပ်ဖြီးဖြီးရယ်ရင်း . . .

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ဝါး. . ဒီနေ့ အိမ်လှေခါးပေါ် တက်ကတည်းက ဟင်းနံ့မွှေးနေတာ၊ လက်စသပ်တော့ အဖေ့လက်ရာကိုး"

ဆိတ်သားတုံးကြီးတွေကို ဆီသပ်ချက်နေသော အဖေ့၏ ရက်ရောမှုကို အမေဆုံးပြီးကတည်းက ပထမဆုံး ကြုံရခြင်းဆိုက မမှား. . .

"ကျွန်တော် ဘာဝိုင်းလုပ်ပေးရဦးမလဲ အဖေ"

"မင်း စာသင်ရတာ အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သားဟင်းအိုးထဲသို့ မဆလာတွေထည့်ရင်း လှမ်းမေးသည်။

"ဆယ်တန်းစာသင်တာပဲ အဖေရာ ဟားဗတ်တက္ကသိုလ်အစာတွေ သွားသင်ရတာမှ မဟုတ်တာ၊ အဆင်မပြေစရာ ဘာရှိလဲ၊ ဒီလကစပြီး ကျွန်တော့်အသုံးစားရိတ်ကို ကျွန်တော်သုံးတော့မယ်၊ အဖေ အသုံးစားရိတ် မပေးနဲ့တော့"

ဦးအောင်စစ်သည် မဲ့ခနဲ ရယ်လိုက်သည်။

"ဆယ်တန်းကျောင်းသားလေး တစ်ယောက်ကို စာသင်တဲ့လစာက ဘယ်လောက်ရနေလို့ မိဘကို အာခံချင်နေရတာလဲ"

အောင်လံထူကလည်း ခနဲ့တဲ့တဲ့ ထရယ်သည်။

"အဟုတ် ဆယ်တန်းကျောင်းသားလေးတစ်ယောက်နဲ့ ကျွန်တော်က ခုလို မာန်ထတက်ပါ့မလား အဖေရာ၊ အခု ကျူရှင်တစ်ခုမှာ အချိန်ပိုင်း အင်္ဂလိပ်စာဆရာ ဝင်လုပ်ရမယ်၊ လစာက နှစ်သိန်းအဖေရဲ့ အဖေ့ကို အိမ်စားရိတ် တစ်လတစ်သိန်း ထောက်မယ်"

ဦးအောင်စစ်သည် မျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွားသည်။ ဒီလိုဆိုတော့လည်း အောင်လံထူတို့က မခေပါလား သေါ့။

"ဒါနဲ့အဖေ . . ရှိတာက သားအဖနှစ်ယောက်ထဲရယ်၊ ဆိတ်သားတွေက အများကြီးပါလား"

"အပေါ်ထပ်က မခင်မွန်တို့ အိမ်အတွက်ပါ ပိုချက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . ဘာလို့ ပိုချက်ရတာလဲ အဖေရ၊ အဖေနဲ့ အဲလောက်တောင် ရင်းနှီးသွားကြပြီလား၊ အဖေရှာနေတဲ့ ချစ်သက်လယ်လေးကရော"

"ဟာ ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲကွ၊ ငါတို့က ရိုးရိုးသားသားကွ၊ သူတို့ကပဲ ဟိုဟာလာပေး ဒီဟာလာပေးနဲ့၊ အပေးပဲရှိတယ်၊ ဒါကြောင့် ငါတို့ကလည်း ပြန်ပေးရမှာမဟုတ်လား"

အဖေ့လက်ရာ ဆိတ်သားဟင်းကို တစ်ဝကြီး စားပစ်မည်ဟူသော အတွေးက တက်တက်စင်အောင်ကို စကေးနှင့် စားရတော့မည်။

"ရပ်ကွက်ထဲမှာ ဟင်းခွက်ကူးတာ မိန်းမတွေပဲ ကူးတာပါ အဖေရာ၊ အဖေကျမှ ယောက်ျားကြီးတန်မဲ့ ဟင်းခွက်ကကူးဦးမယ်၊ ပြီးရင် မတည့်ကြတော့ဘူး"

"ဟကောင် ငါက မတည့်ရအောင် မိန်းမမို့လား၊ သူကမိန်းမ ငါကယောက်ျား မတည့်စရာ ဘာအကြောင်းမှ မရှိဘူး"

ထိုစကားကြောင့် အောင်လံထူ ခွီးခနဲ ရယ်လိုက်သည်။

"ဟေ့ကောင် ဘာရယ်တာလဲ"

"အဖေပဲ အပေါ်ထပ်က မခင်မွန်ကြီးနဲ့ မတည့်စရာ အကြောင်းမရှိဘူးဆို"

"အေးလေ သူက မိန်းမ ငါက ယောက်ျား မတည့်စရာ ဘာအကြောင်းရှိလဲ"

ထပ်ပြောပြန်သည်။ အရသာ တွေ့နေသည့်နှယ်၊ အောင်လံထူ ထပ်ရယ်ပြန်သည်။ ဘာကြောင့်ရယ်သလဲ ဦးအောင်စစ်



www.burmeseclassic.com

www.burmeseclassic.com



သည် သဘောမပေါက်။

"တည့်ဖို့ အလားအလာရှိတယ်ဆိုရင်လည်း အဖေ့ ချစ်သက်လယ်ကြီးကို ခေါက်သိမ်းပြီး သူနဲ့ပဲ တင်းတိမ်လိုက်ပါတော့ အဖေရာ၊ သူလည်း ဝဝကစ်ကစ်ကလေးပေမယ့် ချစ်စရာကောင်းပါတယ်"

"ဟာ. . ဟော့ကောင် တိုးတိုးပြောပါကွာ၊ ကြားကုန်ပါ့မယ်၊ ငါ တို့က ရိုးရိုးသားသား ခင်တာကွ၊ အိမ်နီးနားချင်း အသိမိတ်ဆွေ အဆင့်လောက်ပဲရှိတာ၊ မင်း ပေါက်ကရတွေ လျှောက်မတွေးနေနဲ့၊ သွား ရေချိုးပြီးရင် ထမင်းပွဲပြင်ထား၊ ငါ အပေါ်ထပ်ကို ဟင်းသွားပို့ရဦးမယ်"

အနည်းငယ်တက်ကြွနေသော အဖေ့ကိုကြည့်ပြီး. . အောင်လံထူ အသက်ကြီးမှာကို ကြောက်နေသည်။

အသက်ကြီးလေ အချစ်ရောဂါက ပိုရင့်လေဆိုလျှင် ဒီသံသရာက လွတ်မြောက်နိုင်ပါဦးမည်လား။

အောင်လံထူကတော့ အချစ်ရဲ့ ကျေးကျွန်အဖြစ်မခံနိုင် ချစ်သင့်တဲ့အချိန်မှာချစ်၊ မေ့သင့်တဲ့အချိန်မှာမေ့ပြီး ဒီသံသရာစက်ဝန်းက လွတ်မြောက်ဖို့ နည်းလမ်းရှာရမည် မဟုတ်လား။

ဘဝတစ်ခုမှာ အချစ်မပါလျှင် မပြီးသလို ထိုအချစ်ကိုပဲ သာသည့်တိုင် ဖက်တွယ်ထား၍မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

လူ ခေါ်ဘဲလ် တီးလိုက်သည်နှင့် တံခါးချပ်ဖွင့်လာသည်။ ဆယ်နှစ်ကျော်အရွယ် ကောင်မလေးတစ်ယောက် ခေါင်းလေးပြူကြည့်ပြီး. . .

"ဪ. . အဘ"

"မခင်မွန်ရော"

"ကြီးကြီးကို ဆေးတိုက်နေတယ်၊ ခေါ်လိုက်မယ်လေ"

"မအားရင် မခေါ်ပါနဲ့. . ဟောဒီမှာ ချိုင့်လာပြန်ပို့တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သားဟင်းလေး ပါတယ်လို့"

"ကိုအောင်စစ်သည်လား၊ အထဲဝင်ပါဦး"

ကောင်မလေး နောက်ကျောမှ မခင်မွန် ဘွားခနဲ ပေါ်လာပြီး အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်သည်။

"မခင်မွန် အလုပ်ရှုပ်နေတာပဲ မဝင်တော့ပါဘူး"

"မရှုပ်ပါဘူး၊ လူမမာကို ဆေးတိုက်နေတာလေ၊ ခုတော့ ပြီးပါပြီ"

မဝင်တော့ပါဘူး မခင်မွန်၊ ကျွန်တော်က စကားပြောရင် အသံနည်းနည်းကျယ်တယ်ဗျ၊ လူမမာ စိတ်အနှောက်အယှက် ဖြစ်နေပါ့မယ်"

"လူမမာက နားပါသိပ်မကြားတော့၊ ကိုအောင်စစ်သည် စကားပြောသံကို သဲသဲကွဲကွဲ ကြားရမှာ မဟုတ်ပါဘူးရှင်၊ ဒါနဲ့ ချိုင့်ထဲက ဘာတွေလဲ"

"ဆိတ်သားဟင်းပါ"

"အို. . အလကား ဒုက္ခရှာလို့ရှင်"

"ဒုက္ခရှာတာ မဟုတ်ပါဘူး မခင်မွန်ရယ်၊ ဒီတစ်ခါပဲ ပြန်ပေးရတာပါ။ ကဲ. . . သားက ထမင်းပွဲ အဆင်သင့်ပြင်ထားမှာမို့ သွားလိုက်ဦးမယ်ဗျာ"

"ဟုတ်ကဲ့ ကောင်းပါပြီရှင်၊ ဟင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အဟဲ. . ရပါတယ်"

စကားစကိုဖြတ်ပြီး အောက်ထပ်ကို ပြန်ဆင်းခဲ့လိုက်သည်။ မခင်မွန်၏ ဖော်ရွေပျူငှာမှုတွေက အတိုင်းထက်အလွန်မို့



www.burmeseclassic.com

စကားအများကြီးပြောမိလျှင် ကိုယ့်စိတ်တွေ ယိုင်သွားနိုင်ပါသည်။

ထို့ကြောင့် ခပ်ခွာခွာလေးနေတာ ကောင်းပါသည်ဟု ကိုယ့်ကိုယ်ကိုယ် သတိချပ်လိုက်သည်။





www.burmeseclassic.com



# အခန်း(၂၂)

ထမင်းစားပြီး ဗိုက်လေးသွားသည်မို့ ဦးအောင်စစ်သည် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ အစာခြေနေသည်။

ထိုစဉ် လူခေါ်ဘဲလ် မြည်လာပြန်သည်။

"ဟော့ကောင် တံခါးလာဖွင့်စမ်း"

"ဟာ. . အဖေကလည်း ကျွန်တော်က ပန်းကန်ဆေးနေတာလေ၊ တံခါးပေါက်က အဖေနဲ့ နီးနီးလေးကို ဖွင့်လို့ရတာပဲ"

www.burmeseclassic.com



"အေး အဲဒါလည်း ဟုတ်တာပဲ"

ဦးအောင်စစ်သည် တံခါးကို အရှက်ပြေပြောရင်း ဖွင့်လိုက်သည်။

"ဩော်. . မခင်မွန်"

လက်ထဲမှာ ကြွေရည်သုတ် အစ်ကလေးတစ်လုံး ကိုင်လာပြန်သည်။

"ရှေ့သားအဖနှစ်ယောက် ထမင်းစားပြီးကြလောက်ပြီထင်လို့ ဟာလဝါလေး လာပို့တာ"

"ဟာဗျာ အားနာစရာကြီး"

အောင်လံထူ ဘေစင်မှာ ပန်းကန်ဆေးနေရင်းမှ အိမ်ရှေ့ကို အသာချောင်းကြည့်သည်။

"အို အားနာစရာလား၊ ဒီလူနဲ့ ဒီလူကို"

"ကျွန်တော်က ဟာလဝါ သိပ်ကြိုက်တာဗျ"

"ကျွန်မလည်း ဟာလဝါအရမ်းကြိုက်တယ်လေ၊ ဒါကြောင့် အိမ်မှာကိုယ်တိုင်လုပ်တာ"

"တော်လိုက်တာဗျာ၊ ဒီလို ဒေသထွက်မုန့်မျိုးကို တော်ရုံအိမ်ရှင်မ မလုပ်တတ်ဘူးဗျ"

"ကျွန်မက ဝါသနာ ပါလို့ပါရှင်"

"ဒါဆိုရင် မုန့်လုပ်စားတိုင်း ကျွန်တော်တို့ပါ စားရပြီပေါ့"

"ဒါပေါ့ရှင်. . ကဲကဲ စားလိုက်ကြအုံး"

"ဩော်. . ချိုင့်. . အဲ. . ထည့်စရာလေး ပြန်ယူသွားဦးလေ"

"နောက်မှပေးပါ လှယ်မနေပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ပေးပါဆို၍ ဦးအောင်စစ်သည် နောက်ကျော တွန့်သွားသည်။

"ဩော်. . ဟုတ်ကဲ့ပါဗျာ"

ဒေါ်ခင်မွန်လည်း အပေါ်ထပ်သို့ တက်သွားပြီမို့ အိမ်တံခါးကို ပိတ်လိုက်သည်။

"ဒီပုံအတိုင်းဆို ငါက ဒီဟာပြန်ပေးဖို့ ဟင်းတစ်မျိုး ထပ်ချက်ရဦးမှာပေါ့"

မကြားတကြားပြောပြီး ဟာလဝါတွေကို နှိုက်စားလိုက်သည်။

"ကောင်းလိုက်တဲ့ ဟာလဝါပဲ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

ခြံတံခါးဖွင့်ပြီး ဝင်လာသော အောင်လံထူကိုမြင်ပြီး မြပုဏ္ဏမာ တအံ့တသြ ဖြစ်သွားသည်။ အိမ်ပေါ်မှ ကမန်းကတန်း ဆင်းကာ အိမ်ဘက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာသော အောင်လံထူရှေ့မှာ ခါးထောက်ပိတ်ရပ်လိုက်သည်။

"ဟင်..မြပုဏ္ဏမာ"

ခြေလှမ်းတွေ တုန့်သွားသည်။

"ရှင် ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က မင်းအိမ်လား"

"ဟုတ်တယ်"

စနေကျော် ပြောပြောနေသည်။ အစ်မချောချောရှိသည် ဆိုတာ နောက်ဆုံးတော့ ပုဏ္ဏမာကို ပြောတာပဲဟု ခုမှပင် သဘောပေါက်တော့သည်။

"ဒါဆို အတော်ပဲ တစ်သောင်းခွဲ အကြွေးဆပ်ရမယ်"

ခါးကြားထိုးထားသော လယ်သာခေါက်အိတ်ကိုထုတ်ပြီး တစ်သောင်းတန်တစ်ရွက်နှင့် ငါးထောင်တန်တစ်ရွက်ကို ထုတ်လိုက်သည်။

"ရော့. . "

"မယူပါဘူး၊ ရှင့်ကို အဲ့နေ့ထဲက အပြတ်လှူလိုက်တာပဲ"

"လှူတယ်ဆိုတာ အလှူခံပုဂ္ဂိုလ်ရှိမှ အလှူမြောက်တာလေ၊ ကျွန်တော်က သူများဆီက အလကားမလိုချင်ဘူး၊ အဲဒီနေ့က ကူညီတာကို ကျေးဇူးတင်တယ်"

မြပုဏ္ဏမာ ကမ်းပေးနေသည်ကို မယူ။

"ယူပါ. . ရော့"

မြပုဏ္ဏမာ၏လက်ကို ဆတ်ခနဲဆွဲယူပြီး လက်ထဲထည့်ပေးလိုက်သည်။

"ဩော်. . ဟော်. . ဆရာနဲ့မမက· ဒီအခြေအနေထိတောင် ရောက်နေကြပြီကိုး"

"ဟင်. . စနေ"

"ဟဲ. . ဟဲ. . ခုမှ ရှက်မနေပါနဲ့ မမရာ၊ စနေက ကိုယ့်အစ်မချောကြောင်းလှကြောင်း ကြုံပြီးကြော်ငြာဝင်ထားတာ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီဝိုက်ဆံက ဘာလုပ်တာလဲ"

စပ်စုနေသော စနေကျော်ကြောင့် အောင်လံထူ ရှင်းပြရခက်နေသည်။ မြပုဏ္ဏမှာ ခပ်ငေါက်ငေါက် ဝင်ဟန့်လိုက်သည်။

"နင် သိစရာမလိုဘူး စနေ၊ သွား. . အိမ်ထဲဝင်"

"ကောင်းပါပြီဗျာ ဝင်ပါ့မယ်၊ အိမ်ထဲကထိုင်ပြီးတော့ပဲ လပ်စင်းလေးကို ထိုင်ကြည့်တော့မယ်"

ပြောပြေးလေးပြောပြီး အိမ်ထဲဝင်သွားသော စနေကျော်ကိုကြည့်ပြီး ဒီကောင်လည်း သူ့အစ်မလိုပဲ ပြောပြေး ပြေးတတ်သည်ပေါ့။

"ရှင်က စနေ့ဆရာမှန်း ကျွန်မ လုံးဝမသိဘူး"

"ခုသိပြီပဲ သဘောမကျဘူးလား"

"ဘာရှင့် ကျွန်မက ဘာကိုသဘောကျရမှာလဲ"

"စာသင်တာကို သဘောမကျဘူးလားလို့ မေးတာပါ"

"စနေ့ရဲ့ အချိန်ပိုင်းဆရာဟာ ရှင်ဆိုရင် ကျွန်မက မေမေ့ကိုတားမှာ အဲဒီဂိုက်ကို မဌားနဲ့လို့"

ထိုစကားကြောင့် အောင်လံထူ ရယ်သည်။

"ဒါဆို ခု လာမသင်တော့နဲ့လို့ ပြောမှာလား"

"မေမေတို့နဲ့ရှင်နဲ့ လေပေးဖြောင်းနေတာပဲ၊ ပြောတော့ရော ကျွန်မအပြစ်ပဲ ဖြစ်မှာ"

ခြံထဲတွင် အပြန်အလှန် စကားတွေ ပြောနေကြသည့် အခြေအနေထဲသို့ မိုးပေါက်တွေ ခပ်ကြမ်းကြမ်း ကြွေကျလာသည်။

"ဟော မိုးရွာလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မိုးရေပေါက်တွေအောက်မှ အိမ်ဘက်သို့ ပြေးဝင်ခဲ့ကြသည်။

အိမ်ထဲဝင်ပြီးတော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မတိုင်ပင်ပဲနှင့် ရယ်မိသွားကြသည်။

ဒါဟာ ငြိမ်းချမ်းရေး အပြုံးဟုပဲ အောင်လံထူ သတ်မှတ်လိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

“ဟေ့ကောင် ကားကို ခဏရပ်စမ်း”

အဖေ့စကားကြောင့် ကားကို ပုံမှန်မောင်းနေသော အောင်လံထူမှာ စက်အရှိန် အနည်းငယ် လျော့လိုက်ပြီး. . .

“ဘာလုပ်မလို့လဲ အဖေ”

“ဟော ဟိုမှာကြည့်စမ်း၊ ကန်စွန်းညွှန့် တုတ်တုတ်ကြီးတွေ ဖြာနေတာပဲ”

အဖေညွှန်ပြရာ အုတ်တံတိုင်းကြီးဘေးရှိ ရေမြောင်းထဲတွင် ကန်စွန်းပင်တွေ ထိုးထိုးထောင်ထောင် တွေ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ အဖေရ"

"ဟာ . . ဘာဖြစ်ရမှာလဲ၊ ကားရပ်ပြီး ဆင်းခူးမယ်လေ"

"ဗျာ . ."

"မဗျာနဲ့၊ လာ . . မင်းရောင်ါရော နှစ်ယောက်ဆင်းခူးကြမယ်"

ခေါင်းမွေးများ ထောင်ထသွားရလောက်အောင် ရှက်ရသူက အောင်လံထူဖြစ်ပြီး လောဘစိတ်ဖြင့် တက်ကြွနေသူက ဦးအောင်စစ်သည် ဖြစ်သည်။

"အ . . အဖေ မံနောက်နဲ့နော်"

"ဟကောင် ဒါ နောက်စရာလား၊ ကြည့်စမ်း ပြာစိမ်းပြီး ထောင်နေတဲ့ ကန်စွန်းညွှန့်မှ မခူးရင် ငါ လူမိုက် ဖြစ်သွားမှာပေါ့၊ လူဆိုတာ အခွင့်အရေးကို အကျိုးရှိရှိ အသုံးချတတ်ရတယ်ကွ"

"ဒါပေမယ့် ကိုယ်ပိုင်ကားစီးပြီး လမ်းဘေးရေမြောင်းက ကန်စွန်းရွက် ဆင်းခူးတာတော့ ဘယ်လိုမှ မသင့်တော်ဘူးလေ အဖေရာ"

"ဟ . . လမ်းဘေးရေမြောင်းက ကန်စွန်းရွက်ခူးတာ၊ သူများအိမ်နောက်ဖေးက ထမီသွားရုပ်တာမှ မဟုတ်တာကွ၊ ကိုယ်ပိုင်ကားစီးတဲ့သူ လမ်းဘေးက ကန်စွန်းရွက် မခူးရဘူးလို့ ဥပဒေမထုတ်ထားသလို ဘုရားဟောထဲမှာလည်း ဒါကို အကုသိုလ်အလုပ်လို့ မဟောထားဘူး"

ဥပဒေတွေ ဘုရားဟောတွေနှင့် ကိုင်ပေါက်နေ၍ အဖေ့ကို ပြန်လည်ဆင်ခြေတက်စရာ စကားလုံးမရှိ။

"ဟာ . . ဒါ . . ဒါပေမယ့် ကျွန်တော် မခူးချင်ဘူး အဖေ



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ သတ်ရင် သတ်ပစ်လိုက်”

“မသတ်ဘူး ပေါ့ကောင် မင်းက ငါမွေးထားတဲ့ သားပဲ၊ မင်း အဖေဆိုတဲ့ငါဟာ ငယ်ဘဝတုန်းက ဟောသလို ရေမြောင်းတွေမှာ အမေနဲ့အတူ ကန်စွန်းရွက်လိုက်ခူးပြီး အရပ်ထဲ လည်ရောင်းခဲ့ဖူးတဲ့ကောင်ပါ၊ အဲဒါ မင်းဘဝရဲ့ အစပဲ၊ ဒီတော့ အဖေတစ်ယောက်ရဲ့ ငယ်ဘဝကို ဂုဏ်ပြုရင် ခု ဆင်းခူးပါ”

“ဟင်. . ”

အဖေ့ တစ်ချက်လွှတ်အမိန့်ကို လန့်ပြီး အာမေဋိတ်သံပြုလိုက်ခြင်းမဟုတ်၊ ခပ်လှမ်းလှမ်းတွင် မိန်းကလေးတစ်ယောက်နှင့် လမ်းလျှောက်လာသော မြပုဏ္ဏမာကို လှမ်းမြင်လိုက်၍ ခေါင်းနားမန်း ကြီးသွားရခြင်း ဖြစ်သည်။


ဒူးနှစ်ဖက်စလုံး ချက်ချင်းတုန်ခိုက်လာသည်။

“အ. . အဖေ၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်အိမ် ခဏသွားပြီး ဝိတ်သွားလျှော့လိုက်ဦးမယ်၊ ပြန်လာရင် ဝိုင်းပြီးခူးပေးမယ် အဖေရာ၊ နော်. . ကျွန်တော် မအောင့်နိုင်တော့လို့ပါ”

“ဖြစ်လိုက်ရင် ချက်ချင်းပဲ၊ သွား. . သွား. . မြန်. . မြန်”

“ဟုတ် ဖြည်းဖြည်းချင်း ခူးနော်၊ ကျွန်တော် ချက်ချင်းပြန်လာခဲ့မယ်”

ဝိနည်းလွတ် နှစ်သိမ့်လိုက်ပြီး ကားကို ခပ်မြန်မြန် မောင်းထွက်ခဲ့လိုက်သည်။ အဖေကတော့ သူ့လောဘနှင့်သူ ကန်စွန်းမြောင်းကြီးထဲဆင်း၍ ကျန်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"မောင်ရှုတော်. . ဟိုမှာ ဟိုလူကြီး ရေမြောင်းထဲ လဲကျနေပြီ"

နိုနိုညွှန်ပြရာသို့ မြပုဏ္ဏမာ လှမ်းကြည့်လိုက်သည်။

"ကန်စွန်းရွက်ခူးပြီး ရောင်းစားရတဲ့ အဘိုးကြီးထင်တယ်၊ သနားပါတယ်ဟယ်၊ လာ. . လာ. . မြန်မြန်သွား ဝိုင်းကူရအောင်"

ပရဟိတစိတ်ရှိသူ သူငယ်ချင်းနှစ်ယောက် ရေမြောင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှောက်ခုံကြီး လဲကျသွားသော ဦးအောင်စစ်သည်ထံသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။

"ဦးလေးကြီး သမီးတို့ ဘာကူညီပေးရမလဲ"

အင်္ကျီတွေနှင့် မျက်နှာမှာ ရွှံ့တွေပေနေ၍ မြပုဏ္ဏမာ လက်ထဲမှ စောစောက နှပ်ညှစ်ပြီး မလွှတ်ပစ်ပဲ ကိုင်ထားဆဲဖြစ်သော တစ်သျှူးဖြင့် သုတ်ပေးလိုက်သည်။

"ဟင်. . သက်. . သက်လယ်"

ရွှံ့ပေနေသော မျက်နှာကို တစ်သျှူးဖြင့် ဂရုတစိုက် သုတ်ပေးနေသောဟန်က ငယ်စဉ်က ချစ်ခဲ့တောင့်တခဲ့ရသော သက်လယ်လေးနှင့်မှ တစ်ပုံစံထဲမို့ သတိလက်လွှတ် နာမည်ခေါ်လိုက်ခြင်းဖြစ်သည်။

သို့သော် မြောင်းထဲမှ ဝရုန်းသုန်းကား အခြေအနေကြောင့် နာမည်ကို ခေါ်လိုက်ပေမယ့် ပလုံးပထွေး ဖြစ်သွားသည်မို့. . .

"ရှင်. . သလဲ၊ မျက်စိထဲ သလဲ ဝင်သွားလို့လား၊ ဟဲ့. . နိုနို တစ်ရှူးပေးပါဦး၊ ဒီမှာ မျက်စိထဲက သလဲတွေ ထုတ်ပေးရအောင်"

"ဟဲ့. . စောစောက နင်ပဲ နှပ်ညှစ်ချင်လို့ တောင်းတာနဲ့ ငါပေးလိုက်တာလေ၊ ဘယ်မှာရှိတော့မှာလဲ"

ဒီတော့မှ မြပုဏ္ဏမာ သတိရသွားကာ. . .

"ဟောတော် ငါ. . ငါ. . နှပ်တွေ ညှစ်ထားတဲ့ တစ်ရှူးနဲ့ ယောင်ပြီး ဒီဦးလေးမျက်နှာကို သုတ်ပေးလိုက်မိပြီ"

"ဟောတော် နင်ကလည်းဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပဟင်း. . ဦးလေး ကန်. . ကန်တော့နော် ငံကျိုကျိုဖြစ်သွားရင် တောင်းပန်တယ် သိလား"

မြပုဏ္ဏမာ မချိသွားဖြဲလေးနှင့် မဝံ့မရဲ တောင်းပန်လိုက်သည်။

"ရ. . ရပါတယ် မရွံ့တတ်ပါဘူး၊ ဒါ. . ဒါနဲ့ သက်. . သက်လယ်များလားလို့ လူ. . လူတောင် မှားတယ်ကွယ်"

"ရှင် သက်လယ် ဟုတ်လား၊ သလဲကိုပြောတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွယ်၊ သက်လယ်ကို ပြောတာပါ"

"ဩော်. . သမီးက သက်လယ်မဟုတ်ဘူး ဦးလေးရဲ့၊ ဦးလေးတစ်ကိုယ်လုံး ရွှံ့တွေပေနေပြီ၊ ရေမြောင်းထဲက တက်လိုက်တော့လေ"

မြပုဏ္ဏမာ မြောင်းနှုတ်ခမ်းပေါ် လက်တင်ပြီး ကုန်းကုန်းကွကွဖြစ်နေသော ဦးအောင်စစ်သည်ကို စေတနာဖြင့် တွဲတင်လိုက်သည်။

"ကန်. . ကန်စွန်းရွက်တွေ ခူးထားတာ ဘယ်ရောက်ကုန်ပြီလဲ၊ ဩော်. . မြောင်းထဲ ပြန်ပြုတ်ကျကုန်ပါပြီ"

"ဦးလေးရယ်၊ ကန်စွန်းရွက် ခူးရောင်းလို့ ရမှာက လေးငါးရာ. . တစ်ထောင်၊ ဦးလေး တစ်ခုခုဖြစ်ရင် ကုန်မယ့်ဆေးဖိုးက ဒီထက်မကဘူး"

"ဟမ်. . အဲ. . ဟို. . ဟိုလေ"

ကိုယ့်ရုပ် ကိုယ့်ရူပကာက ကန်စွန်းရွက် ခူးရောင်းရတဲ့ ရုပ်မျိုးတဲ့လား၊ ဒီကလေးမလေးမို့ ပြောရက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်နှင့် တော်တော်လေး တူနေ၍သာ ငြိမ်နေလိုက်ရတာ၊ တခြားကောင်မလေးမျိုးသာဆိုလျှင် အော်ထုတ်လိုက်ပြီ။

"ကဲ. . ရော့ ဦးလေး ဒီနေ့ သမီး အလှူလုပ်တာ"

ငါးထောင်တန်တစ်ရွက်ကို ဦးအောင်စစ်သည်လက်ထဲ ထည့်ပေးနေသောကြောင့် လူက အူကြောင်ကြောင်ဖြင့် ဘယ်လိုငြင်းရမှန်းပင် မသိတော့။

"ရော့. . ယူပါဦးရဲ့ အားမနာပါနဲ့"

"ယူလိုက်ဦးလေး၊ သူ့အမေက ဘောစိ၊ သူ့အတွက် ဒီလောက်ငွေက ဘာမှလျော့မသွားဘူး"

"အေး. . အေးပါကွယ်၊ ဒါနဲ့ သမီးတို့က ဒီရပ်ကွက်ထဲကလား"

"မဟုတ်ဘူး ကြာညိုလမ်းထဲက ပညာပျိုးခင်းမှာ ကျူရှင်လာတက်တာ"

"ဩော်. . ဒါ. . ဒါပေမယ့် ဒီ. . ဒီငွေကိုတော့ ပြန်ယူသွားပါကွယ်"

ရှက်ရှက်နှင့် ပြန်ပေးလိုက်သည်။

"ယူပါဦးလေးရဲ့"

"တော်ကြာနေ ဦးလေးသား လာခေါ်တော့မှာ ရတယ်ကိစ္စမရှိပါဘူး"

"ဦးလေးမှာ သားရှိရဲ့နဲ့ ဖအေကို လမ်းဘေးက ကန့်စွန်ရွက်ခူးခိုင်းတာ အံ့ပါရဲ့၊ ကဲပါ. . ယူသာထားပါ၊ နောက် လမ်းတွေ့ရင်လည်း လိုအပ်တာ အကူအညီတောင်းနော် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ သွားတော့မယ်"

မြပုလ္လဲမာနှင့်နိုနို ကြောင်စိစိဖြင့် ငြင်းဆန်နေသော ဦးအောင်စစ်သည်နားမှ ထွက်သွားကြသည်။

"ဟာ. . ဒုက္ခပါပဲ ငါ့နှယ်၊ ချစ်သက်လယ် ကိုယ်ပွားလေး ရှေ့မှာမှ အရှက်က ဟက်တက်ကို ကွဲရတယ်လို့"

လက်ထဲမှ ငါးထောင်တန်ကို မြတ်နိုးစွာကြည့်ပြီး. . .

"ဒီကလေးမလေးပဲ ချစ်သက်လယ် ဖြစ်လိုက်ပါတော့"

မြောင်းစပ်မှာ ငူငူကြီး ထိုင်နေဆဲဖြစ်သော ဦးအောင်စစ် သည်နားသို့ အောင်လံထူ ကားလေး ထိုးရပ်လာသည်။

"ဟေ့ကောင် ငါလသွိး၊ ဝိတ်သွားလျှော့တာ မိန်းမများ ရသွားပြီလားလို့"

တစ်ကိုယ်လုံး ရွံ့တွေပေနေသော အဖေ့ကိုကြည့်ပြီး အောင်လံထူ ကားပေါ်မှ ဆင်းလိုက်သည်။

"အဖေ ဘာဖြစ်တာလဲ၊ ဟာဗျာ. . အပေအတေရုပ်ကို ပေါက်သွားတာပဲ၊ ကန်စွန်းရွက်ဆင်းခူးတာ အဲလောက် ညစ် ပတ်ရလား"

"ဟကောင် ဘာအပေအတေရုပ်လဲ၊ ငါ မြောင်းထဲ ချော် လဲလို့ကွ၊ ခုပဲ သက်လယ်ကိုယ်ပွားလေးက ငါ့ကို ကူညီသွားလို့ မြောင်းနံ့ဘေး ခုလိုထိုင်နေနိုင်တာ"

"ဟင် သက်လယ်နဲ့ တွေ့ပြီလား"

"အဲဒါမမေးနဲ့ ဟိုမှာ ငါခူးထားတဲ့ ကန်စွန်းရွက်တွေ ရေ ထဲပြန်ပြုတ်ကျနေတယ်၊ ဆင်းပြီး ယူခဲ့"

"ဟာ. . အဖေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စစ်သည် ရွှံ့ပေနေသော ကိုယ်ဖြင့်ပင် ကားထဲ ဝင်ထိုင်လိုက်တော့သည်။

"ဘဝမှာ ဒီလောက် အရှက်မရခဲ့ဘူး၊ ကောင်မလေးတွေ ရှေ့မှာမှ အရှက်ကွဲရတယ်လို့"

ကိုယ့်လောဘကိုယ် ပြန်ပြီးကျိန်ဆဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"ဟယ်. . ကန်စွန်းရွက်နဲ့မှိုနဲ့ ကြော်ထားတာပါ သား၊ အမလေး. . အဲဒါ ခင်မွန်အကြိုက် ကိုအောင်စစ်သည်ရဲ့"

အရှက်ကွဲခံပြီး ခူးထားရသော ကန်စွန်းရွက်နှင့်မှိုကို ကြော်ကာ ဟာလဝါလာပို့ထားသော ကြွေရည်သုတ် အစ်ကလေးနှင့် အစားပြန်ထည့်ပေးခြင်းပါ။

စေတနာ အသွားအပြန်က ခုထိ ဆုံးမည်မဟုတ်။

ဦးအောင်စစ်သည် ဆိုတဲ့သူဟာ ငွေကို စနစ်တကျသုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



ချွေတာသင့်လျှင် ချွေတာလိမ့်မည်။ သူများဆီက အလကားရတိုင်း မှိန်းစားချင်သော လူတော့မဟုတ်။

"ဒါဆိုရင်တော့ လာပို့ရကျိုး နပ်သွားပြီပေါ့ မခင်မွန်ရယ်"

"ဟုတ်ပ့ါရှင်. . ကဲ. . ဝင်ပါဦး၊ အိမ်ထဲကို"

"ဗျာ မဝင်တော့ပါဘူး၊ မခင်မွန်မှာ လူမမာတစ်ဖက်နဲ့"

"အို ဝင်ပါဦး၊ လူမမာက ဆေးတိုက်ထားလို့ အိပ်ပျော်နေပါပြီ"

အတင်းခေါ်နေသဖြင့် ဆက်ငြင်းလျှင် ရိုင်းရာကျတော့မည်။ ထို့ကြောင့် ခဏတဖြုတ်တော့ စိတ်ကျေနပ်အောင် ထိုင်ပေးလိုက်မည်ဟူသော စိတ်ကူးဖြင့် အိမ်ထဲရှိ ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။

"ခဏထိုင်ဦးနော်၊ ကိုအောင်စစ်သည် ကန်စွန်းရွက်ကြော်ချိုင့် ထမင်းစားခန်းထဲ သွားပို့လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ"

ဧည့်ခန်းထဲတွင် ငေါင်ငေါင်ကြီး ထိုင်ကျန်ရစ်ခဲ့သည့် ဦးအောင်စစ်သည်မှာ တခြားသူတွေလို ဧည့်ခန်းမ အပြင်အဆင်ကို ဟိုဒီငေးပြီး စပ်စုဖို့ ဝါသနာမပါ။ ထို့ကြောင့် ဆက်တီစားပွဲပေါ်တင်ထားသည့် ခင်ခင်ထူး၏ ဖက်စိမ်းကွမ်းတောင်ရွှေ ဝတ္ထုတိုများစာအုပ်ကို ယူ၍ ဟိုလှန်ဒီလှန် လုပ်နေလိုက်သည်။

သိပ်မကြာလိုက် ဒေါ်ခင်မွန်လက်ထဲတွင် အထုပ်တစ်ထုပ်ပါလာသည်။ အိမ်ဖော်ကောင်မလေးက ကော်ဖီခွက်ကိုင်ကာ ဦးအောင်စစ်သည်ရှေ့ လာချပေးသည်။

"ကဲ. . ကော်ဖီလေးလဲသောက်၊ ပြီးရင် ဟောဒီက ဒါးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကလေးပါ၊ အပြန်လက်ဆောင် ယူသွားပါဦး"

"ဗျာ . . အဲ . . မ . . မလုပ်ပါနဲ့၊ ဒီလောက် ဈေးကြီးတဲ့ ငါးခြောက်ကိုများ"

တစ်ကောင်လျှင် နှစ်ဆယ်သား အစိတ်သားခန့်ရှိမည့် ငါးရံ့ခြောက် အပြားကြီးသုံးပြားကြောင့် ဦးအောင်စစ်သည် ယူရမှာ တွန့်ပါသည်။

တန်ဖိုးအားဖြင့် တစ်သောင်းကျော်ဖိုးခန့်ပင် ရှိလောက်မည်။

"အို . . ဈေးကြီးတာနဲ့ ဘာဆိုင်လဲ ကိုအောင်စစ်သည် ရယ် ခင်မင်မှုနဲ့ စေတနာကသာ အရေးကြီးတာပါ"

"ဒါပေမယ့်ဗျာ"

အမှန်တကယ်ပင် ယူရမှာ လက်မရဲပါ။ သူ့ဆီကို ပြန်သွားရမည့် ငါးခြောက်တန်ဖိုးခန့်ရှိမည့် ကိုယ့်ရဲ့ပြန်ပေးဆပ်မှုကို မဖြစ်မနေ လုပ်ရတော့မည်။

"ကဲပါ ကော်ဖီအရင်သောက်ပါ"

ကော်ဖီကို အားနာနာနှင့် သောက်ရပြန်သည်။ နောက်ဆုံး ငြင်းမရသည့်အတွက် အိမ်အပြန်တွင် လက်ထဲမှာ ငါးခြောက်ထုပ်ကြီး ပါလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"ဝါး အဖေ. ; ငါးရံ့ခြောက်တွေပါလား၊ အဲလောက် ဈေးကြီးတဲ့ငါးခြောက် အဖေ တစ်ခါမှမဝယ်ဖူးပါဘူး"

ခပ်လျှောင်လျှောင် မေးနေသော အောင်လံထူကို အသံ တိတ်ဆဲပြီး. . .

"မင်း ငါ့ကိုမလျှောင်ပါနဲ့"

"မလျှောင်ပါဘူး၊ ကန်စွန်းရွက်နဲ့မှိုကြော် သွားပေးပြီး ပြန်လာတော့ ငါးခြောက်တွေ ပါလာတာဆိုတော့ ဒေါ်ခင်မွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ပေးလိုက်တာလား"

"ဟုတ်တယ်"

ခန့်မှန်းတော်သော အောင်လံထူကို ညာ၍မှ မရတာ။

"အဖေတော့ နေရင်းထိုင်ရင်း ပွပေါက်ကိုးပြီပဲ"

"ဟော့ကောင် ဘာပွပေါက်တိုးရမှာလဲ"

"အဖေ့ကို အန်တီခင်မွန်ကြီးက ကြိုက်ပြီး ခိုက်နေသလား လို့"

ထိုစကားကြောင့် ဦးအောင်စစ်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟော့ကောင် မဟုတ်ကဟုတ်က လျှောက်မပြောနဲ့"

"တကယ်ပြောတာ၊ အဲဒီ အန်တီခင်မွန်ရဲ့ မျက်နှာအကျ နဲ့ အဖေ့ချစ်သက်လယ်ရဲ့မျက်နှာနဲ့ ဆင်သလိုပဲ"

"မဖြစ်နိုင်တာ သက်လယ်ဆိုရင် ငါ့ကို မှတ်မိနေမှာပေါ့ ကွ၊ နောက်ပြီး နာမည်ကလည်း မတူဘူး"

"ကျွတ် အဖေ့ကို သူ မှတ်မိစရာလား၊ အဖေ လွန်ခဲ့တဲ့ အသက်အစိတ်က ခန္ဓာကိုယ်နဲ့ နှုပ်ျမှုတွေက ခု အဘိုးကြီးပုံစံနဲ့ တူနိုင်ပါတော့မလား"

"အေး. . ဒါလည်း ဟုတ်တာပဲ၊ ဟိုးတုန်းက ငါက သိပ် ချောတာ၊ မင်းသား ဇော်လင်းလိုလို ဘာလိုလိုနဲ့"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေသော အဖေ့စကားကြောင့် အောင်လံထူ ခွီးခနဲ ရယ်လိုက်သည်။

"မရယ်နဲ့ မင်းအဖေငယ်ငယ်က ဓါတ်ပုံတွေကို ကြည့် ဘယ်လောက်ယောကျ်ားပီသပြီး ချောမောလိုက်သလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



အဖေ ငယ်ငယ်က ချောတာကိုတော့ လက်ခံပါသည်။ အောင်လံထူ ချောတာလည်း အဖေနှင့်တူလို့ဆိုတာ လူတိုင်း သိကြသည်။

"အဖေချောတာ သား ငြင်းနေလို့လား၊ ကျွန်တော်ပြော တာကို သေချာစဉ်းစားကြည့် အဖေ၊ နာမည်ဆိုတာ လူတိုင်း အချိန်မရွေး အကြောင်းအမျိုးမျိုးကြောင့် ပြောင်းနိုင်တာပဲလေ၊ ဟိုက မိန်းကလေးမို့ အဖေ့ကို သူ့ငယ်ချစ်ဦးလားလို့ ထုတ်မေး ရမှာ မဝံ့ရဲလို့ ဒီအတိုင်း ရင်းနှီးအောင် ပေးနေတာနေမှာ"

"ဘာပေးတာလဲ"

"လက်ဆောင်တွေလေ"

ဦးအောင်စစ်သည် တွေဝေသွားသည်။ ခုမှ သတိထား ကြည့်မိသည်။ ခင်မွန်ကလည်း သက်လယ်နှင့် မျက်လုံးနှုတ်ခမ်း နှင့် မျက်နှာအကျ ခပ်ဆင်ဆင် တူသယောင်ယောင်. . .

မည်းမည်းမြင်ရာ ငါ့ဥစ္စာ ဖြစ်မှာလဲ စိုးတာကြောင့် ဒဲ့ သွားမေး၍လည်းမဖြစ်၊ နောက်တစ်ခါတွေ့မှ သေချာအကဲခတ် ရမည်။

"ကျွန်တော်ပြောတာ လက်ခံတယ်မဟုတ်လားအဖေ၊ အကယ်၍ အဖေ့သက်လယ်ကြီး မဟုတ်ရင်တောင် ရုပ်ဆင်တဲ့ အတွက် အဖေ အာသာဖြေလို့ရတာပေါ့"

ခုချိန်မှာ သက်လယ်ကိုရှာဖို့က ကျယ်ဝန်းလှသော ရောဝတီမြစ်ထဲ ခပ်ပျောက်သွားသည့်နှယ်. .

ဒါ့အပြင် ဒီနေ့ ကိုယ့်ကိုကူညီပေးသည့် သက်လယ်ကိုယ် ပွားလေးကလည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီနေ့ ကန်စွန်းရွက်ဆူးရင်း မြောင်းထဲ ဇောက်ထိုးကျပြီး ယက်ကန်ယက်ကန်ဖြစ်နေတုန်း ကောင်မလေးတစ်ယောက် ငါ့ ကိုကူညီတယ်ကွာ"

"ဟင်. . ဟုတ်လား"

"အဲဒီ ကောင်မလေးကလည်း သက်လယ် အသေးစား လေးလိုပဲ၊ ငါ့ကိုလေ တစ်ရှူးနဲ့ မျက်နှာတွေဘာတွေတောင် ရွှံ့ သုတ်ပေးတာ"

"ဟင်. . တစ်ရှူးနဲ့ ရွှံ့သုတ်ပေးတယ် ဟုတ်လား"

တွေ့ကရာ မိန်းမအခြောက်ပင်မကျန် သူ့သက်လယ် ချည်းပဲ ထင်နေသော အဖေ့ကို တမင်နှောက်၍ မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ပါဘူး၊ ငါ့မျက်နှာမှာ ရွှံ့တွေပေနေတာကို သူ့ တစ်သျှူးနဲ့ သုတ်ပေးတာကို ပြောတာ"

"အဖေ့သက်လယ်ကြီးတော့ မဖြစ်နိုင်ပါဘူး အဖေရာ၊ အဖေ့ သက်လယ်ကြီးက ခုချိန်လောက်ဆို အန်တီခင်မွန်တို့အ ရွယ် ရောက်ရင်ရောက်၊ မရောက်ရင် ဒီထက် အသက်အရွယ် ကြီးတာပဲ ဖြစ်မယ်"

"ဟော့ကောင် ငါ့သက်လယ်က အသက်ကြီးပေမယ့် မပျက်စီးလောက်သေးဘူး"

"အဖေသိလို့လား"

"ငါ့စိတ်က သိနေတယ်"

"သူလည်း ယောက်ျားရနေလောက်ရောပေါ့၊ ခုချိန်ဆို မိန်းမဝဝကြီးတွေလို အပေါ်ကားအောက်ရှူး ခန္ဓာကိုယ်ကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရဆိုးနေလောက်ပါပြီ"

သက်လယ်ကို နှိမ့်နှိမ့်ချချ ပြောနေရာ အောင်လံထူကို မျက်လုံးပြူးပြီးကြည့်ကာ. . .

"မင်း မနာလိုဖြစ်ပြီး ငါ့အချစ်ကို အရုပ်ဆိုး အကျည်းတန် အောင် လျှောက်မပြောနဲ့ကွ"

"ဖြစ်နိုင်ချေ ရှိတာကို ပြောတာပါ အဖေရာ၊ မဖြစ်ပါနဲ့လို့ လည်း သားက ကြိတ်ဆုတောင်းနေတာပါ"

ကိုင်ထားမြဲဖြစ်သော အဖေ့လက်ထဲမှ ငါးရံ့ခြောက်ထုပ် ကို လှမ်းယူပြီး တင်းနေသော အဖေ့စိတ်ကို နှစ်သိမ့်လိုက်သည်။


"ငါ့သက်လယ်လေးက မင်းထင်ထားသလို ပုံစံဖြစ်နေ တော့ရော ငါ့အချစ်က ပြောင်းလဲသွားမှာမှ မဟုတ်တာ"

"အကယ်၍ ဒေါ်ခင်မွန် ဖြစ်နေရင်ရော"

"မဖြစ်နိုင်ပါဘူးကွာ၊ ရုပ်ဆင်တာပါ"

အားလျော့သောလေသံဖြင့် ပြောလိုက်သော အဖေ့ကို စိတ်ထဲ သနားပင် သနားမိသေးတော့သည်။

အချစ်ငတ်နေသောအဖေ အချစ်ဟောင်းကြီးနှင့် မြန် မြန်ပြန်ဆုံပါစေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"ရော . . . သစ်သီးစား"

နီရဲရဲစို့ရွှမ်းနေသော ပန်းသီးစိပ်ပန်းကန်ကို လာချပေးသော မြပုဏ္ဏမာကို ပြုံးဖြီးဖြီးဖြင့် မော့ကြည့်ပြီး . . .

"ကျွန်တော့်ဘဝမှာ ချိုမြိန်တဲ့ သစ်သီးကျွေးတဲ့ မိန်းကလေးတစ်ယောက်မှ မရှိခဲ့ဘူးဖူး၊ ခု ပထမဆုံး အကျွေးခံရခြင်းပဲ၊ ညက အိပ်မက်မက်တယ်၊ ဖူးစာရှင်က ချိုမြိန်တဲ့ပန်းသီး ကျွေးလိမ့်မယ်တဲ့"

"ကိုယ့်ကိုယ်ကိုယ် သိပ်လည်း အထင်ကြီးမနေနဲ့၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စေတနာရှိလို့ လာကျွေးတာမဟုတ်ဘူး၊ မေမေက သွားကျွေးပါ ဆိုလို့ လာပေးတာ"

"ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက် လာကျွေးတာပဲလေ၊ ဒါကြောင့် မြပုဏ္ဏမာက ကိုယ့်ရဲ့ဖူးစာရှင် ဖြစ်နိုင်တာပဲ"

အောင်လံထူ ပန်းသီးစိပ်တစ်စိပ်ကို ယူစားပြီး မထိတထိ စလိုက်သည်မို့ မြပုဏ္ဏမာထံမှ မျက်စောင်းတစ်ချက်ဝေ့ပြီး. . .

"လဲသေလိုက်ပါလား"

"မိန်းမမရသေးပဲ သေလို့မဖြစ်သေးဘူး"

"ပန်းသီးမစားရတာ တော်တော်ကြာနေတဲ့ ပုံစံပဲ"

"ဟင့်အင်း ကိုယ်ကပန်းသီးမကြိုက်ဘူး၊ ဒါပေမယ့် ဒီနေ့တော့ ကြိုက်သွားပြီ၊ အရမ်းလှတယ်၊ အရမ်းချိုတယ်၊ ရင်ထဲမှာ အေးမြသွားသလိုပဲ"

"ဟွန်း. . ပိုကိုပိုတယ်၊ ပန်းသီးကို ပြောသလိုလိုနဲ့ လူကို ရိသဲ့သဲ့လုပ်နေတာ မသိဘူးမျာ ထင်နေလား၊ ပေါက်ကရတွေ ထပ်ပြောဖို့တော့ မကြိုးစားနဲ့၊ မောင်လေး ဝင်လာရင် သူ့အစ်မကို ရိသဲ့သဲ့လုပ်တယ်ဆိုပြီး ဆရာ့ကို ရန်ရှာနေမယ်"

စနေကျော်နှင့် လွှဲချလိုက်သည်။

"ရန်မရှာပါဘူး၊ သူကိုယ်တိုင်ကိုယ်က ဆရာ့ကို ယောက်ဖတော်ချင်လို့တဲ့ ခွင့်တောင်းရှာတယ်၊ ဟဲ. . ဟဲ. . ဟဲ"

"ရှင်နော် လဲသေလိုက်ပါလား"

မြပုဏ္ဏမာ၏ မျက်နှာလေး နီရဲတွတ်သွားသည်။ သူ့အဖြစ်က သွယ်ဝိုက်ပြီး ရည်းစားစကား အပြောခံလိုက်ရတာကိုး. .

"တကယ်ပြောတာပါ၊ မယုံရင် စနေကျော်ကိုမေးကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ မပြောပါနဲ့တော့၊ စိတ်မဝင်စားဘူး"

မြပုဏ္ဏမာ ရှက်ရှက်နှင့် အောင်လံထူရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။ ရုတ်တရက် ရင်တွေခုန်လာလို့ ဖြစ်သည်။

အောင်လံထူ၏ သဘောတကျရယ်သံနှင့် မြတ်နိုးသော အကြည့်တွေက မြပုဏ္ဏမာ၏နောက်ကျောမှာ ကပ်ပါသွားသည်။

ရင်ထဲမှာ မြပုဏ္ဏမာကို မြတ်နိုးမိသွားတာတော့ ဘယ်တတ်နိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"ဟယ် တော့ ပန်းသီး နီနီရဲရဲကြီးတွေပါလား၊ လှလိုက်တာ ချိုလည်းချိုမယ့်ပုံပဲ"

ယိုးဒယားသီးကြီးတွေကို ရန်ကင်းစင်တာမှ တကူးတက သွားဝယ်ထားခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ဈေးဝယ်ထွက်ရင် မခင်မွန်ကို ပန်းသီးကျွေးချင်တာနဲ့ ဝယ်လာလိုက်တာ၊ လူမမာစားလို့ရရင်လည်း ကျွေးလိုက်ပါ"

"လူမမာက စားလို့မရဘူး၊ ဆန်ပြုတ်ပဲ တိုက်ရတာလေ"

www.burmeseclassic.com



"ဩော်. ."

ပါးစပ်ကသာ ဩော်ဟု အာမေဋိတ်သံပြုပြီး အကြည့်တွေက မခင်မွှန်မျက်နှာကို ခပ်စေ့စေ့ လှမ်းကြည့်နေ၏။

သက်လယ်နှင့် ခပ်ဆင်ဆင်တူနေသည်ဟု စိတ်ထဲက မှတ်ချက်ချရမလိုလို မဟုတ်လောက်ပါဘူးဟု ကိုယ့်ထင်မြင်ချက်ကို ငြင်းရမလိုလို။

"ကိုအောင်စစ်သည် ကျွန်မမျက်နှာမှာ ဘာပေနေလို့လဲ တင်"

မလုံမလဲမေးလာသော မခင်မွှန်စကားကြောင့် အကြည့်ရဲတင်းသလို ဖြစ်သွားသော ဦးအောင်စစ်သည် ရှက်ကိုးရှက်ကန်း ဖြစ်ကာ

"ဩော်. . မ. . မပေပါဘူး၊ လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်က ကျွန်တော့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်နဲ့ ဆင်နေလို့ သေချာကြည့်မိသွားတာပါ၊ စိတ်မရှိပါနဲ့ မခင်မွှန်"

"တော်တော်တူလို့လား"

"နှုတ်ခမ်းနဲ့ မျက်လုံးတွေက တူနေသလိုပဲ"

"ဒါဆိုလည်း ခင်မွှန့်ကို အဲဒီတုန်းက မိတ်ဆွေလိုပဲ သဘောထားပြီးခင်ပေါ့ ကိုအောင်စစ်သည်ရယ်"

"ဗျာ. . ဩော်. . အင်း. . ဒါပေါ့၊ မခင်မွှန်ကလည်း ခုဆိုရင် ကျွန်တော့်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်နေပြီပဲ"

ဒေါ်ခင်မွှန် ကျေနပ်စွာဖြင့် မခို့တရို့ပြုံးသည်။

သက်လယ်နေရာမှာ အစားထိုးဖို့ဆိုတာတော့ ခုထိ စိတ်ကူးထဲမှာ မရှိသေးသည့်အတွက် မြင်သမျှ မိန်းမတွေကို သက်



www.burmeseclassic.com

www.burmeseclassic.com



လယ်ဟု မြင်နေမိသော ကိုယ့်အစွဲကိုသာ ကိုယ်ပြန်ပြီး အပြစ်တင်ရပေတော့မည်။

သက်လယ်ရေ မောင် မင်းကို မတွေ့တွေ့အောင် ရှာနေပါတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"အဖေ ကျွန်တော် ရည်းစားထားတော့မယ်"

"ဟော.."

ထူးဆန်းသော စကားကြောင့် ဦးအောင်စစ်သည် မျက်မှန်ကြီး ပင့်ကြည့်ပြီး...

"ဘယ်က ကောင်မလေးလဲ"

"ကျွန်တော် စာသင်နေတဲ့ ကောင်လေးရဲ့ အစ်မပါ"

"အဖေ မင်းကိုပြောထားတဲ့ စံချိန်စံညွှန်း မှီရဲ့လား"

"ဗျာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . မင်းဟာလေ၊ ဖအေစကားကို ဘယ်တော့မှ အလေးအနက် မှတ်မထားဘူး"

ဆူဖို့တာဆူနေသော အဖေ့စကားတွေ ရှေ့ဆက်မခံ။

"အဖေရယ် ကျွန်တော် မှတ်ထားပါတယ်၊ အိမ်မှုကိစ္စ နိုင်နင်းပြီး ခြိုးခြံချွေတာနိုင်တဲ့သူ ဖြစ်ရမယ်၊ အပေါင်းအသင်းဖက် ပြီး အတင်းပြောတတ်တဲ့မိန်းမ မဖြစ်ရဘူး ဆိုတာလေ"

"အဲဒါက လက်ထပ်ပြီးမှ ရှိရမယ့် အရည်အချင်းကွ၊ ခု ငါပြောတာက ချစ်သူထားတော့မယ်ဆိုရင် ကိုယ့်ထက်ငယ်တဲ့ ချစ်သူကို မထားရဘူး ဆိုတာလေ၊ ကိုယ့်ထက်ငယ်ရင် မင်းက အလိုလိုက်ရမယ်၊ သူ ပူဆာသမျှကို မင်း ဝယ်ပေးရမယ်၊ အဲဒီ အတွက် ငွေကုန်မယ်၊ ပြီးရင် မင်းအပေါ် အမျိုးမျိုး နွဲ့ဆိုးဆိုးနေလို့ မင်းဘဝကို တစ်သက်လုံး တံဆိပ်နှိပ်မယ့်ဟာက မယားကြောက် ဆိုတာပဲ၊

အေး. . မင်းထက် အသက်ကြီးသူကို ချစ်သူအဖြစ် ရွေး ချယ်မယ်ဆိုရင် ဟိုချစ်သူက မင်းကို အကုန်အကျခံမှာ၊ မင်းဆိုး သမျှကို ဟိုက အနွံတာခံမှာ၊ ချစ်သူဘဝမှာ အစ်မကြီးတစ် ယောက်လို စိတ်မျိုးမွေးပြီး လိုအပ်သမျှကို ဖြည့်ဆည်းပေးမှာ မင်း ငွေကုန်စရာမလိုဘူး"

လောဘဖြင့် ပြောနေသော ဖခင်ကိုကြည့်ပြီး အောင်လံ ထူ မသိမသာ မျက်နှာမဲ့လိုက်သည်။

"ဟော့ကောင် မမဲ့နဲ့၊ ဘယ်အရာမဆို နည်းစံနစ်ကျကျ တွေးခေါ်ပြီး ပြုမူကျင့်ကြံနေထိုင်မှ အသက်ကြီးတဲ့အခါ မ ကြောင့်မကျ နေထိုင်နိုင်မှာ၊ ကဲ. . ပြော၊ မင်း မကြာခင် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တော်မယ့် မိန်းကလေးက ဘယ်အရွယ်အစားထဲကလဲ၊ ဘယ်ဆိုဒ်ထဲကလဲ"

"အဖေ့အမေးကို ကျွန်တော်မဖြေခင် ကျွန်တော်က အဖေ့ကိုမေးမယ်"

"အောင်မာ မင်းက ဘာမေးမှာလဲ"

"အဖေရော ငယ်ငယ်တုန်းက ချစ်သူထားခဲ့ရင် အရွယ်ငယ်တဲ့သူကို ထားသလား ကြီးတဲ့သူကို ထားသလား"

မျက်မှန်အောက်မှ အဖေ့မျက်လုံးနှစ်လုံး ပြူးသွားသည်။ မျက်ခုံးနှစ်ခုံးပါ အဆင့်မြင့်သွားပြီ။

"မင်းက ငါ့ကို ပြန်ထောက်တာပေါ့၊ ဟုတ်လား"

"ထောက်တာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ပြောခဲ့သလို ချစ်သူက အဖေ့ထက် အသက်ကြီးတယ်ဆိုရင် ကိုယ့်အဖေဆီက အတွေ့အကြုံကို ပညာယူမလို့ပေါ့၊ ဒါကြောင့် မေးတာပါ"

ဒီတော့မှ အနည်းငယ် တင်းသယောင်ဖြစ်သွားသော အဖေ့မျက်နှာ နည်းနည်းပြေသွားပြီး. . .

"ငါ့တစ်သက်မှာ ချစ်သူတစ်ယောက်ပဲ ထားခဲ့ဖူးတယ်၊ အဲဒါက သက်လယ်ပဲ၊ သူက ငါ့ထက် တစ်နှစ်ပိုကြီးတယ်၊ ဒါပေမယ့် သူ ငါ့ကို အလိုလိုက်တယ်၊ ငါ ဆိုးသမျှ နွဲ့သမျှကို ခံတယ်"

"ဒါဆို ဘာလို့ အဖေတို့ ကွဲသွားကြတာလဲ"

"ငါတို့က ဆင်းရဲတယ်၊ သူ့မိဘတွေက ငါနဲ့ကြိုက်တယ်ဆိုတာလည်းသိရော သက်လယ်ကို တစ်ရွာတခြား ပို့လိုက်တယ်၊ ငါလိုက်သွားမယ်လုပ်တုန်းမှာ သက်ကို အိမ်ထောင်ချပေးလိုက်တယ်ဆိုတဲ့သတင်းကို လွှင့်ကြတယ်လေ၊ ငါက အဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပြီး တော်တော်လေး ခံစားလိုက်ရတယ်လေ၊ အဲဒီအချိန်မှာ မင်းအဘိုးက ငါ့ကို မင်းအမေနဲ့ အိမ်ထောင်ချပေးတယ်၊ ငါက လည်း သက်ကိုလွမ်းမိတာနဲ့ အဖေ့စကား မလွန်ဆန်နိုင်တဲ့အဆုံး စကားမပြောတတ်တဲ့ မင်းအမေကို ငါ လက်ထပ်ခဲ့ရတယ်၊ ငါ လက်ထပ်ပြီးတဲ့နေ့ကျမှ သက် အိမ်ထောင်မပြုရသေးဘူးဆိုတဲ့ အမှန်တရားကို သိခဲ့ရတယ်"

အတိတ်ကို ပြန်ပြောရင်းနှင့် အဖေ့အသံတို့ တုန်အက်ကြေကွဲလာသည်ကို သတိထားမိပြီး နားထောင်နေသော အောင်လံထူပါ စိတ်မကောင်းဖြစ်မိသွားသည်။

"အဲဒီနောက်ပိုင်း ငါဟာ မင်းအမေကို အဖြစ်မှန်တွေ ပြောပြပြီး သက်ကို ချစ်နေခွင့်ပြုဖို့ ခွင့်တောင်းလိုက်တယ်၊ မင်းအမေ မြစမ်းကြည်ကလည်း ငါ့ကို လွတ်လွတ်လပ်လပ် ချစ်ခွင့် လွမ်းခွင့် ပြုထားပါတယ်၊ ငြိုငြင်တဲ့ အရိပ်အယောင် မပြရှာဘူး၊ ငါ နောက်ဆုံးသိလိုက်ရတာက သက်ဟာ ငါ လက်ထပ်သွားတာ သိပြီးကတည်းက သူ့ဘဝကို အပျိုကြီးဘဝနဲ့ ရှင်သန်သွားမယ်ဆိုတာပါပဲ"

ဦးအောင်စစ်သည် မောသွားဟန်ဖြင့် သက်မတစ်ချက် မသိမသာချရင်း အောင်စစ်သည်ကို ငုံ့ကြည့်သည်။

"ကျွန်တော် ချစ်သူအဖြစ် ရွေးထားတဲ့ ကောင်မလေးက ခုမှ ဥပဒေကျောင်းသူပဲ ရှိပါသေးတယ်၊ ငယ်ပေမယ့် စိတ်ဓါတ်ရင့်ကျက်သူမို့ အဖေထင်သလို ဖြစ်မလာပါဘူးလို့ ကျွန်တော် ယုံကြည်တယ်"

"မင်းကိုရော သူက ချစ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အဖြေတော့ မပေးရသေးဘူး"

"အင်းလေ မင်းဟာ ငါ့သားပဲ၊ အချစ်ကြီးတဲ့နေရာမှာ ငါနဲ့တူတာ မဆန်းပါဘူး၊ ဒီတော့ အချစ်ရေးအတွက် မင်းကို ဘောင်မခတ်တော့ပါဘူး၊ မင်းသဘောပေါ့"

ချစ်သူအကြောင်း ပြောပြလိုက်ရ၍ ဦးအောင်စစ်သည် စိတ်ကောင်းဝင်သွားသည်။ ထင်၏။

"ဒါဆို ကျွန်တော့်ထက်ငယ်လည်း အဖေ မကန့်ကွက်ဘူးပေါ့"

"လောကကြီးရဲ့ စီမံရာ အတိုင်းပေါ့ကွာ"

ဦးအောင်စစ်သည် ထိုင်ရာမှထကာ ပြောလည်းပြော နာရီလည်းကြည့် အပြင်သွားမည့် အရိပ်အယောင်မို့. . .

"အဖေ ဘယ်သွားမလို့လဲ"

"ငါ သက်နဲ့တူတဲ့ ကောင်မလေးတစ်ယောက်ဆီ သွားမ လို့"

ပြောရင်းဖြင့် အဖေ့ရောဂါက ဖောက်လာပြန်ပြီ။

"အ. . အဖေ့ ဂငယ်ကွေ့က ကြမ်းလှချည်လား"

"ဘာကြမ်းတာလဲကွ"

"အဖေ့ရည်းစားဟောင်းကြီးနဲ့တူတာနဲ့ သွားပြီး ဇာတ်လမ်းလုပ်မလို့လား၊ ဟိုက တောက်ထုတ်လိုက်ရင် အဖေကွဲမှာ နော်"

အသက်ကြီးမှ အချစ်၏ အဆိပ်ငွေ့တွေကို မခံစေချင်ပါ။

"ဟကောင် ဘာကွဲမှာလဲ"

"အဖေကရော ဘာကွဲချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အရင်းမရှိ အဖျားမရှိ ကွဲခိုင်းနေတာကိုးကွ"

အောင်လံထူ တဟားဟား အော်ရယ်ပြီး. . .

"ကျွန်တော်က အသည်းကွဲမှာကို ပြောတာ"

"ငါက အဲကောင်မလေးကို ဇာတ်လမ်းသွားလုပ်ဖို့ မဟုတ်ဘူး၊ သက်နဲ့တူတော့ သက်နဲ့များ အမျိုးတော်နေမလားလို့ သွားစုံစမ်းကြည့်မလို့ပါ"

"အမျိုးမတော်ပဲ သမီးတော်နေရင် ဘယ်လိုလုပ်မလဲ"

"သမီးတော်တော့လည်း မုဆိုးမဆိုရင် ငါ့အတွက် မျှော်လင့်ချက်ရှိသေးတယ်ပေ့ါကောင် ရှင်းလား၊ ကဲ ငါသွားပြီ၊ ဘယ်မှာလဲ ကားသော့"

ကားသော့ လှမ်းတောင်းနေသည်မို့ အောင်စစ်သည် ကားသော့ ချိတ်ထားရာသို့ မေးငေါ့ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

ကားကို ကျူရှင်နှင့် ခပ်လှမ်းလှမ်းမှာ ရပ်ခဲ့ပြီး ဦးအောင်စစ်သည် မြပုဏ္ဏမာ၏ ကျူရှင်ရှေ့မှာ ယောင်လည်လည်နှင့် ဟိုကြည့်ဒီကြည့် လုပ်နေသည်။

ကျူရှင်က ခြံစည်းရိုးအမြင့်ကြီး ကာထား၍ အထဲမှာ စာသင်နေလား မသင်ဘူးလားဆိုတာကို မသိနိုင်။

ထိုသို့ ဇဝေဇဝါတွေးနေတုန်းမှာပဲ ခြံစည်းရိုး သံတံခါးကြီး ဂျိန်းခနဲ ပွင့်လာပြီး အထဲမှ ကျောင်းသူလေးတွေ တဖွဲဖွဲထွက်လာသည်။ တကယ်တမ်းကျတော့ ဦးအောင်စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှင့်တွေ့ဖို့ တွန့်နေသည်။ တွေ့ခဲ့လျှင်တောင် ဘာတွေပြောရမှန်းမသိ။

တူမကြီးက ဦးလေးရဲ့ ငယ်ချစ်ဦး မြသီတာနှင့် ဘာတော်သလဲပေါ့။ (သက်လယ်၏ အမည်အရင်းမှာ မြသီတာဖြစ်သည်။ ချစ်စနိုးနှင့် သက်လယ်လေးဟု ခေါ်ရာမှ နှုတ်ကျိုးနေခြင်း ဖြစ်သည်။)

ထိုသို့မေးပြန်လျှင်လည်း ရိုင်းရာကျဦးမည်။

"ငါ့နှယ် ရင်တွေ ခုန်လိုက်တာ. . . ဗျူး"

စိတ်လှုပ်ရှားနေသော ကိုယ့်စိတ်ကိုယ် ပြန်ပြီးအားပေးလိုက်သည်။

"အို. . ငါဘာကြောင့် စိတ်တွေလှုပ်ရှားနေရသလဲ၊ ရင်ထဲမှာ 'မတင်မကျ ဖြစ်နေတာထက်စာရင် ခုလို တိတိကျကျသိရအောင် မေးလိုက်ဟာက ပိုပြီး စိတ်ရှင်းတာပေါ့"

"ဟယ်. . ဦးလေး"

အတွေးတွေ ယောင်ချာချာဖြစ်နေတုန်း နောက်ကျောမှ ကြားဖူးထားသော အသံလေးတစ်သံကြောင့် ပို၍ စိတ်လှုပ်ရှားသွားကာ ကတုန်ကယင်ဖြင့် လှည့်ကြည့်လိုက်သည်။

"ဩော်. . သမီး. ."

"ကန်စွန်းရွက် လာခူးပြန်ပြီလား ဦးလေး"

ဒီကလေးမနှင့်တွေ့မှ ကိုယ်လည်း ငယ်ကျိုးငယ်နာ ပြန်ဖော်ခံရသလို ငယ်စဉ်က ကန်စွန်းရွက် ခူးရောင်းရသော ဘဝသို့ ပြန်ရောက်သွားသည်။ ကဲ. . ရှိစေတော့၊ ဒါဟာ ရှက်စရာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး သမီးရဲ့၊ ဒီနားက အသိအိမ်ကို လာတာလေ"

"ဩော်. . နေရာကောင်းရဲ့လား၊ ဦးလေးမျက်နှာမှာ တစ်ခုခုကို စိုးရိမ်နေသလိုပဲ၊ နဖူးမှာလည်း ချွေးတွေသီးနေတယ်"

"ကောင်းပါတယ် သမီးရဲ့ ဦးလေးက ချွေးထွက်သန်တယ်လေ၊ ဒါနဲ့ သမီးက ဦးလေးရဲ့ မိတ်ဆွေတစ်ဦးနဲ့ တူသလိုပဲ သမီးရဲ့မိဘများက ဘယ်သူတွေလဲကွယ်"

စောစောက စိတ်တွေလှုပ်ရှားခဲ့သမျှ ခုကျတော့လည်း အဆင်ကိုချောနေသည်။ ကောင်မလေးကလည်း ဂရုဏာမျက်ဝန်းလေးနှင့် ပြုံးရယ်လိုက်ပြီး. . .

"ဖေဖေက ဦးမောင်မောင်သွင်ပါ၊ မေမေက ဒေါ်မြသီတာ"

ရင်ထဲမှာ တင်းကျပ်နေသော မျှော်လင့်ချက်တွေဟာ ရေတံခွန်ပေါ်မှရေတွေ အရှိန်ဖြင့်ကျသလို ကျလာပြီး လူက အသိစိတ်ပျောက်မတတ် ပျော်သွားသည်။

"သက်. . အဲ. . မြ. . မြသီတာရဲ့ သမီးလား"

"ဟုတ်. . မေမေနဲ့ ဦးလေး သိလို့လား"

"သိ. . သိခဲ့တာပေါ့ကွယ်"

ဦးလေးဟာ သမီးမေမေရဲ့ ငယ်ချစ်ဦးပါလို့ ခုန်ပေါက်အော်ဟစ်ပြီး ပြောလိုက်ချင်ပေမယ့် မျှော်လင့်ချက်တွေဟာ သမ်းခုလတ်မှာ စက်ပျက်သွားသော ဟတ်စကီးလို ရှင်သန်စရာ အကြောင်းမရှိတော့။

ရုတ်ချည်းဆိုသလို ကတ္တရာလမ်းမပေါ် ဘုန်းခနဲ ပစ်ချ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သေပစ်လိုက်ချင်စိတ် ပေါက်သွားသည်။

မြသီတာမှ ဦးမောင်မောင်သွင်ဆိုတဲ့ ဒီကလေးမရဲ့ အဖေ ရှိနေပြီပဲ၊ မျှော်လင့်လို့ ဘယ်ဖြစ်တော့မလဲလေ၊ ငါ့နှယ် ကံဆိုးလိုက်တာ။

"ဟုတ်လား. . ဦးလေးနံမည်က ဘယ်သူလဲဟင်၊ အိမ် ရောက်ရင် မေမေ့ကို ပြန်ပြောပြရအောင်လို့"

"ဦးအောင်စစ်သည်ပါကွယ်"

ဦးအောင်စစ်သည်ဆို၍ မြပုဏ္ဏမာ တွေတွေလေးဖြစ်ပြီး စိတ်ထဲမှ. .

အောင်လံထူနာမည်နဲ့ တစ်ဖွဲ့တည်းလိုပဲဟု တွေးလိုက် သည်။

"ဒါနဲ့ သမီးဖေဖေနဲ့ မေမေရော နေကောင်းကြရဲ့လား"

အနည်းဆုံးတော့ မြသီတာ. . အဲ. . သက်လယ်လေးဆီ ကို ငယ်ချစ်ဦး အောင်စစ်သည်အကြောင်းကို သတင်းရောက် သွားနိုင်သည်မို့ ယဲ့ယဲ့လေးတော့ စိတ်လှုပ်ရှားမိသေးသည်။

မြပုဏ္ဏမာ ဦးအောင်စစ်သည်ကို တအံ့တသြလေးကြည့် ကာ. . .

"ဟင်. . ဖေဖေဆုံးတာ ငါးနှစ်လောက် ရှိပြီလေ၊ ဦးလေး မသိဘူးလား"

မျှော်လင့်ချက်တွေဟာ ဂက်စ်အိုးတစ်အိုး ပေါက်ကွဲသ လို ဟုန်းခနဲ ပြန်ထတောက်လာပြန်သည်။

"ဟင်. . ဆုံး. . ဆုံးသွားပြီလား"

မေးတဲ့အသံကိုက စိတ်မကောင်းဖြစ်သည့် အသံမျိုးမ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်၊ လေယူလေသိမ်းက တက်ကြွနေသယောင် ရှိသည်။

"ဟုတ်ကဲ့ ဆုံးသွားပါပြီ၊ ကင်ဆာရောဂါနဲ့လေ"

"အေး . . စိတ်မကောင်းပါဘူးကွယ်၊ ဦးလေး တစ်ရက် လောက် သမီးအမေဆီ လာတွေ့ပါဦးမယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ဦးလေး . . သမီး ပြောလိုက်ပါ့မယ်"

ရင်ထဲမှာ အပျော်လှိုင်းလေးတွေ တလွင့်လွင့် လူးနေ သည်မို့ စောစောက နေမကောင်းဘူးလားဟု မေးယူရသော မျက်နှာမှာ ချက်ချင်းကို ရွှင်လန်းတက်ကြွ၍ လာသည်။

"ဒါနဲ့ သမီးတို့ အိမ်လိပ်စာလေး ပေးပါဦးကွယ်"

"ဩော် . . ဟုတ်သားပဲ"

ကြိုက်မရှက် ငိုက်မရှက်ဟန်ဖြင့် အိမ်လိပ်စာကို ကမန်း ကတန်း တောင်းထားလိုက်ရသည်။

သက်လယ်လေးရေ မောင်တို့ တဖန်ပြန်ပြီး ဆုံကြရ တော့မှာပါလားကွယ် . . ။

မောင် ပျော်လိုက်တာ . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

ကကား သော့ တရမ်းရမ်းဖြင့် အိမ်ပေါ်တက်လာသော အဖေ့ကိုကြည့်ပြီး. . .

"အဖေ တယ်ရွှင်လာပါလား၊ အိုခေမှာ စိုပြေလာတယ်ထင်တယ်"

"ဒါပေါ့၊ ငါတို့ရဲ့ ဖူးစာကံက ဇာတ်မသိမ်းသေးဘူးကွ ပြန်လည် နိုးထလာပြီး အချစ်ဋီကာတွေ ချဲ့ဦးမှာ"

"ဘယ်သူနဲ့လဲ. . အဲ့ကောင်မလေးနဲ့လား"

ရွဲ့ပြီးမေးလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ငါ့သမီးအရွယ်ကို ချဲ့စရာလား၊ ခုဟာက သက်သယ်လေးကို ငါပြန်တွေ့ရပြီကွ"

ဒီတစ်ခါတော့ အဖေ့စကားကို စိတ်ရင်းအမှန်နှင့် အံ့ဩပေးလိုက်သည်။

"ဟင် . . တကယ်"

"ငါက ညာစရာလားကွ၊ ငါ့စိတ်က ထင်နေတာ ခုတော့ အွက်တိပဲ၊ မှန်တယ်ကွ၊ ငါလေ သိန်းထောင့်ငါးရာထီ ဆယ်ကြိမ်ဆက်တိုက်ပေါက်ရင်တောင် ခုလောက်ပျော်မှာ မဟုတ်ဘူး"

အဖေ တော်တော်လေး ချမ်းမြေ့ပျော်ရွှင်နေပုံများ မျက်နှာပေါ်မှ အရေးအကြောင်းတွေပင် ဖွေးမိုန်ကာ ပြန်ပြီးနုပျိုလန်းဆန်းလာသလို ထင်ရ၏။

"အဲဒီကောင်မလေးက အဖေ့ငယ်ချစ်ဦးကြီးနဲ့ အမျိုးတော်တယ်တဲ့လား"

"အမျိုးတင်မဟုတ်ဘူး၊ သားအမိပါတော်တာ"

"ဟင် အဖေ့ဟာကြီးကလည်း သားအမိ တော်ပါတယ်ဆိုမှ အဖေ့ငယ်ချစ်ဟောင်းကြီးမှာ ကာမပိုင် ယောက်ျားကြီးနဲ့ပေါ့"

"အေးပေါ့ . . ဒါပေမယ့်"

"ဟာ . . ဒုသနသောပဲ၊ ကြီးမှ မမိုက်ချင်စမ်းပါနဲ့ အဖေရာ၊ မေ့မရဘူးဆိုလည်း အဝေးကနေပဲ ဆက်ချစ်လိုက်ပါတော့၊ အချစ်စစ်တို့မည်သည် မဆုံဆည်းနိုင်ပေမယ့်လည်း ရင်ထဲမှာထားပြီး ချစ်နေရုံနဲ့လည်း မွန်မြတ်ပါတယ်"

ဖအေကိုပြန်ပြီး တရားချနေသဖြင့် ဦးအောင်စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပျက်သွား၍ ထအော်တော့သည်။

"ဟော့ကောင် ငါ့စကားကို ဆုံးအောင် နားထောင်ဦးကွ"

ပြောပြချင်လွန်းသော ဦးအောင်စစ်သည် ဆတ်တငံ့ငံ့ဖြစ်နေသည်မို့ အောင်လံထူကို ခပ်ဆတ်ဆတ် အော်လိုက်သည်။

အောင်လံထူ ငြိမ်သွားသည်။

"အဲဒီကလေးမရဲ့ အဖေက သေပြီကွ၊ ငါးနှစ်တောင်ရှိနေပြီ"

သက်လယ်လေးရဲ့ ယောက်ျားဟု မပြောချင်၍ ကလေးမ၏ အဖေဟု သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

"ဒါဆို မုဆိုးမပေါ့"

"ဟုတ်တယ်လင်ရှိမယားဘဝနဲ့ ငါ ဟက်ကော့ကြီး ဖြစ်သွားတာထက်စာရင် မုဆိုးမဘဝနဲ့ ပြန်တွေ့ရတာ ငါ့အတွက်ကောင်းသေးတာပဲ"

"အင်းလေ အဖေစိတ်ကျေနပ်ရင် ပြီးတာပါပဲ"

"ကိုယ့်ချစ်သူနဲ့ ပြန်တွေ့ရတာ စိတ်မကျေနပ်ပဲ ရှိမလားကွ"

"ဒါပေါ့. ."

"ငါ မနက်ဖြန် သက်လယ်လေးကို သွားတွေ့ရမယ်"

"ဟာ အဖေ့ဟာက မမြန်လွန်းဘူးလား၊ ဣန္ဒြေလေးဘာလေး ဆည်ပါဦး"

"ဖြစ်နိုင်ရင် ငါက အဲကောင်မလေးနဲ့ သူ့အိမ်ကို တစ်ခါတည်း လိုက်သွားချင်တာကွ"

"ဩော် ဖြစ်မှဖြစ်ရလေ အဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်"

လေးလေးနက်နက် တွေးမိဟန်ဖြင့် ပြောလာမည့် အဖေ့ထားကို နားစွင့်လိုက်သည်။

မဟုတ်မှလွဲရော အဲဒီမုဆိုးမ ချစ်သူဟောင်းကြီးကို အိမ်ပေါ်ခေါ်တင်လာမလို့များလားဟူ၍ တွေးပြီး လန့်မိသည်။

"ဘာ စဉ်းစားမိပြန်ပြီလဲ အဖေ"

"သက်လယ် သမီးလေးကလည်း ချစ်စရာလေးကွ၊ ငါ သက်မလွှတ်ချင်ဘူး"

အောင်လံထူ မျက်လုံး အဆမတန် ပြူးသွားပြီး လောဘ တက်နေသော ဖခင်ဖြစ်သူကို ခြေဆုံးခေါင်းဆုံး တအံ့တသြ ကြည့်လိုက်ပြီး. . .

"ဒါတော့ အဖေများသွားပြီ"

"ဘာများတာလဲ"

မျက်မှန်ကြီးပင့်ကာ အူကြောင်ကြောင် ပြန်မေးနေသော အဖေ့အမေးကြောင့်

"ရည်းစားဟောင်းကိုရော ရည်းစားဟောင်းရဲ့ သမီးကို ပါ လက်မလွှတ်ချင်ဘူးဆိုတော့ အဖေက အလကားသက်သက် သူတို့သားအမိကို ရန်တိုက်ပေးလိုက်တာပဲ၊ သားအမိအချင်းချင်း ခိုင်ထုပြီး လင်လုရမယ့် အဖြစ်မျိုးတော့ မလုပ်ပါနဲ့ အဖေရာ၊ ရှက်ဖို့ကောင်း ပါတယ်"

ထင်ကြေးဖြင့် ပြောနေသော သားဖြစ်သူကိုကြည့်ပြီး. .

"ဟေ့ကောင် မင်း ငါ့ကို ပြောလို့ပြီးပြီလား"

"အမ်. . ဗျာ. . အဲ. . ပြီး. . ပြီးပြီလေ၊ အဖေ ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ"

"မင်းက ငါ့ကို တကျော့ရှူးကောင်လို့ ထင်နေတာပဲ၊ ငါက အချစ်ပဲ ရှူးတာကွ၊ တကျော့တော့ မရှူးဘူး၊ ခု ငါ လက်မလွှတ်ချင်ဘူးဆိုတာ. . အဲ့ကောင်မလေးကို ငါက ချွေးမအဖြစ် တော်ချင်တာကွ၊ ရုပ်ရည်ရူပကာလေးကလည်း တင့်တယ်တယ်၊ ပညာလေးကလည်း တတ်တယ်၊ နောက်ပြီး လူငယ်ဖြစ်ပေမယ့် ပရဟိတစိတ်ကလည်း ရှိတယ်"

ကိုယ့်အတွက်တင်မဟုတ် သားအတွက်ကိုပါ ဖမ်းချိတ်ပေးနေသော ဖခင်၏လောဘက သေးတော့မသေး။

"ဟာ. . ကျွန်တော် စိတ်မဝင်စားဘူးနော် အဖေ"

"စိတ်ဝင်စားရမယ်ကွ၊ အဲဒီလို မိန်းကလေးမျိုးကို မင်းနဲ့ ငြင်းရက်တယ်"

"မငြင်းလို့ရမလား အဖေရဲ့၊ ကျွန်တော့်မှာ ပရိုပို့စ်လုပ်ထားတဲ့ ကောင်မလေးရှိတယ်လို့ အဖေ့ကို ပြောထားတယ်လေ"

"အေးလေ ဟိုက မင်းကို ငြင်းလိုက်ရင် မင်းသက်လယ်ရဲ့ သမီးလေးကို လက်ခံရမယ်၊ ဒါပဲ ငါပြောချင်တယ်"

တစ်ချက်လွှတ် အမိန့်ပေးပြီး အခန်းထဲဝင်သွားသော အဖေ့ နောက်ကျောကိုကြည့်ပြီး အောင်လံထူ သက်ပြင်းမောကို ချလိုက်သည်။

မလွယ်ပါလား အဖေရယ်၊ အစွဲအလန်းက ကြီးလှချည်လား၊ အစွဲကြီးရင် သရဲကြီး ဖြစ်တတ်တယ် အဖေရ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"မမ ဒီနေ့ သမီး မေမေတို့ရဲ့ မိတ်ဆွေဟောင်းကြီးနဲ့ တွေ့ခဲ့တယ်"

အရောင်းစာရင်းတွေ လုပ်နေသော ဒေါ်မြသီတာ ဘယ်သူလဲဟူသော အကြည့်ဖြင့် မော့ကြည့်သည်။

"ဘယ်သူလဲ သမီး"

"ဦးအောင်စစ်သည်တဲ့. ."

တစ်ခါမှ မကြားဖူးသောနာမည်မို့ ဇဝေဇဝါဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မေမေတို့အသိထဲမှာ အဲဒီနာမည်မျိုး မရှိပါဘူး၊ စစ်သားလား သမီးရဲ့"

"မဟုတ်ဘူး ကန်စွန်းရွက်ခူးရောင်းတာ"

ဒေါ်မြသီတာ၏ ဇင်ယော်တောင် မျက်ခုံးနှစ်ဖက် စုကျုံ့သွားပြီး လက်ထဲမှ ဘောလ်ပင်ကို ဒေါက်ခနဲ လွှတ်ချလိုက်သည်။

"ကြံကြီးစည်ရာ သမီးရယ်၊ ကန်းစွန်းရွက်ခူးရောင်းတဲ့သူက မေမေတို့နဲ့ မိတ်ဆွေဖြစ်စရာလား"

"မေမေနဲ့ မဖြစ်ပေမယ့် ဖေဖေနဲ့တော့ ဖြစ်ခဲ့တာ နေမှာပေါ့"

"အို . . သမီးရယ်၊ ညည်းအဖေက သေတာ ငါးနှစ်ရှိပြီ နောက်ပြီး သူ့ဆီမှာလည်း ဒီလို အောက်ခြေလူတန်းစား အသိမိတ်ဆွေမျိုး မရှိခဲ့ဖူးဘူး၊ မေမေအသိဆုံး"

"အောက်ခြေလူတန်းစားလို့တော့ မပြောပါနဲ့ မေမေရယ်၊ အဲဒီဦးလေးကြီးက လူကသာ ကန်းစွန်းရွက် ခူးရောင်းခဲ့ပေမယ့် ရုပ်ရည်ကတော့ သန့်သန့်ပြန့်ပြန့်ပါ။ ပုံစံကြည့်ရတာ အထည်ကြီးပျက် ဖြစ်မယ့်ပုံပဲ"

မေမေ့တွင် လူတန်းစား ခွဲခြားဆက်ဆံသောစိတ် အနည်းငယ်ရှိသည်မို့ ဦးအောင်စစ်သည်ဘက်မှ ဖာထေးပြောလိုက်သည်။

"သူကတော့ ဖေဖေတို့ မေမေတို့ကို သိတယ်တဲ့၊ သမီးကို သူ့မိတ်ဆွေတွေနဲ့ တူလို့ဆိုပြီး မေးရာကနေ စကားစပ်မိသွားကြတာ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာပဲဖြစ်ဖြစ် ဘယ်လိုလူမျိုးမှန်းမသိပဲနဲ့ သိပ်ပြီး မပတ်သက်ပါနဲ့ကွယ်"

စိုးရိမ်စိတ်ကြီးနေသော မေမေ့အမူအရာကြောင့် ဦးလေးကြီးအိမ် လာလိမ့်မည်ဟု ပြောမနေတော့၊ အကယ်၍ အိမ်လာလို့မှ မေမေနှင့်တွေ့တော့လည်း အသိမိတ်ဆွေဆိုရင် မေမေ လက်ခံစကား ပြောမှာပေါ့ဟု တွေးလိုက်သည်။

"အင်းပါ မေမေရယ်"

"ဒါနဲ့ စနေကျော်ရော အသံမကြားပါလား"

"သူ့ဆရာက သူ့ကို စာတွေကျက်ခိုင်းခဲ့လို့ အခန်းထဲ အောင်းပြီး စာကျက်နေလေရဲ့"

စနေကျော် စာတော်တော် ကြိုးစားလာတာ သိသာ သည်မို့ ဒေါ်မြသီတာ ဒီတစ်ခါကိုက်ခေါ်တာ မှန်သွားပြီဟု ကျေနပ်ရသည်။ အရင်ဆရာတွေတုန်းက အမှတ်တွေက တိုးတက်မလာ၊ ခုဆရာကတော့ လပတ်စာမေးပွဲအမှတ်တွေ တက်လာသည်။

"ဒီသူငယ်လေးက တော်တော့တော်သားပဲ"

"ဟုတ်တယ် မေမေ၊ မေမေ့သား အပိုးကို ကျိုးနေတာပဲ"

"ဒီလိုဖြစ်တာ ကောင်းတာပေါ့ သမီးရယ်၊ ကောင်လေး က မွန်မွန်ရည်ရည်နဲ့ ရိုးသားတဲ့ လက္ခဏာက မျက်နှာမှာ ပေါ် နေတယ်"

"အဟုတ်. . မေမေက အရိပ်အကဲတောင် ဖမ်းပြီးပြီပဲ၊ အရှင်းဆုံးပြောရရင်. . သူက စနေ့ကို စာမသင်ခင် ဟိုးအရင်က တည်းက သမီးနဲ့ တစ်ခါနှစ်ခါ ဆုံခဲ့ဖူးတယ်"

"ဟုတ်လား၊ သူက ဒီအိမ်ကို သမီးအိမ်မှန်း ကြိုသိနေလို့



www.burmeseclassic.com

www.burmeseclassic.com



စာသင်ဖို့ လက်ခံတာလား”

“မဟုတ်ဘူး မေမေ၊ သူရော သမီးရော မသိကြဘူး၊ ရုတ်တရက်တွေ့တော့မှ အံ့ဩသွားကြတာ”

“သူ မသိတာကတော့ ဟုတ်ပါပြီ၊ သမီး မသိတာက ဘာလဲ”

စေ့စပ်စွာ မေးတတ်သော မေမေ့ရှေ့မှာ တော်ရုံစကားများ၍မဖြစ်. .

“သမီးမသိတာက စနေကျော်ကို ဂိုက်သင်ပေးမယ့်ဆရာက သူဆိုတာကို မသိတာ မေမေရဲ့”

ထိုစကားကြောင့် တွေးတွေးဆဆ တွေးကာ ဒေါ်မြသိတာ စိတ်ထဲမှာ ထိုတိုက်ဆိုင်မှုကို ခေါင်းစဉ်တစ်မျိုး ပြောင်းတပ်လိုက်သည်။

ထိုခေါင်းစဉ်သည်. . ဖူးစာ. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ကိုယ့်ကို ကော်ဖီမတိုက်ချင်ဘူးလား"

စနေကျော်ကို စာသင်နေရင်းမှ အခန်းရှေ့က ဖြတ်သွားသော ပုဏ္ဏမာကို အကြောင်းမရှိ အကြောင်းရှာကာ စကားစလိုက်သည်။

စနေကျော်ကို Physics ဖြေနိုင်းထားတုန်း ကိုယ့်ဇာတ်လမ်းလေး စလိုက်ချင်သည်။

"ဒီဆရာ တော်တော်ငတ်ကြီးကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အကုန်တော်နေတဲ့ကောင်ပါ"

မိန်းကလေးတစ်ယောက် ကြွေရလောက်အောင် စကားတွေဖွဲ့နွဲ့ပြီး မပြောတတ်ပေမယ့် ရင်ထဲက နှစ်နှစ်ကာကာ ချစ်မိသွားတာတော့ ကျိန်ဝံ့ပါသည်။

"အကုန်တော်တယ် ဟုတ်လား"

"အချစ်ကို ပြောတာပါ"

"ရှင် ဘာတွေပြောနေတာလဲ၊ စနေ ကြားသွားမယ်လေ"

အခန်းထဲကို ကဲကြည့်ပြီး အသံခပ်အုပ်အုပ်ဖြင့် သတိပေးလိုက်သည်။

"မကြားပါဘူး . . သူ့အာရုံနဲ့သူပါ၊ ကြားသွားတော့ရော ဘာဖြစ်လဲ၊ စနေကိုယ်တိုင်ကိုက ကျွန်တော့်အစ်မ ချစ်သူမရခင် မြန်မြန်ဖွင့်ပြောစရာရှိတာ ဖွင့်ပြောတော့လို့ တိုက်တွန်းနေတာ"

"ဟော့တော် ဒီကောင်လေးကတော့ ကိုယ့်အစ်မကို ဈေးဖျက်နေတယ် ကြည့်စမ်း"

ရှက်ရှက်နှင့် ဘာတွေပြော၍ ပြောမိမှန်းပင် မသိတော့

"ပုဏ္ဏမာက ဘယ်လောက်ဈေးခေါ်ထားလို့လဲ"

"ဘာရှင့် . . ရှင် စော်ကားလှချည်လား၊ လူကို ဘာများမှတ်နေလဲ"

"သိဘူးလေ ပုဏ္ဏမာပဲ ဈေးဖျက်နေတယ်လို့ ပြောပြီးတော့"

"သိက္ခာချနေတယ်လို့ပြောတာ ရှင်ဟာလေ၊ ယောကျ်ားတန်မဲ့နဲ့ အထအနကလည်း ကောက်သေးတယ်"

"မကောက်ပါဘူး ကိုယ်က တောင်းခံနေတာပါ၊ ပုဏ္ဏမာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ အချစ်ကိုလေ ကိုယ့်အဖေကိုတောင် ဖွင့်ပြောပြီးပြီ၊ ချစ်သူကို ပရိုပို့စ် လုပ်ထားတယ်လို့"

"အပိုင်တွက်ထားတယ်ပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး၊ နှလုံးသားက ပြင်းပြင်းပျပျ တောင်းဆိုနေရုံလေးပါ"

အခွင့်အရေးရတုန်း ကြွေလောက်အောင် ပြောနေသောကြောင့် ပုဏ္ဏမာမျက်နှာပေါ်မှာ ရှက်ရိပ်လေးတွေ နီစွေးစွေးလေး ထင်းနေသည်။

"ဘယ်လိုလဲ ကိုယ့်ကိုပြန်ချစ်မယ် မဟုတ်လား"

"တစ်နှစ်စောင့် စဉ်းစားမယ်"

"ဟာကွာ ကိုယ်က ရှေ့နှစ်ဆို ဂျပန်ကို ကျောင်းတက်ဖို့ သွားရမှာ"

ထိုစကားကြောင့် မျက်ဝန်းအိမ်လေး ဖျတ်ခနဲ အရောင်ပြောင်းကာ မော့ကြည့်သည်။

"ရှင်က ဂျပန်မှာ ကျောင်းသွားတက်ရမယ် ဟုတ်လား"

"ဟုတ်တယ် ကိုယ့်အဖေက မြန်မာပြည်က ဘွဲ့လောက်နဲ့ ပညာရေးကို မတင်းတိမ်နဲ့ဆိုပြီး ဟိုမှာ ကျောင်းသွားတက်ဖို့ စီစဉ်တာ"

"ကောင်းတာပေါ့"

"ဒါကြောင့် အချိန်မဆွဲပါနဲ့ကွာ တောင်းဆိုပါတယ်၊ ကိုယ့်အတွက် အချိန်တွေ အရမ်းအရေးကြီးလို့ပါ"

ဒီလိုဆိုတော့ မြပုဏ္ဏမာ ကြိုးရှည်ရှည်နှင့် လှန်ထားဖို့ အစီအစဉ်ကို ပြောင်းရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ စဉ်းစားတာပေါ့၊ ရှင့်ကို လက်ခံသင့်မခံသင့် ကျွန်မကလည်း မေမေနဲ့ တိုင်ပင်ရဦးမယ်"

အမေနှင့် တိုင်ပင်မည်ဆို၍ လန့်သွားသည်။ သဘောမတူပါဘူးဆိုပြီး စာပါမသင်ခိုင်းတော့ရင် မြပုဏ္ဏမာနှင့် တွေ့ဖို့ ခက်ပြီ။

"ဟာ. . အဲ. . အဲလိုတော့ မတိုင်ပင်ပါနဲ့ဦးကွာ၊ ကိုယ့်ကို မလိုလားလို့ စာဆက်သင်ခွင့်မပြုရင် ဘယ်လိုလုပ်မလဲ"

"အမလေး ဒါတော့ စိတ်ချ၊ ရှင့်ကို မေမေက ရိုးသားတယ်ဆိုပြီး သမက်တော်ချင်လို့ သဘောတွေကျနေတာ၊ အယ် ဟောတော်. . ဘာ. . ဘာတွေပြောမိပါလိမ့်"

စကားအရှိန်လွန်ကာ ပြောသင့်မပြောသင့် မချင့်ချိန်မိသော မြပုဏ္ဏမာစကားထဲတွင် အဖြေကပါသွားပြီမို့. . စကားဘရိတ်ကို အုပ်၍ အချိန်မမီတော့။ ပါးစပ်ကို လက်ဝါးဖြင့်အုပ်ပြီး ထွက်ပေါက်ပိတ်သွားသည်။ ထို့ကြောင့် ရှက်ရှက်နှင့်ပင် အောင်လံထူရှေ့မှ ပြေးထွက်၍သွားသည်။

အောင်လံထူမှာသာ အဖြေဘယ်လိုကောက်ရမှန်းမသိ၊ အူလည်လည်ဖြင့် စဉ်းစားနေရင်းမှ ဝမ်းသာအားရ ထခုန်လိုက်ပြီး

"ဟင်. . ယောက္ခမကြီးက သဘောကျတယ်ဆိုမှတော့ မြပုဏ္ဏမာက ငါ့ကိုချစ်နေတယ်ဆိုတဲ့သဘောပေါ့၊ ဟား. . ဝမ်းသာလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"အာ ဖေ ဘုရားပန်းတွေ တပွေ့ကြီးပါလား၊ ဒီလောက် ဈေးကြီးတဲ့ပန်းတွေ ဝယ်လာပုံထောက်ရင် ဒီနေ့ စတော့ရှယ်ယာ ဈေးတွေ တက်တယ်ထင်တယ်"

အဖြူရောင် လီလီပန်းစည်းကြီးကိုကြည့်ပြီး အထူး အဆန်း မေးလိုက်သည်။ ယခင်ကဆိုလျှင် အိမ်ဘုရားစင်မှာ သပြေကလွဲပြီး အဖေဟာ ဘာပန်းမှမလှူ။

"အပေါ်ထပ်က မခင်မွန်အတွက် ဝယ်လာတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီလောက် ဈေးကြီးတဲ့ပန်းကို ဘာဖြစ်လို့ ဝယ်လာပေးရတာလဲ၊ အဖေ့စေတနာတွေကို ဟိုက တစ်မျိုးထင်သွားဦးမယ်နော်"

"ထင်စရာလားကွ၊ အရှင်းဆုံးပြောရရင် ငါလည်း နှမြောတယ်ကွာ"

ပန်းစည်းကိုကြည့်ပြီး အဖေ့ဗိုက်စံ တော်တော်ရင်ခံနေပုံရသည်။

"သူကပေးလိုက် ငါက ပြန်ပေးရနဲ့ ဒီသံသရာကြီးက ဘယ်တော့ပြီးဆုံးမှာလဲ မသိတော့ပါဘူး"

"ဒါဆိုရင် သူပေးတာကို မယူနဲ့ပေါ့ အဖေရ"

"ငါက မယူချင်ဘူး၊ သူက အတင်းပေးတော့လည်း အားနာပြီး ယူရပြန်ရော"

"ဒါဆိုရင် အဖေက ပြန်မပေးနေနဲ့၊ တမင် ပြောင်ပဲနေလိုက်"

"အဲလိုကျတော့ ငါက စီးပိုးရာ ကျသွားမှာပေါ့ကွ၊ မင်းအဖေ အောင်စစ်သည်က သူများဆီက ဘယ်အရာမှ အလကားမလိုချင်ခဲ့တဲ့ကောင်ပါကွ"

"ဒါဆို အဖေတို့ အပြန်အလှန် လက်ဆောင်ပေးနေကြတဲ့ အစီအစဉ်က ဘယ်တော့ပြီးဆုံးမှာတဲ့လဲ"

"ငါလည်း အဲဒါကို စိတ်ပျက်နေတာကွ၊ ဒီပန်းစည်း သွားပေးပြီးရင် သူ ငါ့ကို ဘာပြန်ပေးမလဲဆိုပြီး လန့်နေတာကွ"

နောက်ထပ် ကုန်ကျဦးမည့် ငွေတွေအတွက် ကြိုတင်စိတ်သောက ရောက်နေရသည့်အဖြစ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . အဲဒီပန်းစည်း ကျွန်တော် သွားပေး ပေးမယ်လေ"

"အေး. . ဟုတ်တယ် ပေးပြီးတာနဲ့ ချက်ချင်းပြန်ဆင်းလာခဲ့၊ ဘာပေးပေး ယူမလာနဲ့"

"စိတ်ချ မယူဘူး အဖေ"

လီလီပန်းစည်းကြီးကို ပိုက်ပြီး အပေါ်ထပ်သို့ ခပ်သွက်သွက်ခြေလှမ်းတွေဖြင့် တက်ခဲ့လိုက်သည်။

www.burmeseclassic.com





# အခန်း(၃၆)

"တီတီ ကြီးကြီးကို ဆေးတိုက်ပြီးပြီလား"

ရောက်တုန်းရောက်ခိုက် ကိုယ့်ကြီးတော်ကို ပြုစုရမှာက ပုဏ္ဏမာရဲ့တာဝန်မို့ အလိုက်တသိ မေးလိုက်ခြင်းဖြစ်သည်။

"ဒီမနက် ဆေးမတိုက်ရသေးဘူး သမီးရေ၊ ကြီးကြီးက ခုတလော အစာလေးနဲ့နဲ့ဝင်တာနဲ့ ကြက်စွပ်ပြုတ်လေး လုပ်ပေးနေတာ"

"ဪ. . ဒါဆိုရင် ကြက်စွပ်ပြုတ်ရရင် သမီး ဆေးတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်လေ”

“အေးပါ. . သမီးရယ်၊ ငါ့တူမလည်း မလာတာ တော်တော်လေးကို ကြာသွားပြီ”

“ကျူရှင်တွေ တက်နေရလို့ပါ။ ပြီးတော့ ဆိုင်ကလည်း တစ်ခါတစ်လေ ဝိုင်းထိုင်ပေးရသေးတယ်လေ၊ ဒါကြောင့် လူက ရောက်မလာတာပါ။ စိတ်ကတော့ တီတီကြီးနဲ့ တီတီလေးဆီကို ရောက်ပါတယ်”

မေမေနှင့် တီတီလေး အဆင်မပြေကြပေမယ့် ပုဏ္ဏမာတတော့ ဖေဖေ့ရဲ့အစ်မတွေ ညီမတွေမို့ သံယောဇဉ်ဖြစ်သည်။ ဖေဖေ့ဘက်မှာ အမျိုးဆိုလို့ သူတို့ပဲ ရှိကြတော့တာကိုး။

ဦးနှင့်ဘွားဘွား ထားခဲ့သည့် အမွေတွေထဲမှ ဖေဖေ့ကို စမ်းချောင်းက အိမ်တစ်လုံးပဲ ခွဲပေး၍ မတရားဘူးဟုဆိုကာ မေမေက အခေါ်အပြော အသွားအလာ မလုပ်တော့ခြင်းဖြစ်သည်။ မေမေက မတရားလုပ်တယ်ဟူသော စွပ်စွဲချက်ဖြင့် မဆက်ဆံတော့ပေမယ့် ပုဏ္ဏမာကတော့ ကိုယ့်အဒေါ်တွေအပေါ် နားလည်ပေးသည်။

သူတို့မှာ မိဘတွေ မရှိကြတော့သည့်နောက်ပိုင်း ဘာမှ မလုပ်တတ် မကိုင်တတ်နှင့် အိမ်ငှားခလေးတွေ ဘဏ်တိုးလေးတွေနှင့် ဘဝကို ဆက်နေရသည့်အတွက် လောဘတက်သည်ဟု မထင်ရက်။

ခု ကြီးကြီး ရင်သားကင်ဆာဖြစ်ပြီး ရောဂါ ပျောက်လုလု မှာပင်. . တစ်ခါလေဖြတ်ပြန်၍ ကုန်လိုက်သည့် ဆေးဖိုးဝါးခက နှာမှာကျန်ခဲ့သည့် မရမ်းခြံတစ်ခြံ ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တွေထက်စာလျှင် မေမေက စီးပွားရေး လာဘ်မြင်သည့်အတွက် မေမေ့မှာ ဖေဖေရှာပေးခဲ့သည့် စည်းစိမ်ဖြင့် လုပ်ငန်းတွေထပ်ပြီး တိုးချဲ့နိုင်သည့်အတွက် ပုဏ္ဏမာတို့ သားအမိ သုံးယောက်၏ စားဝတ်နေရေးက မပူပန်ရ ပြည့်စုံသည်။

"ဟော. . သမီးရေ၊ အိမ်ရှေ့တံခါးဘဲလ်သံကြားတယ်၊ သွားဖွင့်ပါဦး"

"ဩော်. . ဟုတ်ကဲ့ တီတီ"

အိပ်ယာထက်တွင် ပိန်လှီဖျော့တော့စွာဖြင့် လှဲနေသော ကြီးကြီးကိုငေးရင်း အတွေးနယ်ချဲ့နေရာမှ တီတီ့ထံမှ တံခါးဖွင့် ခိုင်းသည့်အသံကြောင့် အိမ်ရှေ့ကို ခပ်သွက်သွက်ထွက်ခဲ့ပြီး တံခါးဖွင့်လိုက်သည်။

"ဟင်. . ရှင်"

လီလီပန်းစည်းကြီးပိုက်ပြီး တံခါးဝမှာ ရပ်နေသော အောင်လံထူကို ရုတ်တရက် မြင်လိုက်ရ၍ အံ့ဩ၍မဆုံး. . .

"မြပုဏ္ဏမာပါလား"

"ရှင် ကျွန်မ ဒီမှာရှိမှန်းသိလို့ လိုက်လာတာများလား"

"ဟာ. . မဟုတ်ပါဘူး၊ ကိုယ်က ဒီအောက်ထပ်မှာ နေတာပါ၊ အန်တီခင်မွန့်ကို ဖေဖေက ပန်းစည်းပေးခိုင်းလို့"

"ဩော် တီတီရေ၊ ဒီမှာ ပန်းစည်းလာပေးနေလို့"

မြပုဏ္ဏမာ အိမ်ထဲကိုလှည့်ပြီး အော်ပြောလိုက်သည်။ သိပ်မကြာလိုက်၊ ဒေါ်ခင်မွန် မီးဖိုခန်းထဲမှ ထွက်လာခဲ့သည်။

"ဩော်. . သားဖေဖေ ပေးခိုင်းလိုက်တာလား"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို လှလိုက်တဲ့ ပန်းစည်းကြီး ကြည့်စမ်း၊ ဝယ်တတ်လိုက်တာ၊ ဖေဖေ့ကိုပြောလိုက် ကျေးဇူးတင်ပါတယ်လို့"

"ဟုတ်ကဲ့ခင်ဗျာ ကျွန်တော် ပြောလိုက်ပါ့မယ်၊ ပုဏ္ဏမာနဲ့ အန်တီတို့ အမျိုးတွေလား"

မနေနိုင်၍ ပေါ်တင်ပင် ဖွင့်မေးလိုက်သည်။

"ဟုတ်တယ်လေ သားတို့ချင်းက သိနေကြတာလား"

"စနေကျော်ရဲ့ဆရာလေ တီတီရဲ့၊ တီတီနဲ့ ကျွန်မနဲ့က တူမနဲ့ အဒေါ်တော်တယ်၊ ကျွန်မအဖေရဲ့ ညီမလေ"

တဆက်တည်းမှာပင် ဆွေမျိုးစပ်ပြလိုက်သည်။

"အန်တီနဲ့ မြပုဏ္ဏမာကို ဆွေမျိုးတော်လိမ့်မယ်လို့ ဘယ်သူ့မှ ထင်မထားဘူး၊ အံ့လည်း အံ့သြမိတယ်၊ မပြန်သေးဘူးဆိုရင် အိမ်ကို ဝင်လည်ပါဦးလား၊ ပုဏ္ဏမာ"

"ဒီနေ့တော့ အချိန်မရဘူး၊ နောက်မှ ဝင်လည်မယ်လေ၊ ရှင် ညနေ အိမ်ကို စာလာသင်ဦးမှာပဲဟာ"

"အင်းလေ ဒါဆို ညနေမှ အိမ်မှာတွေ့ကြမယ်၊ အန်တီခင်မွန် ကျွန်တော်သွားတော့မယ်"

ဒေါ်ခင်မွန်ကိုပါ တစ်လက်စတည်း နှုတ်ဆက်ပြီး သူ ဘက် ဆောင်ပြန်မပေးခင်မှာ ခပ်သုတ်သုတ် ဆင်းလာခဲ့လိုက်သည်။ ဩော်. . ဒေါ်ခင်မွန်နဲ့ ကိုယ်နဲ့ ဆွေမျိုးတွေ တော်ကြရဦးမှာပါလား၊ နောက်တစ်ခါ ဒီထက်ပိုပြီး ရိုရိုသေသေ ဆက်ဆံရမည်။

www.burmeseclassic.com





# အခန်း(၃၇)

"အ ဖေရေ အန်တီခင်မွန်က ကျွန်တော် ပရိုပို့စ်လုပ်ထားတဲ့ ကောင်မလေးရဲ့ အဒေါ်ဗျ၊ ခုပဲတွေ့ခဲ့တယ်"

ဝမ်းသာအားရ ပြောလိုက်သောကြောင့် အဖေလည်း အနည်းငယ် အံ့ဩသွားပုံရသည်။

"ဟော. . ဟုတ်လား၊ ခု အဲဒီမှာ ရောက်နေလို့လား"

"ဟုတ်တယ် ဒါကြောင့် အန်တီခင်မွန်ကြီးလည်း အဖေ့ကို လက်ဆောင်ပြန်ပေးဖို့ အာရုံသိပ်မရတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေးပါကွာ၊ ငါကလည်း အဲဒီလက်ဆောင်ကြီး ပါလာမှာကို လန့်နေတာကွ"

လက်ဆောင်ပေး သံသရာထဲမှ ရုန်းထွက်ချင်နေသူမို့ တစ်ဖက်က ဘာမှပြန်မပေးလိုက်သည့်အတွက် စိတ်ထဲမှာ ပေါ့ပါး၍နေသည်။

"အငံဖ ဒီနေ့ အဖေ့ချစ်ချစ်ကြီးအိမ် သွားမလို့ဆို"

"သွားမှာ ညနေ သူ ဆိုင်ပြန်သိမ်းလောက်မယ့်အချိန် သွားမှ တွေ့ဖို့ ပိုကျိန်းသေမှာ"

"ဒါဆို ကား ဘယ်သူယူသွားမှာလဲ၊ ကျွန်တော်ကလည်း စာသွားပြရမှာလေ"

သားအဖနှစ်ယောက် ကားတစ်စီးမို့ ခုလို အပြင်ထွက်ဖို့ဆုံလျှင် ငါယူမယ်၊ ကျွန်တော်ယူမှဖြစ်မယ်နှင့် ကားလုနေကျဖြစ်သည်။

"မင်းက ဒီကားအမြဲသုံးနေတာ တစ်ခါတစ်လေ ငါယူသွားပါရစေဦး၊ ခုဟာက ငါ့ငယ်ရည်းစားနဲ့ သွားတွေ့မှာကွ၊ ငါ့ကို အနုတ်စုတ် ဂုတ်စုတ်လို့ မထင်ရအောင် ကားလေးနဲ့သွားမှ တင့်တယ်တော့မှာပေါ့"

အဖေပြောတာလည်း သဘာဝကျနေတာမို့ အဖေကား ယူသွားဖို့ကို အောင်လံထူ မဖြစ်မနေ သဘောတူရတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

သက်ဆီမသွားခင် အရင်ဆုံး ဝင်ရသည့်နေရာက ဆံပင်ညှပ် ဆိုင်ဖြစ်သည်။ မျက်နှာပေါင်းတင် ခေါင်းချွတ်ပြီး ဆံပင် ဆေးဆိုးသည့်အလုပ်ကို အရင်ဝင်လုပ်ရသည်။

"အန်ကယ် ထုံးစံအတိုင်း ခြောက်လခံဆံပင် ညှပ်မှာပဲ လား"

ဆံပင်ညှပ်ဆိုင်မှ ချာတိတ်ကလေးတွေက ဦးအောင်မင်းစိုးသည်၏အထာကို သိနေ၍ ဆိုင်ထဲဝင်ဝင်ချင်း စီးပြီးမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ ဂျန်းတဲလ်မန်း ဆန်ဆန်လေးညှပ်ပြီး ငါနဲ့လိုက်မယ့် အရောင်မျိုး ဆိုးပေးကွာ၊ ဖြစ်နိုင်ရင် ဒီထက် ဆယ်နှစ်လောက် ပိုငယ်သွားချင်တာ"

လယ်သာဆုံလည်ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်သော စကားကြောင့် ချာတိတ်အုပ်စု တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဒီတစ်ခါ ဒီအဘိုးကြီး ထူးဆန်းနေတယ်ပေါ့"

"ဒါဆိုရင် အဝတ်အစား ဒီဇိုင်းပါ ပြင်ရမယ် ထင်တယ်နော် အန်ကယ်လ်"

"ပါတယ်၊ အားလုံး ပြင်ဆင်လာတယ်"

ဝတ်စုံထည့်လာသော လက်ဆွဲအိတ်ကို မြှောက်ပြလိုက်သည်။

"အိုခေ ဒါဆိုရင် ကျွန်တော်တို့ လက်စွမ်းပြရတာပေါ့။ အသက်နှစ်ဆယ်မဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကို ပြန်ရောက်သွားသလို ခံစားစေရမယ်"

ကြားရသည့် စကားထဲမှာ ဒီစကားက ဦးအောင်စစ်သည် အတွက် အချိုမြိန်ဆုံး စကားဖြစ်သည်။

"မင်္ဂလာရှိလိုက်တဲ့ စကားကွာ၊ ငါကလည်း ဖြစ်နိုင်ရင် အဲဒီအတိတ်ကို ပြန်သွားချင်တာကွ"

ဆံပင်ညှပ်ဆိုင်ကို လာသမျှ အကြိမ်တွေထဲမှာ ဒီလူငယ်တွေနဲ့ စကားပြောရတာ ဒီတစ်ကြိမ် အဆင်အပြေဆုံးပင် ဖြစ်သည်။

"မဟုတ်မှလွဲရော အန်ကယ်ဒီနေ့ ဒိတ်ထားတာ ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

ရှက်ရှက်နှင့်ပင်. . .

"အဟဲ. . ဟုတ်တယ်ကွ၊ အချစ်ဦးနဲ့ သွားပြန်တွေ့မလို့ကွ၊ သူလည်း မုဆိုးမ ငါလည်း မုဆိုးဖို၊ ရင်ခုန်သံတွေကို အတူတူ ပြန်လည်အသက်သွင်းကြမယ်"

"ဝါး လန်းလှချည်လား၊ မိုက်တယ်ဗျာ အားကျချင်လာပြီ"

"ဒီတော့ စိတ်သာချ၊ ကျွန်တော်တို့ လုံးဝ အလန်းလုပ် ပေးလိုက်မယ်"

ဦးအောင်စစ်သည် ရင်တဖိုဖိုနှင့် အပျော်ကြီးပျော်ကာ ချာတိတ်ကလေးတွေ ပြုသမျှကို နှစ်နာရီခန့် အချိန်ပေးပြီး ငြိမ်ခံနေရ၏။ လှချင်တာကိုး၊ ဒါမှ သက်က အရွယ်တင်လိုက်တာဟု ချီးမွမ်းမှာလေ. . ။

"ကဲ. . လုံးဝကို အမိုက်စား ဖြစ်သွားပါပြီဗျာ၊ နေတိုးနဲ့ ပြေတီဦး ငုတ်တုတ်မေ့သွားမယ်"

"အန်ကယ်က ဒီလိုပြင်လိုက်တော့ အောင်လံထူထက် တောင် ပိုပြီးနုပျိုသွားသလိုပဲဗျာ"

"အေးပါ ကျေးဇူးတင်ပါတယ်ကွာ၊ အဟီး ငါတောင် ငါ့ကိုယ်ငါ မမှတ်မိရလောက်အောင် မင်းတို့ လက်စွမ်းပြထား တာပဲ"

မျက်နှာပေါင်းတင်ပြီး ဆံပင်ကို အညိုဖျော့ဖျော့လေးဆိုး ကာ နဂိုဖြူသော အသားအရေနှင့် လဲလှယ်ဝတ်လိုက်သော ပန်း ရုပ်နုံ့သာရောင်နှင့် အောက်မှ သက္ကလပ်ဘောင်းဘီ ခပ်ဖျော့ဖျော့



www.burmeseclassic.com

www.burmeseclassic.com



ကို တွဲဝတ်ကာ ပြောင်လက်နေအောင်သထားသော ရှူးဖိနပ်နှင့် မှန်ရှေ့မှာ ရပ်လိုက်သည်ဆိုရင်ပဲ ဆပ်ပြာမှုန့် ကြော်ငြာသလို သန့်ပြီးတောက်ပြောင်သွားတာပဲဟု ပြောရမလိုပင်။

"ကဲ ဘယ်လောက်ကျလဲ ငါ့တူတို့"

"အဟဲ ငါးသောင်းခွဲပါ အန်ကယ်လ်"

"ဘာ.."

ဦးအောင်စစ်သည် အော်လိုက်သော ဘာဟူသော အသံနက်ကြီးကြောင့် ကောင်လေးသုံးယောက် လန့်ပြီး အနောက်သို့ ခုန်ဆုတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၉)

"တောက်. . ငါးသောင်းခွဲတောင် ကျသတဲ့၊ ငါ့နှယ် တော်တော်ကိုရှုည်တယ်"

ကိုယ့်ဟာကိုယ် ဒေါ်သန်းဆင့်ဆိုင်က ဆံပင်ဆိုးဆေးအညှိုရောင်ဘူးဝယ်၊ ကိုယ့်ဟာကိုယ်ဆိုးလျှင် နှစ်ထောင်လောက်ပဲကျမည်၊ မျက်နှာပေါင်းတင်တာကလည်း အောင်လံထူ လုပ်လုပ်နေသည့် မျက်နှာဖုံးစွပ်ကြီးဝယ်ပြီးလုပ်လျှင် ငါးရာပဲကုန်မည်။ ခုတော့ မနေနိုင် တိုင်တက်ပြီး ရင်ထဲမှာ အောင့်မျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးသောင်းခွဲ ပေးလိုက်ရသည့်အတွက် ကားမောင်းရတာပင် စိတ်ထဲမှာ သိပ်မပေါ့။

ပန်းဆိုင်ရှေ့ရောက်၍ ကားပေါ်မှဆင်းသည့်တိုင်အောင် ဦးအောင်စစ်သည် မျက်နှာမှာ သုန်မှုန်နေသည်။

"တောက် ကျက်သရေမရှိလိုက်တာကွာ"

ဆံပင်ဆိုင်က ကောင်တွေကိုပဲ မျက်စိထဲမြင်မိပြီး စိတ်ထဲကတင်မဟုတ် ပါးစပ်ကပါထွက်ပြီး ကျိန်ဆဲလိုက်သည်။

"ဒီမှာ ရှင် ဘယ်သူ့ကကို ပြောတာလဲ"

"ဗျာ. . "

လက်မောင်းကို ခပ်မိုက်မိုက် လာပုတ်သော အမျိုးသမီးကြီးသည် မြပုဏ္ဏမာ၏အမေ ဒေါ်မြသီတာ ဖြစ်သည်။

"မဗျာနဲ့ ရှင့်ကို ကျွန်မက ဘာလုပ်မိလို့ ကျွန်မကို ကျက်သရေမရှိဘူး ပြောရတာလဲ"

"ကျွတ် အရေးထဲ ပြဿနာဆိုးနဲ့ လာတွေ့နေပြန်ပြီ၊ ကျုပ်က ခင်ဗျားကို ဘာကိစ္စပြောရမှာတုန်း"

"ဒါပေမယ့် ရှင် ကျွန်မကို ကြည့်ပြောတာလေ"

"ဟာ ကြံကြီးစည်ရာဗျာ၊ ကျုပ်ဟာကျုပ် စိတ်ထဲမှာ မကျေနပ်စရာကောင်တွေကို ဒေါသဖြစ်လွန်းလို့ နှုတ်ကပြောလိုက်မိတာ"

ဒေါသကြောင့် နှုတ်မစောင့်စည်းနိုင်မှုကြောင့် ပြဿနာကို မဖြေရှင်းသင့်ပဲ ဖြေရှင်းရသည်။

"ယောကျ်ားကြီးဖြစ်ပြီး ခြောင်လိမ်ခြောင်စား လုပ်နေတယ်၊ ဟွန်း ရုပ်ကိုက သူ့ကိုယ်သူ မာဖီးယားဂိုဏ်းက လူဆိုးမှူး



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလား မသိဘူး၊ ဂျစ်ကန်ကန် မိုက်ကန်းကန်းနဲ့"

ပါးစပ် စည်းမစောင့်သော ဒီမိန်းမနှယ် ခက်တော့နေပြီ ဟု စိတ်ထဲက ဒေါသဖြင့် တွေးလိုက်ပြီး. . .

"ဒီမှာအမိ ခင်ဗျားလို နှုတ်ကြမ်းပြီး ပြောလွယ်ဆိုလွယ်တဲ့ ခပ်ညံ့ညံ့မိန်းမနဲ့ ရန်ဖက်ဖြစ်ရလောက်အောင် ကျုပ်စိတ်တွေက မိန်းမ မဆန်ဘူး ဟုတ်ပြီလား"

"ဘာရှင့်"

ဒေါ်မြသီတာ ဆွေ့ဆွေ့ခုန်သွားသည်။ ပြောချင်ရာ ပြောခဲ့ပြီးပြီမို့ ဦးအောင်စစ်သည် လှည့်ကြည့်မနေတော့ပဲ ပန်းဆိုင်ထဲသို့ ဝင်ခဲ့လိုက်သည်။

သက်လယ်လေးနှင့် ပြန်တွေ့ရမည့်နေ့ကျမှ စိတ်အနှောင့်အယှက်တွေ တန်းစီပြီး ဖြစ်ရတယ်လို့။

နောက်ထပ်ပြဿနာတွေ ထပ်ပေါ်မလာအောင် စိတ်တွေကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလိုက်သည်။

ဘာအနှောက်အယှက်မှ ထပ်ဝင်၍မဖြစ်၊ ဒီနေ့ဟာ ဦးအောင်စစ်သည်၏ ဂယ်တွေ့ တရားဝင် ပြန်တွေ့ရမည့်နေ့ ဘရိတ်ချော်၍ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၀)

“ကိုယ့်ကို အဖြေမပေးသေးဘူးလား၊ ပုဏ္ဏမာ” ချစ်ပါသည်ဟု တွင်တွင်ပြောပြီး ဒူးထောက်ပြီး အချစ်ကို တောင်းခံ၍ ဒီမိန်းကလေး မူနေတာလား မပြောတတ်။

“ရှင်နဲ့ ပုဏ္ဏမာနဲ့တွေ့တာ ဘယ်လောက်ကြာသေးလို့ အဖြေချည်းပဲ ဖွတ်တောင်းနေရတာလဲ”

“အချိန်တွေကို ဘာလို့ အလကားဖြုန်းနေမှာလဲ ပုဏ္ဏမာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ကိုယ် ဂျပန်မှာ ကျောင်းသွားမတက်ခင် ချစ်သူဘဝနဲ့ ပျော်ပျော်ကြီး နေချင်တယ်၊ ကျောင်းတက်ပြီး ပြန်လာရင် လက်ထပ်ကြမယ်၊ အဲဒါ ကိုယ်အဖြစ်ချင်ဆုံး ဆန္ဒပဲ"

"ရှင် ကျွန်မကို တကယ်ချစ်မချစ်ဆိုတာ ကျွန်မ ဘယ်လိုယုံရမှာလဲ"

တကယ်တော့ ပုဏ္ဏမာ ရင်ထဲမှာလည်း အောင်လံထူကို ချစ်နေတာပါပဲ။ ချက်ချင်းကြီး အဖြေပေးလိုက်လျှင် ယောက်ျားတွေက လွယ်လွယ်နှင့်ရသည့် အချစ်ဆိုပြီး တန်ဖိုးမထားတတ်ကြ၍ တမင်ပင် အချိန်ဆွဲထားခြင်းဖြစ်သည်။

"ဒါဆိုရင် ဒီညပဲ ကိုယ် ပုဏ္ဏမာ့မေမေကို ခွင့်တောင်းလိုက်မယ်လေ၊ မနက်ဖြန် တရားရုံးမှာ လက်ထပ်မယ်"

ဒီလိုဆိုတော့လည်း ပုဏ္ဏမာ မျက်ကလူး ဆန်ပြာလေးဖြစ်ကာ ပျာပျာသလဲ ဟန့်တား၏

"အို. . . ရှင်နော် လူကို ဟင်းရွက်ကန်စွန်းရွက်များ မှတ်နေလား"

"ဒါဆိုရင် ခုပဲ ချစ်တယ်လို့ အဖြေပေးလေကွာ၊ ပုဏ္ဏမာဆီက အချစ်ကိုမရမချင်း ကိုယ် နေမထိထိုင်မသာ ဖြစ်နေရတယ်၊ ဘာလုပ်လုပ် စိတ်မပါဘူး၊ ယုတ်စွအဆုံး ညဘက်တွေမှာတောင် ဖြောင့်ဖြောင့်မအိပ်နိုင်ဘူး၊ ကိုယ်အဲလောက်ထိ ပုဏ္ဏမာ့အပေါ်မှာ ရူးသွပ်တာပါကွာ"

အသနားခံ တောင်းဆိုနေသော အချစ်ကိုပေးဖို့ မြပုဏ္ဏမာ မတွန့်တိုပါ၊ သနားတတ်သော ဗီဇခါတ်ခံ ရှိသူမို့ အချိန်ဆွဲမည်ဟူသော အတွေးတွေ မီးခိုးငွေ့လို လွင့်ပြယ်စေပါတော့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်စားဆန်ချင် ဆန်ပါစေတော့။

"ဟွန်း . . ဒီကလည်း ချစ်ပါတယ်နော်"

ရုတ်တရက်ရလိုက်သော အဖြေကြောင့် မရမက တောင်းခံမည့် စကားလုံးတွေ လမ်းခုလပ်မှာတင် ဖရိုဖရဲ ဆန့်တငံ့ငံ့ဖြစ်ကုန်ကာ. . .

"ဟမ်. . ဘယ်. . ဘယ်လို ချစ်တယ်ဟုတ်လား၊ ကိုယ်နားကြားများ လွဲသလား"

ထိုစဉ် စနေကျော် အခန်းထဲ ဝင်လာပြီး. . .

"မမ အိမ်ရှေ့မှာ ဂျန်းတဲလ်မန်းတစ်ယောက် ရောက်နေတယ်"

မျက်လုံးလေးဝင့်ကာ အောင်လံထူကို ပြောတော့မည့် စကားလုံးတွေ နှုတ်ခမ်းထက်မရောက်ခင် စနေကျော်စကားကြောင့် အရှိန်ပျက်သွားသည်။

"ဟင် ဘယ်သူတဲ့လဲ"

"မသိဘူး၊ မေမေ့ဧည့်သည်များလား ပန်းစည်းကြီးနဲ့"

မေမေပြန်မရောက်သေးပဲ ဧည့်သည်ရောက်လာသည်မို့ ဘယ်သူလဲ ပိုသေချာစေရန် မြပုဏ္ဏမာ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့လိုက်သည်။

ကြည်နူးခန်းလေးက တစ်ပိုင်းတစ်စ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇၁)

ပန်းစည်းကိုင်ပြီး အိမ်ပေါက်ဝတွင် ရပ်နေသော ဦးအောင်စစ်သည်ကို မြပုဏ္ဏမာ ရုတ်တရက် မမှတ်မိ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ဦး"

"သမီး ဦးလေးလေ"

"ရှင်.."

ဦးလေးလေ ဆိုရအောင် မြပုဏ္ဏမာမှာ ဦးလေးမှ မရှိတာ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကို မမှတ်မိဘူးလား၊ ကန်စွန်းရွက်အိုင်ထဲ မှောက်လျက်လဲတဲ့ ဦးလေးကြီးလေ"

ဒီတော့မှ ဇဝေဇဝါဖြစ်နေသော မျက်နှာမှာ အဖြေရှာတွေ့သွားသူနှယ်. . .

"ဩော်. . ဦးလေးပဲ သမီးက ဦးလေးကို မမှတ်မိဘူး၊ ဦးလေးက ရှူးအပြည့်နဲ့ကိုး၊ လာ. . လာ. . ဝင်ပါ ဦးလေး"

အိမ်ထဲသို့ ပျာပျာသလဲ ဖိတ်ခေါ်လိုက်သည်။

ဦးအောင်စစ်သည် အိမ်ထဲမှ ဆက်တီခုံတွင် ဝင်ထိုင်ပြီး လက်ထဲမှ ပန်းစည်းကို ကိုယ့်ရှေ့ဆက်တီစားပွဲပေါ် ခပ်သာသာလေး တင်လိုက်သည်။

"သမီး မေမေရော"

"မေမေ ပြန်မလာသေးဘူး ဦးလေး"

"ဩော် ဘယ်အချိန် ပြန်လာတတ်သလဲ"

"ပြန်ရောက်တော့မယ် ထင်ပါတယ်ဦးလေး၊ ခဏစောင့်ပါနော်၊ ဒါနဲ့ဦးလေး အပူသောက်မလား၊ အအေးသောက်မလား"

"ဘာမှမသောက်တော့ပါဘူးကွယ်"

စာကြည့်ခန်းထဲတွင် ရှိနေသော အောင်လံထူ ထိုအသံကြောင့် စာစစ်နေရင်းမှ ခေါင်းထောင်သွားသည်။ စိတ်ထဲမှ. . .

"ဒါ အဖေ့အသံပဲ"

ထိုင်ခုံနောက်ကျောမှ တရုတ်ကပ် လိုက်ကာချပ်ကို ဖွင့်ကြည့်လိုက်သည်။

"ဟင် အဖေပဲ"

"ဆရာ့အဖေ လိုက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



စနေကျော် လှမ်းမေးသည်။

"အင်း. . ဟုတ်တယ် ထင်တယ်"

လက်ထဲမှ မှင်နီဘောလ်ပင်ကိုချပြီး ထသွားသင့် မသွားသင့် ချင့်ချိန်လိုက်သည်။

အဖေသွားတွေ့မည်ဆိုသည့် အဖေ့အဆက်ဟောင်းကြီးအိမ်က ဒီအိမ်ကို ပြောတာများလား၊ ဝတ်စားဆင်ယင်ထားပုံနှင့် ဆံပင်စတိုင်လ်ကအစ လူငယ်တစ်ယောက်လို ပြင်ဆင်လာပုံက ကိုယ့်အဖေပါလို့ မြုန်းခနဲ မြင်လျှင်တောင် မနည်းကြည့်ယူရမည်အထိ ပြင်ဆင်လာသည်။

"ဟော မေမေလာပြီ"

စနေကျော်ပါ တရုပ်ကပ်ကြားမှ ချောင်းကြည့်ပြီး အသံခပ်အုပ်အုပ်ဖြင့် ပြောသည်။

အဖေ့ဆီသွားဖို့ပြင်နေသော အောင်လံထူ မှင်နီဘော်လ်ပင်ကို ကောက်ကိုင်လိုက်သည်။

မသွားတော့ပါဘူး၊ စာသင်ခန်းထဲကပဲ အခြေအနေကို စောင့်ကြည့်လိုက်တော့မည်။

"မေမေ ဒီမှာ ညှော်သည်ရောက်နေတယ်"

ဦးအောင်စစ်သည် ရင်တွေ တဒိတ်ဒိတ်ခုန်လာပြီး သက်လယ် ဘယ်အရွယ်ရောက်နေပြီလဲ၊ ယခင်လို နုပျိုနေဆဲကဲလား ဒါမှမဟုတ် တော်တော်များ အိုစာသွားပြီလား၊ ဟူသော သိချင်စိတ်ကြောင့် အိမ်ပေါက်ဝမှ ဝင်လာသော ခြေသံခပ်ဖွဖွနှင့် ချွေးနံ့ခပ်သင်းသင်း ရောနေသော ရေမွှေးနံ့ကို ရင်သပ်ရှုမောစွာဖြင့် တစ်ရှိုက်မက်မက် ရှူရှိုက်လိုက်သည်။ ပြီးမှ ခပ်ဖြည်းဖြည်းချင်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းငဲ့ကြည့်လိုက်သည်။

"ဟင်. ."

"ဩော်. . ရှင်ပဲ"

"မင်း. . မင်း စောစောက အမျိုးသမီး"

ရင်ခုန်သံတွေသည် မီးဖိုချောင်ထဲ ကြောင်ခုန်ဝင်မွှေသလို ဂလုံဂလွမ်ဖြင့် ဖရိုဖရဲ ဖြစ်ကုန်၏။

"ရှင်က ကျွန်မအိမ်ကို ဘာကိစ္စနဲ့ လာတာတုန်း"

"မေမေ ဒါ သမီးပြောတဲ့ ဦးလေးကြီးလေ၊ ကန်စွန်းရွက်ခူးရောင်းတယ် ဆိုတာလေ"

ဒေါ်မြသီတာ ဒေါသအကြည့်တွေထဲ အထင်သေးရိပ်တွေပါ ရောထွေးဝင်ရောက်ကာ. . .

"ကန်စွန်းရွက်ခူးပြီး ရောင်းစားတဲ့သူက ဒီလိုပုံစံ ဝတ်စားလာတယ်ဆိုတော့ သူများဆီက ငှားဝတ်လာတာပဲ ဖြစ်ရမယ်"

"စကားကို ရမ်းမပြောနဲ့၊ ကျုပ်က ဘာကြောင့် ငှားဝတ်ရမှာလဲ၊ ဟောဟိုအိမ်ရှေ့မှာ ရပ်ထားတဲ့ကားတွေ့လား"

အိမ်ရှေ့လမ်းမပေါ်တွင် ရပ်ထားသော စူပါဆလွန်းကား အဖြူလေးဆီသို့ လက်ညှိုးခပ်ဆောင့်ဆောင် ထိုးပြလိုက်ပြီး ခပ်မာမာပြောလိုက်သည်။

"တွေ့တယ်လေ၊ အဲဒါ ရှင့်ကားမို့လို့ လာမာန်တက်ပြနေတာလား၊ ဒီကားက ဒီလိုအချိန်တိုင်း ကျွန်မအိမ်ရှေ့မှာ ရပ်နေကျ၊ ကျွန်မ သားကို ကျူရှင်လာသင်တဲ့ ဆရာလေးရဲ့ကား ပုံမှားသာမရိုက်နဲ့"

"ဘာ. . ကျူရှင်သင်တဲ့ ဆရာလေးရဲ့ကား ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ အောင်လံထူလား"

"ဟုတ်တယ် ရှင်နဲ့သိလို့လား"

မြပုဏ္ဏမာ အားနာစိတ်ကြောင့် သူ့အမေကို ဘာမှမ ပြောပါနှင့်ဟူသော အကြည့်ဖြင့် ကြည့်သည်။ ဒေါ်မြသီတာ လမ်းမှဖြစ်ခဲ့သည့် သံသယ ရန်ပွဲလေးအတွက် အခဲမကျေနိုင် သေး။

"အဲဒါ ငါ့သားကွ"

"ရှင် အောင်လံထူက ဦးလေးရဲ့သား ဟုတ်လား၊ အင်း ဟုတ်ပါရဲ့၊ ဒီနေ့ ကိုအောင်လံထူလာတာ ကားမပါဘူးပဲ"

ခုမှပင် မြပုဏ္ဏမာ ဆက်စပ်တွေးမိသွားသည်။

အောင်လံထူလည်း အခန်းထဲမှ ထွက်လာသည်။

"အဖေ အဖေ့မိတ်ဆွေ အိမ်လာမယ်ဆိုတာ ဒီအိမ်ကို ပြောတာလား"

"အေး . . ဒီအိမ်မလာခင်တုန်းကတော့ မိတ်ဆွေဟောင်း တွေကို ပြန်တွေ့ဖို့ မျှော်လင့်ချက်နဲ့ပေါ့ကွာ၊ ခုတော့ ငါ လူမှား တာ၊ သူတို့ ငါ့မိတ်ဆွေဟောင်း မဟုတ်ဘူး၊ နာမည်ပဲတူတာ"

သားဖြစ်သူကို စိတ်ပျက်စွာ အကြောင်းစုံ ရှင်းပြနေသော ဦးအောင်စစ်သည်ဟန်မှာ မျှော်လင့်ချက်မဲ့နေပုံ . . .

"သမီး . . ဦးလေး သွားတော့မယ်နော်၊ သမီးမှာ ဒီလို ကြမ်းတမ်းတဲ့ အမေမျိုးရှိတာ ဦးလေးနှမြောတယ်၊ ပေ့ကောင် လာပြန်မယ်"

"ဗျာ . ."

ဒေါသနှင့် အောင်လံထူ့လက်ကို ဆောင့်ဆွဲပြီးခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်လို့"

"ကျွန်တော် စာသင်လို့ မပြီးသေးဘူး အဖေရ"

"မသင်နဲ့တော့ မင်းကို ငါ မုန့်ဖိုး တစ်လ တစ်သိန်းပေးမယ်၊ ဒီလောက် တစ်ပဲခြောက်ပြား ကျူရှင်လခလေးက ဝိုင်းစုခိုင် သိန်းလို မက်လောက်စရာ မရှိပါဘူးကွာ"

"အမလေး ကန်စွန်းရွက် ခူးရောင်းစားတဲ့သူက ဝိုင်းစုခိုင်သိန်းရဲ့ မက်လောက်စရာမရှိဆိုတဲ့စကားကို ပြောထွက်သေး..လား၊ ဟာ..ဟ..ရယ်ချင်လိုက်တာ၊ ကြွ..ကြွ၊ ရန်ကုန်မြို့ပေါ်မှာ ထိပ်တန်းဆရာကိုခေါ်ပြီး တစ်လ နှစ်သိန်းသုံးသိန်း ပေးရင် ပေးရပါစေ၊ ပေးပြီး ခေါ်သင်ခိုင်းမယ်"

"မေမေ ဘာတွေပြောနေတာလဲ၊ တော်ပါတော့ ဆရာ့ကို အားနာစရာ"

"အေး..ဆရာ့ကို အားနာလို့ ဒီလောက်လေးပဲ ပြောတာ သမီးရဲ့"

"ဟော့ကောင် ဘာကြောင်ကြည့်နေတာလဲ၊ ရော့..တားသော့၊ ဟော့ဒီပန်းစည်းကို ပြန်ယူခဲ့၊ ကြည့်မြင်တိုင် ညဈေးရှေ့မှာ ပိုက်ဆံထိုင်တောင်းနေတဲ့ သူတောင်းစားမကြီးကို တွေ့ရင်ပေးလိုက်"

-အောင်လံထူမှာ မျက်လုံးလေး ကလယ်ကလယ်နှင့် မြပုဏ္ဏမာကို လှမ်းကြည့်ပြီး ဦးအောင်စစ်သည် ဆွဲခေါ်ရာ အိမ်အပြင်သို့ ဒရွတ်တိုက်မတတ်ပါသွားသည်။

မြပုဏ္ဏမာ၏ အကြည့်တွေကလည်း ချစ်သူ ပူပူနွေးနွေးလေးကို နားလည်မှုတွေ အပြည့်အဝပေးပြီး နှစ်သိမ့်သေးအ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြင့် ခေါင်းတစ်ချက် ဆတ်ပြရင်း ဖုန်းဆက်မည်ဟု လက်ဟန်ခြေဟန်ဖြင့် ပြ. . . ။

ဘာပဲဖြစ်ဖြစ် လူကြီးတွေ အဆင်မပြေတာနှင့် လူငယ်ချင်းပါ အဆင်မပြေဘူးဆိုတာ စိတ်ဓါတ်သေးသိမ်သူတွေ၏ ခံယူချက်သာဖြစ်သည်။

အဖေတို့ လူမှားပုံက တခြားသူကို မှားပါတော့လား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၂)

"သွား ပါပြီကွာ၊ ငါ့မျှော်လင့်ချက်တွေ မှဲ့ကုန်ပါပြီ၊ ငါ့မှာတော့ ငါ့သက်လယ်လေးကို ပြန်တွေ့ရပြီဆိုပြီး ကြည်နူး လိုက်ရတာ ရင်ခုန်လိုက်ရတာ၊ အကုန်အကျတွေ ခံလိုက်ရတာ ခုတော့ ရေပေါ်အရုပ်ရေးလိုက်သလို. . အဲ. . သဲပေါ် တွံတွေး ထွေးချလိုက်သလို ဘာအရာမှ မထင်တော့ဘူး၊ ထွီ. . "

ဒေါ်သက တော်တော်နှင့် မပြောပါ၊

"မြပုဏ္ဏမာအမေကို အဖေက ဘာသွားလုပ်လိုက်လို့ ခုလို တူးတူးခါးခါး ဖြစ်သွားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တခါမှ မမြင်ဖူးကြသေးပဲ မြင်မြင်ချင်း ခုလို တူးတူးခါးခါး ဖြစ်နေကြပုံကို အောင်လံထူ နားမလည်ဘူးဆိုတာ ဖြစ်သင့်ပါသည်။

"ဒီလိုကွ၊ ငါ ပန်းစည်း ဝင်ဝယ်ဖို့အသွား"

ဖြစ်ပျက်ခဲ့သမျှကို တစ်လုံးမကျန် ရှင်းပြလိုက်သည်။

"ဩော်. . အထင်လွဲသွားတာပဲ ကိစ္စမရှိပါဘူး၊ ကျွန်တော် နောက်နေ့ရှင်းပြလိုက်ပါ့မယ်"

"မလိုပါဘူး"

"လိုတယ်အဖေရဲ့ သူ့ဆီက ဒီနေ့ပဲ အဖြေ ပူပူနွေးနွေးလေး ရထားတာ၊ အဖေ့ကြောင့်တော့ ရတော့ရခဲ့ အချစ်ကို အဆုံးရှုံး မခံနိုင်ဘူး၊ ဒေါ်မြသီတာက စိတ်ကောင်းရှိတဲ့သူပါ၊ သူ အထင်လွဲသွားတာပါ"

စိတ်ကောင်းရှိသည်ဟု ချီးမွမ်းနေသူမို့ ဦးအောင်စစ်သည် မဲ့လိုက်သည်။

"သူတို့က အန်တီခင်မွန်တို့နဲ့ အမျိုးတော်တယ်နော်၊ အဖေ ရမ်းပြီး တင်လို့မရဘူး၊ မကင်းရာ မကင်းကြောင်းတွေမို့လား၊ ဩော် ဟုတ်ပြီ၊ ဟောဒီပန်းစည်းကို အဖေ့သက်လယ်ကိုယ်စား အန်တီခင်မွန့်ကိုပဲ ပေးလိုက်ပါတော့ အဖေရာ၊ သူ့ပုံစံက အဖေ့ကို ကြွေနေပုံပဲနော်"

"ဟာ. . ဟေ့ကောင် တော်တော်၊ ငါ မသေမချင်း သက်လယ်ကိုပဲ တွေ့အောင်ရှာမယ်၊ သက်လယ်ကလွဲပြီး ငါ ဘယ်သူ့ကိုမှ ငါ့နှလုံးသားထဲ အဝင်မခံဘူး"

အချစ်သူရဲကောင်းကြီး တစ်ယောက်လို ကြွေးကြော်နေ



www.burmeseclassic.com

www.burmeseclassic.com



သော အဖေ့ကိုကြည့်ပြီး အောင်လံထူလည်း မည်သို့မျှ မတတ်နိုင်ပါ။

"အဖေရယ်၊ အဖေ့အဆက်ဟောင်းကြီးက လောကကြီးထဲမှာ ရှိမရှိ မသေချာတော့တဲ့ဟာ၊ ဘာကို မျှော်လင့်နေသေးတာလဲ၊ ကိုယ့် အနားကလူကိုပဲ ဆွဲစိထားလိုက်စမ်းပါဗျာ"

"တော်တိတ်. . ငါ့နှလုံးသားတွေ သွေးစိမ်းရှင်ရှင် ထွက်ရင်ထွက်သွားပါစေ၊ ငါ့ချစ်သူကလွဲပြီး ငါ ဘယ်သူ့ကိုမှ ဆွဲမစိဘူး ရှင်းလား"

"ရှင်းတယ် ဒီ့ထက်ပိုသေချာချင်ရင် ဟိုဘက်တိုက်က ဦးဘိုးကြည်ကြီး သေတုန်းက သွားမေးတဲ့ နတ်လေချွန်ကို သွားမေးပါလား၊ ဒါဆို အဖေ့အဆက်ကြီး တမလွန်မှာရှိမရှိ သိရတာပေါ့၊ မရှိဘူးဆိုရင်လည်း အဲဒီ နတ်လေချွန်ဆရာက ကိုယ်စောင့်နတ်တွေနဲ့လည်း နက်ဝပ်ချိတ်ထားတယ်ဆိုလားဘာလား လူပြောတော့ တော်တော်များကြတယ်"

တမင် လှော်ပေးလိုက်ခြင်းသာ ဖြစ်သည်။

"အဲဒါ တကယ်ဖြစ်နိုင်လို့လား"

"သူများတွေတော့ မှန်တယ်ပြောတာပဲ"

"အေး. . ဒါဆိုရင် စမ်းကြည့်ရတာပေါ့ကွာ"

အချစ်စိတ်တွေ မွန်နေ၍ ဖြစ်နိုင်ချေရှိမရှိ စဉ်းစားချင့်ချိန်ခြင်း အလျင်းမရှိတော့၊ ထိုနေရာကိုသွားဖို့ ဆုံးဖြတ်လိုက်သည်။

"အဲဒီ ဆရာမက လှတယ်တဲ့"

"အဲဒါ ငါနဲ့ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သံပြတ်ဖြင့် မေးလိုက်သဖြင့် အောင်လံထူ သွားဖြဲလေးဖြင့် ရယ်ကာ. . .

"ချစ်သူကို ရှာပုံတော် ဖွင့်ရင်းနဲ့ အဲဒီဆရာမကို ခိုက်သွားမှာ စိုးလို့ပါ"

"ဝေးသေးတယ်၊ ငါ့ချစ်သူကလွဲပြီး လောကကြီးထဲက မိန်းမတွေကို မိန်းမလို့ မထင်ဘူး"

"ဒါဆို အဖေ့အမေ ကျွန်တော့အဖွားရော"

"အယ် ဒါကတော့ မိန်းမပေါ့ကွ၊ ငါ့အမေက မိန်းမမို့ မင်းအဖေ ငါ့ကို မွေးတာပေါ့ကွ၊ ခွီးထဲမှပဲ"

"ဒါဆို အမေကရော ကျွန်တော့်အမေလေ"

"ဟာ ဒီကောင် ငါ့ကို ဝွလာတိုက်နေတယ်၊ ထိုးလိုက်လို့ မျက်လုံးနှစ်လုံး လမ်းမပေါ် ခုန်ထွက်သွားမယ်"

လက်သီးတရွယ်ရွယ်နှင့် ဒေါသထွက်နေသော အဖေ့ရှေ့မှ ပန်းစည်းကြီးကိုင်ကာ အိမ်အပြင်သို့ လှစ်ခနဲ ပြေးထွက်ခဲ့လိုက်သည်။

မဖြစ်တော့ဘူး၊ ရောဂါရင့်နေသော အဖေ့ကို အန်တီခင်မွန်နှင့် နီးစပ်အောင် အမြန်လုပ်ပေးမှ ရတော့မည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၄)

"မမကြီး ဒီနေ့ ကြက်စွပ်ပြုတ်လေး သောက်ရတာ အရသာတွေ့လို့လား"

အစ်မကြီး ဖြစ်သူကို စွပ်ပြုတ်ရည် တယုတယ တိုက်နေရင်းမှ ပြုံးရွှင်စွာ မေးလိုက်သည်။

"အင်း. ."

စကားတွေ လုံးနေသည်မို့ ခေါင်းညိတ်ခေါင်းခါလုပ်ပြီး လိုရင်းကိုသာပြောတတ်သော အစ်မ၏ အခြေအနေသည် ဆေးကုသမှု မှန်မှန်ခံယူနေသောကြောင့် သိသိသာသာကြီး တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"အန်တီလေး အိမ်ရှေ့မှာ တံခါးဘဲလ်သံကြားတယ်"

အိမ်ဖော်မလေး သွားဖွင့်မည်အလုပ်. . .

"ဟဲ့. . နေဦး အောက်ကလူလား မသိပါဘူး၊ ငါ့ကို ဘာလာထပ်ပေးပြန်ပြီလဲ မသိဘူး၊ ငါ့နှယ် စိတ်ညစ်လိုက်တာအေ၊ သူပေးတာယူ ကိုယ်ကပြန်ပေးနဲ့ ဒီသံသရာက ပြီးဆုံးပါတော့မလား"

"ဟင့်အင်း မသိဘူးလေ"

အိမ်ဖော်မလေး ခေါင်းခါပြီး ဖြေသည်။

"ဟဲ့. . ငါက အဖြစ်ကိုပြောတာ၊ နင့်ကို ဖြေခိုင်းနေတာ မဟုတ်ဘူး"

"သိဘူးလေ သမီးကိုမေးတယ် မှတ်လို့ပေါ့"

"သွား. . သွားကြည့် ဘယ်သူလဲလို့"

ဒေါ်ခင်မွန် အိမ်မှာ ပြန်ပေးစရာလက်ဆောင် ဘာများရှိသလဲဟု အပြေးအလွှား စဉ်းစားလိုက်သည်။ ခုတလော ဘဏ်က ငွေသွားမထုတ်ရသေးသလို အိမ်လခတွေကလည်း မရသေး၍ အိမ်မှာငွေပြတ်နေရသည့်ကြားထဲ ကိုအောင်စစ်သည် ဘာမှလာ မပေးပါစေနဲ့ဟုပဲ ဆုတောင်းရမှာပင်။

ဖြစ်နိုင်လျှင် သူ့ဆီကလည်း ဘာမှမလိုချင် ကိုယ့်ဆီကလည်း ဘာမှပြန်ပေးဖို့ အင်အားမရှိတော့၊ ဒီသံသရာက လွတ်ချင်ပြီ။

"အန်တီလေး"

"အောက်ကလူကြီး မဟုတ်ဘူး၊ သူ့သား လက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းနဲ့"

"ဟင်. . "

"ငါ. . ငါမရှိဘူး၊ နေမကောင်းလို့ ဆေးခန်းသွားတယ်လို့ ပြောလိုက်၊ ငါ့မှာ လက်ဆောင်ပြန်ပေးစရာ ဘာမှမရှိဘူး"

ဒေါ်ခင်မွန် အသံခပ်အုပ်အုပ်ဖြင့် အိမ်ဖော်မလေးကို သင်ပေးလိုက်သည်။

"ဟုတ်ကဲ့. . "

အိမ်ဖော်မလေး လှစ်ခနဲ ပြန်ထွက်သွားသည်။ ဒေါ်ခင်မွန် သက်မမောတစ်ချက်ကို ဟူးခနဲချပြီးမမကြီး၏ အနည်းငယ် ရွဲ့နေသော ပါးစပ်ထဲသို့ စွပ်ပြုတ်ရည်ကို အလိုက်သင့် တိုက်လိုက်သည်။

သေချာပါပြီ ကိုအောင်စစ်သည် ငါ့ကို ကြိတ်ပြီး သဘောကျနေပြီဆိုတာ. . .

ရင်ထဲမှာ လှပ်ကနဲ အေးသွားသည်။ ဘဝမှာ ရင်ခုန်ဖို့ မေ့နေခဲ့တာ ခု အသက်လေးဆယ်အရွယ် ရောက်သည်အထိပဲ ဆိုပါတော့။

သူ့ဟာ မုဆိုးဖို၊ ကိုယ်က အပျိုကြီး၊ ဆုံဆည်းခွင့်တော့ ရှိရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၄)

"အဖေ ပန်းစည်းကို အပေါ်ထပ်ကို ပေးခဲ့ပြီနော်"

"ဘယ်သူ့ပေးပေး စိတ်မဝင်စားဘူး"

"အန်တီခင်မွန် နေမကောင်းဘူးတဲ့၊ ဆေးခန်းသွားတယ် အဖေ၊ သတင်းလေးတော့ သွားမေးလိုက်ပါ"

"ဟင် ဘာဖြစ်တာတဲ့လဲ"

"မသိဘူး၊ တော်တော်လေး ဖြစ်တယ်လို့တော့ အိမ်ဖော် ကောင်မလေးက ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရှိုးသားပေမယ့် လူမှုရေးကတော့ ရှိသေးသည်မို့ သတင်းလေးဘာလေး သွားမေးရမှာပင်။

"မင်း. . ငါ့အကြောင်းတွေတော့ ဖောက်သည်မချခဲ့လောက်ပါဘူးနော်"

"ဟာ. . ဆေးခန်းသွားပါတယ်ဆိုမှ အဖေ့အကြောင်း ဆေးခန်းထိ ဖောက်သည်လိုက်ချရမှာလား"

"အေး. . ဒါလည်း ဟုတ်တာပဲ"

"အဖေ ကျွန်တော်နဲ့ မြပုဏ္ဏမာကို သဘောတူသေးတယ်မဟုတ်လား"

စိုးရိမ်စိတ်ဖြင့် ဖခင်ဖြစ်သူကို မျက်နှာချိုသွေးပြီး မေးလိုက်သည်။

"အဲ့ကလေးမက သူ့အမေ ဒေါ်အာကျယ်နဲ့ မတူဘူး၊ စိတ်သဘော နူးညံ့တယ်၊ ငါက သဘောမတူပဲ ရှိမလား၊ သူ့အမေရှေ့မှာမို့ တမင် အိုက်တင်ခံခဲ့တာ"

"ဗျိုး. . တော်ပါသေးရဲ့ အဖေရာ၊ ကျွန်တော် တော်တော်လေး စိတ်လေသွားတာ၊ ဒါပေမယ့် ဟိုဘက်ကလည်း ဘယ်လိုသဘောထားမလဲ မသိဘူးနော်"

"ဂရုစိုက်စရာလား၊ သူ့သမီးနဲ့ သဘောမတူဘူးဆိုပြီး အထာကိုင်လာရင် သူ့သမီး အအိုဖြစ်သွားရင် အထာမကိုင်တော့လောက်ပါဘူး"

နားလည်မှု အပြည့်ပေးရှာသော အဖေသည် ဒီနေ့ တော်တော်လေး ကြည့်ကောင်းနေသည်။

"ဝါး. . ဒါပေါ့၊ ဒီအကြံ အကောင်းဆုံးပဲ၊ ဒါဆို ဒီညနိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ချိတ်ပြီး တစ်ခါတည်း သွားခိုးလိုက်ရင် ကောင်းမလား အဖေ”

“အယ်. . ဟကောင် ဒီနေ့ပဲ အဖြေရ၊ ဒီနေ့ပဲ ခိုးလို့ရမလားကွ၊ အချိန်တော့ ယူဦးမှပေါ့”

“အင်းပါ. . ကျွန်တော်က နောက်တာပါ အဖေရာ. . ဟဲ. . ဟဲ”

ခုမှပဲ အောင်လံထူ ရင်အေးရတော့သည်။

ဒီတစ်ကြိမ်တော့ အဖေ့ကို ပိုးစိုးပက်စက် ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၅)

"ညော် ကိုအောင်စစ်သည် လာလေ ဝင်ပါ"
ဒီတစ်ခါတော့ ရှောင်ပုန်းချိန်မရလိုက်. . .
"နေမကောင်းဘူးဆို"
"ညော်. . ဟုတ်တယ် အစားမှားပြီး သွေးတိုးနေလို့လေ"
ညာလက်စနှင့် ဆက်ညာလိုက်ရသည်။
"သွေးတိုးစာတွေ အစားများသွားတယ်ထင်တယ်"
"ဟုတ်တယ် ကိုအောင်စစ်သည် ဒီကြားထဲ မမကြီးက



www.burmeseclassic.com

www.burmeseclassic.com



နာလန်ထစဆိုတော့ အားရှိတာလေးတွေ လုပ်ကျွေးနေတာနဲ့ မီးဖိုချောင်မှာ အချိန်ကုန်တာ များတယ်လေ"

"ခင်မွန့်အစ်မ သက်သာလာပြီပေါ့"

"ဟုတ်ကဲ့ ဟိုအရင်ကဆို အာရုံကြောကြောင့် လေပါ ဖြတ်သွားတော့ စကားသံတွေက မပီဘူးလေ၊ အသိစိတ် ပျောက်သွားသလိုကို ဖြစ်သွားတာ၊ ခုပြတဲ့ ဆရာဝန် တော်တယ်လို့ပဲ ပြောရမလား မသိဘူး၊ မမကြီး ထူထူထောင်ထောင် ဖြစ်လာတယ်"

"ဆွေမျိုးတွေကော လာဝိုင်းကူပြီး မပြုစုကြဘူးလား"

"ဆွေမျိုးတွေက ပွင့်ဖြူမှာလေ၊ ဒီရန်ကုန်မှာက ယောက်မရယ်၊ ခင်မွန်တို့ ညီအစ်မရယ်ပဲ ရှိတာ၊ ဟိုမှာဆိုရင်တော့ ဆွေမျိုးတွေက ဝိုင်းပြီးပြုစုကြမှာပေါ့"

"ခင်မွန်တို့က ပွင့်ဖြူကလား"

"ဟုတ်ကဲ့. ."

"ဒါဆိုရင် မရမ်းခြံတွေပိုင်တဲ့ မြသီတာတို့ကို သိမှာပေါ့"

တစ်နယ်တည်းသားချင်းတွေမို့ ချစ်သူဟောင်းသတင်း ရလိုရငြား စုံစမ်းကြည့်တာပါ။ သိပ်တော့ မမျှော်လင့်ရဲ။

"အို. . မြသီတာက ခင်မွန့်ရဲ့အစ်မလေ အစ်မက ပွင့်ဖြူမှာပဲ အနေများတာ၊ ခင်မွန်ကသာ လေးတန်းနှစ် အစိုးရစစ်ဆိုပြီး အဖေက ရန်ကုန်ကျောင်းပြောင်းထားလို့ ရန်ကုန်မှာပဲ ကြီးခဲ့ရတာ"

ငုတ်လျှိုးနေသော မျှော်လင့်ချက်တွေ မီးရှူးတိုင်တွေလို ဖွာလန်ကြဲပြီး ဟုန်းခနဲ ထတောက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

"ကိုအောင်စစ်သည် ဘာဖြစ်တာလဲ"

"ကျွန်တော် ခင်မွှန်အစ်မကို တွေ့ချင်တယ်"

"ရှင် အစ်မနဲ့ သိလို့လား"

"ကျွန်တော့်ကို အရင်ပေးတွေ့ပါဗျာ"

မျက်နှာမှာ ပြုံတော့မည့်မိုးလို ညှိုမှောင်ကာ မမကြီးကို အလောတကြီး တွေ့ခွင့်တောင်းနေသည်။ ဘာကြောင့် တွေ့ချင်နေတာလဲဆိုတာတော့ ခင်မွှန် စဉ်းစား၍မရ။

"ရပါတယ် ဝင်တွေ့လေ၊ ကိုအောင်စစ်သည်ရဲ့"

"ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

ဒေါ်ခင်မွှန်ခေါ်ရာ အိပ်ခန်းဆီသို့ ဦးအောင်စစ်သည် စိတ်လှုပ်ရှားစွာ လိုက်လာခဲ့လိုက်သည်။

"ဟင်. ."

အခန်းထဲရောက်ပြီ ဆိုသည်နှင့် နှုတ်မှ အာမေဋိတ်သံ ခပ်တိုးတိုး ထွက်သွားသည်။

ခုတင်ထက်တွင် ပိန်လှီဖျော့တော့သော ခန္ဓာကိုယ်ဖြင့် လှဲလျောင်းနေသူမှာ သက်လယ်မှ သက်လယ်အစစ်၊ နုပျိုခြင်းတွေ အလျှင်းမရှိတော့ပေမယ့် သက်လယ်ဆိုတာ ဘယ်လိုမှ မမှားနိုင်။

ခေါင်းမှ ဆံပင်ဖြူဖြူ တိုတိုတွေက ကတုံးဆံပင်ပေါက်အရွယ် ထိုးထိုးထောင်ထောင်နှင့် ငေါထွက်နေသော ပါးရိုးတွေအောက်က ဝေဒနာ လက္ခဏာတွေ ပိန်လှီနေသော လက်ချောင်းတွေက ငယ်ရွယ်စဉ်တုန်းက တယုတယ ဆုပ်ကိုင်ခဲ့တဲ့ လက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတွေလို ဖောင်း ဖောင်းအိအိလေး မဟုတ်တော့။

ယခင်က အနုမ်းတွေ အကြိမ်ကြိမ် ချွေခဲ့သည့် ပါးပြင်နုနုသည် ယခုတော့ မှဲ့နက်တွေ ဟိုတစ်ခု သည်တစ်ခုနှင့် ဇရာကို ပြ၍နေသည်။ မြင်ရတာ ရင်ထဲမှာ မကောင်းလိုက်တာ။

တအံ့တသြ လှမ်းကြည့်နေသော သက်လယ်၏ မျက်ဝန်းတွေသည် ဟိုအတိတ်တစ်ချိန်ကလို တောက်ပခြင်း အလျှင်းမရှိတော့ အင်အားမဲ့စွာဖြင့် မှိန်ဖျော့၍နေသည်။

"မောင်. . မောင်လား"

မောင်ဟူသောခေါ်သံသည် "မ"သံ သိပ်မပီပြင်ပဲ လုံးထွေးသြရှုနေသည်။

"အို. . မမ ဘာတွေပြောနေတာလဲ၊ ဒါ အောက်ထပ်ကကို အောင်စစ်သည်လေ"

"ခေါ်. . ခေါ်ပါစေ မခင်မွန်"

"အို. . မဟုတ်တာ အားနာစရာကြီး"

ဒေါ်ခင်မွန် အစ်မဖြစ်သူ၏ ထူးခြားနေသော အမူအရာကြောင့် ကိုအောင်စစ်သည်အပေါ်မှာ အားနာနေမိတာတော့ အမှန်ပါ။

ဦးအောင်စစ်သည် ခုတင်စောင်းတွင် ဝင်ထိုင်လိုက်ပြီးသူ တစ်သက်လုံး မျှော်လင့်လွမ်းမောလာခဲ့ရသည့် ချစ်သူ၏ အရိုးငေါ်ထွက်နေသောလက်ကို တယုတယ ဆုပ်ကိုင်လိုက်သည်။

"ခေါ်ပါစေ မခင်မွန်ရယ်၊ ကျွန်တော်ဟာ သူ့ရဲ့မောင်ပါပဲ၊ သူဟာလည်း ကျွန်တော် အနှစ်နှစ်အလလ မျှော်လင့်ရှာခွေ



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ချစ်သူပါ"

"ရှင်. ."

ဒေါ်ခင်မွန် အံ့ဩလွန်း၍ ဘာစကားမှပင် မပြောနိုင်တော့၊

"သက်. . မောင်လေ သက်ကို ဒီလိုပုံစံမျိုးနဲ့ ပြန်တွေ့ရလိမ့်မယ်လို့ ထင်မထားဘူး၊ မောင်က သက်ကို ဟိုအဝေးကြီးတွေ လျှောက်ရှာနေတာ တကယ်တော့ သက်လယ်က မောင့်အနီးအနားမှာ ရှိနေတာပဲ၊ မောင် လုံးဝ မသိခဲ့ဘူး၊ ခွင့်လွှတ်ပါကွာ"

ဒေါ်မြသီတာခေါ် သက်လယ်သည် ဆွေးမြေ့စွာပြောနေသော ဦးအောင်စစ်သည်ကို အင်အားမဲ့ပြီး သိမ်ငယ်ရှက်ရွံ့သောအကြည့်ဖြင့် တွေတွေကြီးကြည့်နေ၏။ အရောင်တောက်ပခြင်း အလျှင်းမရှိသော မျက်လုံးအိမ်မှ မျက်ရည်တို့ စိမ့်ထွက်ကျဆင်းလာသည်။

မောင့်ကို ပြန်တွေ့လိုက်ရ၍ စကားတွေ အများကြီး ပြောချင်ပေမယ့် ဒေါ်မြသီတာ စကားကို ကြည်လင်ပီသအောင်မပြောနိုင်တော့။

ကိုယ့်နှုတ်မှထွက်သည့် လုံးထွေးပြီး အဓိပ္ပါယ်မပီသသော လေယူလေသိမ်းတွေဖြင့် ချစ်သူရှေ့မှာ ပြောဖို့မဝံ့ရဲအောင် ရှက်လှပါသည်။ ဆိုးဝါးလိုက်သည့် ကံကြမ္မာရယ်. .

ဒေါ်ခင်မွန် ချစ်သူနှစ်ဦး ဆုံတွေ့ခန်းတွင် သူရှိနေလျှင် အနှောက်အယှက် ဖြစ်မည်စိုး၍ အခန်းထဲမှ အလိုက်တသိ ထွက်သွားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စစ်သည်ဟာ ခင်မွန့်ရဲ့ မတော်လိုက်ရတဲ့ ခဲအိုတဲ့လား။

ဒီလို အခြေအနေမျိုးမှာမှ ချစ်သူနှင့် ပြန်ဆုံခွင့်ရသော မမကြီးကို ဒေါ်ခင်မွန့်ရင်မှာ သနား၍မဆုံးတော့၊ အဖြစ်ဆိုးလိုက်တာ မမကြီးရယ်၊ တစ်သက်လုံး မျှော်လင့်တောင့်တခဲ့ရတဲ့ ချစ်သူက ခုလို ဝေဒနာတွေ ဗလပွ ပိန်လှီရှုံ့တွနေသော အခြေအနေရောက်မှ ဘွားခနဲ ပေါ်လာသတဲ့လား. .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၆)

"ဟျ..အဖေ ချစ်သူကို ပြန်တွေ့ပြီ ဟုတ်လား"

အပေါ်ထပ်မှ ပြန်ဆင်းလာပြီးကတည်းက အဖေမျက်နှာ မကောင်းလာတာ အောင်လံထူ သတိထားမိပေမယ့် ခုလို ချစ်သူနှင့် ပြန်တွေ့လာလိမ့်မည်ဟု မထင်။

တကယ်ဆို အဖေ ပျော်ရွှင်တက်ကြွနေရမှာလေ။

"ဟုတ်တယ်၊ အဲဒီသူက ဘယ်သူလဲဆိုတော့ ခင်မွန့်အိမ်မှာ အိပ်ယာထဲလဲနေတဲ့ လေဖြတ်ဝေဒနာသည် ခင်မွန့်ရဲ့အစ်မပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

ကြားရသည့်သတင်းက တကယ့်ကို စိတ်မကောင်းစရာပါ။ အချစ်တွေနှင့် ဘဝသစ်တစ်ခုကို ဖလန်းဖလန်းထအောင် ပြန်လည်တည်ဆောက်ချင်နေသည့်အဖေ ခုတော့ စိတ်သွားတိုင်းဟိုဘက်က ကိုယ်မပါနိုင်တော့။

အဝေးကြီးတွေကို လျှောက်ရှာနေသော အဖေ့ချစ်သူက ကြမ်းခင်းတစ်ချပ်ပဲခြားသည့် အိမ်အပေါ်ထပ်မှာတဲ့လား။ ကံကြမ္မာက ရက်စက်တာလား၊ အတည်ပေါက်နှင့် နောက်လိုက်တာလား၊ အမြင်ကပ်ပုဒ်မနှင့် အဖေ့ကို ဖွဲ့လိုက်တာလား၊ ဘာပဲဖြစ်ဖြစ် အားလုံးက ကံစီမံရာပဲဆိုတာ အောင်လံထူ ခုတော့ ယုံသွားပါပြီ. .။

အဖေ့မျက်ဝန်းအိမ်မှာ ထူးခြားစွာ မျက်ရည်ဝဲနေပါသည်။ ဘယ်လိုနှစ်သိမ့်ပေးရမလဲ။ အစွဲအလမ်းကြီးသော အဖေသည် ဘဝကို ဂငယ်ကွေ့ ပြန်ကွေ့ချင်ပေမယ့် ဘရိတ်ချော်ပြီး (အုနိုင်အမာ လက်သပ်မွေးမြူလာသော အချစ်တို့သည်) အက်ဆီဒင့် ဖြစ်ခဲ့ရပြီး ဘယ်တော့မှပြန်၍ နလန်ထူနိုင်မည် မထင်။

အဖေက အိပ်ယာထဲ ပက်လက်ဖြစ်နေသော ချစ်သူဟောင်းကြီးကို ဆုံဆည်းခွင့်လေးပဲ ရပါစေဆိုပြီး လက်ထပ်ခွင့်တောင်းခဲ့လျှင်တောင်. . .

ထိုဝေဒနာသည်သည် လွန်ခဲ့သည့်ဆယ်နှစ်ခန့်က သားအိမ်ကင်ဆာဖြစ်ကာ သားအိမ်ထုတ်ခဲ့ရပြီးပြီ၊ ဒါ့အပြင် လွန်ခဲ့သည့် ငါးနှစ်ခန့်က ရင်သားကင်ဆာဖြစ်၍ သားမြတ်နှစ်ခုစလုံးကို လှီးထုတ်ဖယ်ရှားခဲ့ရပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စတွေအားလုံးကို စနေကျော်ထံမှ အမှတ်မထင် သိခဲ့ရပြီမို့ ဘာရယ်မဟုတ် အဖေ့ကို ပြောပြခဲ့ဖူးသည်။ အမိက ကအမိကပါဟု အကြောင်းပြချက်ပေး၍ မရတော့။

မိန်းမတစ်ယောက်အတွက် အဂ္ဂါမစုံမှတော့ ဘဝဟာ အလိုလိုသေပြီးသား ဖြစ်သွားပြီလို့ပဲ ယူဆရမလား။

အဖေ့ ထိုကိစ္စတို့လည်း သိပြီးသားမို့ သူ့အနေနှင့် ဘာမှ မပြောချင်တော့၊ အဖေ့ဖာသာအဖေ ကြိုက်သလိုသာ ဆုံးဖြတ်ပါ စေတော့။

အဖေ့ကို ဖြေသိမ့်ပေးနိုင်ဖို့ ထိရောက်သည့် စကားလုံး တွေ ရှာမရမှတော့ အဖေ့အနားမှ အသာလစ်ထွက်ခဲ့ဖို့ ခြေလှမ်း ပြင်လိုက်သည်။

"သား. ."

အဖေ့အသံသည် တုန်အက်နေသည်။ တစ်ခုခုကို ဆုံး ဖြတ်ချက်ချဖို့ မဝံ့မရဲ တွန့်ဆုတ်နေဟန်လည်း ရှိသည်။

"ဗျာ. . အဖေ"

"အဖေလေ ဘုန်းကြီး ဝတ်လိုက်ရင် ကောင်းမလား၊ ဒါမှ မဟုတ်၊ သက်လယ်နားမှာနေပြီး သူ့ရဲ့ ကျန်ရှိနေသေးတဲ့ အချိန် တွေကို အဖော်ပြုပေးရင်တောင် ကောင်းမလားလို့"

ဒါဟာ အဖေ အကြံဉာဏ်တောင်းခြင်းလည်းဖြစ်သည်။ သနားလိုက်တာအဖေရယ်ဟုပြောပြီး အောင်လံထူ ဟီးချင်းချပြီး သာ ငိုပြလိုက်ချင်ပါသည်။

"သမုဒယတွေ ထပ်မတွယ်ပါနဲ့တော့အဖေရယ်၊ အဖေ အဲ့လိုလုပ်ရင် အဲ့ဒီအနန္တအတွက် တမလွန်ကို ဘာတွေသိုလ်မှ

www.burmeseclassic.com

www.burmeseclassic.com



ပါမသွားဘဲနေမယ် အဖေရ”

အောင်လံထူ ပြောရင်းဖြင့် ငိုချင်လာသည်။

“လောကမှာ လူတွေဟာ အစွဲကြီးရင် သရဲကြီးဖြစ်မယ်တဲ့၊ အစွဲသေးရင် သရဲလေးဖြစ်မယ်တဲ့၊ ဒီသံသရာကလွတ်မြောက်ချင်ရင်တော့. . အဲ့ဒီနှောင်ကြိုးတွေကို စိတ်ခိုင်ခိုင်ထားပြီးဖြတ်ချလိုက်ပါတော့ အဖေရာ၊ အဖေတို့ရဲ့ ဆုံဆည်းခွင့် ကံကြမ္မာ ပါမလာကြဘူးဆိုတာ သဘောပေါက်သင့်ပါပြီ”

အဖေကိုသားက တရားပြန်ပြနေရတာတော့ သိပ်ပြီးအထာမကျ။ ကိုယ်လည်း သိ၍မဟုတ် တစ်ခါတစ်ရံ နာကြားဖူးသော တရားတွေထဲက အဖေနှင့် အဖေ့ချစ်သူအတွက် သင့်တော်သော တရားတစ်ပုဒ်ကို ပမာပြလိုက်ခြင်းပါ။

အဖေ ခေါင်းတညိတ်ညိတ်လုပ်ကာ သံဝေဂရသော သက်မတစ်ချက်ကို ခပ်မှုန်းမှုန်းချလိုက်ပြီး. . .

“အဖေ ဘုန်းကြီးဝတ်တော့မယ်ကွာ. .၊ မင်းလည်း မင်းချစ်သူနဲ့ မြန်မြန်ဆုံဆည်းအောင်ကြိုးစား၊ ဘဝဆက်တိုင်းဆက်တိုင်း အဖေ့လိုဘဝမျိုး မဖြစ်စေနဲ့”

အဖေ ထိုသို့ပြောပြီး တလွင့်လွင့် လွန့်လူးနေသော ခန်းစည်းလိုက်ကာစကို ဖယ်ကာ. . ကောင်းကင်မှာသာနေသော လမင်းကြီးကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေတော့သည်။

မီးခိုးရောင် ကောင်းကင်မှောင်မှောင်မှာ လမင်းကြီး ထိန်ထိန်သာသလို အဖေ့ရင်ထဲမှာလည်း လမင်းကြီးသာစေချင်ပါတယ် အဖေရာ. .။

လမင်းက အေးချမ်းတယ်အဖေ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အဖေ့ရင်ထဲ လမင်းလို ပြန်အေးချမ်းချင်ရင် ကိုယ်ကိုယ်တိုင် အေးချမ်းအောင် ပြန်လုပ်ယူရမှာပါ။

ဒါဆိုရင် အဖေ့ရင်ထဲမှာ လတစ်စင်း သူ့အလိုလို သာလာပါလိမ့်မယ်။

ဘဝမှာ နောက်တစ်ကြိမ် ဂငယ်ကွေ့ ပြန်မကွေ့ဘူးဆိုရင်ပေါ့. . .။

ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR



www.burmeseclassic.com